www.burmeseclassic.com

# နှင်းစက် ကကြိုး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# နေနော်

## နှင်းစက်ကြိုး

ပြည်လုံးကျွတ်ဖြန့်ချိရေး



ဉာဏ်ဝင်းစာပေ
အမှတ် ၂၇၊ သင်္ဂဟလမ်း
ကျောက်မြောင်း
ဖုန်း – ၅၅၃၀၁၈

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၂၅၆၁၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၄၀၀၁၁၀၇

**ထုတ်ဝေခြင်း**

၂၀၀၇၊ ဒီဇင်ဘာလ

ပထမအကြိမ်

**အုပ်ရေ**

၁၀၀၀ အုပ်

**တန်ဖိုး**

သုံးဆယ်ကျပ်တိတိ

**မျက်နှာဖုံးပန်းချီ**

ကောင်းမြတ်

**စီစဉ်သူ**

ဒေါ်ဌေးဌေးမော်

ထုတ်ဝေသူ

ဒေါ်ဌေးဌေးမော်၊ ညာဏ်ဝင်းစာပေတိုက် (၆၉၂)

အမှတ် ၇(က)၊ ဘူဝေဝတီလမ်း

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဒေါ်ခင်နွဲ့ (၀၆၅၆၇)

ငွေမိုးဆောင်းပုံနှိပ်တိုက်

အမှတ် (၈၇)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး

ဈေးကြီးအရှေ့ရပ်ကွက်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**

ဦးမြသိန်း သိန်းမြင့်ဝင်း ပုံနှိပ်တိုက် (၀၁၄၂၇)

အမှတ် (၉၆) ၁၁ လမ်း၊ ရန်ကုန်မြို့။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

( နေသစ်နီ . . . ၊ သို့ )

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်ထဲမှာ
နှင်းစက်တွေ
ကနေကြ . . . ၊
လှတယ် . . . ။

အိပ်ရာကလန့်နိုးမှ
နှင်းစီးကြောင်းတွေအဖြစ်
သူတို့
နှုတ်ဆက်ကြအုံးတော့မယ် . . . ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# (၁)

ဆောင်းဦးပေါက်နေ့လယ်ခင်းရဲ့ အချိန်တွေဟာ ပျင်းငြီးငွေ့ဖွယ် ဖြည်းဖြည်းချင်းရွေ့လျားနေကြတယ်။ အချိန်တွေကုန်နိုင်ခဲလွန်းလို့ နာရီတွေ ပုံမှန်မှ အလုပ်လုပ်ကြရဲ့လားလို့တောင် သံသယဖြစ်လာရပါတယ်။

တချို့လူတွေအတွက် အချိန်ဟာ ရှားပါးကုန်ဖြစ်ပေမယ့်၊ တချို့လူတွေအတွက်တော့ အချိန်ဟာ ပိုလျှံလွန်းလို့ ဘာလုပ်ပစ်ရရင်ကောင်းမလဲ စဉ်းစားရင်းနဲ့ပဲ တမင် အချိန်ကုန်ခံနေရတာမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



ပျင်းတဲ့အခါ မကြာခဏ လာထိုင်လေ့ရှိတဲ့ အင်တာနက်ကဖေးဆိုင်လေးထဲမှာ ကျွန်တော်ဟာ နက်ဂိမ်းတစ်ခုကို စိတ်မပါဘဲ ကစားနေခဲ့တာ အတော်ကြာပါပြီ။

ကျွန်တော်နဲ့မလှမ်းမကမ်းက မျက်ပေါက်ကျဉ်းကျဉ်းနဲ့ကောင်မလေးတစ်ယောက်ကတော့ BLog ဘလော့ဂ်တွေကိုဖတ်ပြီး တခိခိရယ်နေလေရဲ့။ သူရယ်လိုက်တိုင်း ကျွန်တော်ဟာ မောက်စ်ကို ယောင်ယောင်ပြီး ရွှေ့မိလို့၊ ကစားကွက်တွေ ပျက်ပျက်သွားရပါတယ်။

အဲဒီ့ငနဲမကို သွားပြီး ရန်တွေ့လို့လည်း မကောင်းတာမို့ နောက်ဆုံးတော့ ကျွန်တော်ပဲ ငွေရှင်းပြီး ဆိုင်ပြင်ကို ထွက်လာခဲ့ရတယ်။

ကဖေးဆိုင်ရဲ့ ခြံထောင့်မှာဖြစ်သလိုရပ်ထားခဲ့တဲ့ ကားဆီကို လျှောက်လာရင်း၊ ဘယ်သူငယ်ချင်းဆီသွားရင် ကောင်းမလဲလို့ စဉ်းစားလိုက်တော့၊ ဒုက္ခပေးရမယ့် ဘယ်သူငယ်ချင်းကိုမှ စဉ်းစားလို့မရပါဘူး။

ဒီအချိန်ဆို … ဂျွန်ဆီးနားနဲ့ အာဆင်နယ်ကို ဖမ်းလို့မမိနိုင်သလို၊ ဝေဖြိုးအောင်နဲ့ သီဟကလည်း အိမ်ကပ်မှာ မဟုတ်ဘူး။ နောက်ဆုံးတော့ အိမ်ပြန်တာပဲ ကောင်းပါတယ်လို့ တွေးလိုက်တယ်။

ဉာဏ်ဝင်းစာပေ



ကားနားရောက်တော့ တံခါးဂျက်တွေ ချမထားခဲ့မိတာကို တွေ့ရလို့ နမော်နမဲ့နိုင်တဲ့ ကိုယ့်ကိုယ်ကို အဲပြစ်တင်လိုက်မိသေးတယ်။

တံခါးဖွင့်၊ ကားထဲဝင်ထိုင်ပြီး၊ စက်နှိုးဖို့ သော့တံကို ထိုးထည့်လိုက်ချိန်မှာတော့ ကျွန်တော့်တစ်ကိုယ်လုံးဟာ ကျောက်ရုပ်တစ်ရုပ်လို၊ ဆတ်ခနဲတောင့်တင်းသွားပါတယ်။

ကားထဲမှာ ကျွန်တော်အပြင် အခြားတစ်စုံတစ်ယောက်ရှိနေပြီဆိုတာကို ခံစားသိရှိလိုက်လို့ပါ။ အဲဒီ့တစ်စုံတစ်ယောက်ဟာ ကားနောက်ခန်းထဲမှာ တိတ်တဆိတ် ဝင်ရောက်ပုန်းခိုနေတယ်ဆိုတာကို မတူကွဲပြားတဲ့ ကိုယ်နံ့တစ်ခုကြောင့် ကျွန်တော် ချက်ချင်းပဲ ရိပ်မိလိုက်တယ်။

စပိုင်ဝတ္ထုတွေထဲမှာဆိုရင်တော့ ခုလိုဇာတ်ဝင်ခန်းမျိုးဟာ ကားရှေ့ခန်းက ကျွန်တော့်လို ယာဉ်မောင်းသူတွေအတွက် သိပ်ကိုအန္တရာယ်များလှတာပေါ့။ ကားနောက်ခန်းက တစ်စုံတစ်ယောက်ဟာ၊ မည်းနက်အေးစက်တဲ့ သေနတ်ပြောင်းနဲ့ လည်ဂုတ်ကို လှမ်းထောက်လိုက်နိုင်သလို . . . ချွန်မြတဲ့ ဓားသွားထက်ထက်နဲ့လည်း လည်မြိုကို အချိန်မရွေး စိုက်သွင်းလိုက်နိုင်ပါတယ်။

အဲ့ဒီတစ်စုံတစ်ယောက်ဟာ ဘယ်သူလဲ။

ဉာဏ်ဝင်းစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် . . . ကားထဲကို တိတ်တဆိတ်ဝင်ပုန်း နေရတာလဲ။

ကျွန်တော် တကူးတကန့် အချိန်ကုန်ခံ စဉ်းစားနေ စရာမလိုသလို။ နောက်ကို လှည့်ကြည့်နေစရာလည်း မလိုပါဘူး။ ကျွန်တော့်ရဲ့ တွေးထင်ယူဆချက်သာ မမှားဘူးဆိုရင် ခုလိုကိုယ်သင်းနံ့ပိုင်ရှင်ဟာ ကမ္ဘာပေါ်မှာတစ်ယောက်တည်းပဲ ရှိပါတယ်။

ကားစက်နှိုးရင်း နောက်ခန်းကို ကျွန်တော်အသံပြု လိုက်တယ်။

''မင်း . . . ရှေ့ခန်းမှာ လာစီးမလား ပိုနီတေးလ်''

နောက်ဘက်က သက်ပြင်းချသံ တိုးတိုးလေး ကြားလိုက်ရတယ်။ အဲ့ဒီနောက် ''အိုကေ'' ဆိုတဲ့ စကားသံလေးနဲ့အတူ သူမရှေ့ခန်းရောက်လာပါတယ်။

စိတ်ရှုပ်တဲ့အချိန်တွေမှာ လုပ်လေ့လုပ်ထရှိတဲ့ အတိုင်း သူမရဲ့ဆံပင်တွေကို နောက်ဘက်မှာ စုစည်းထားတယ်။ (ဒါကြောင့်လည်း မြင်းမြီး (ပိုနီတေးလ်)လို့ တစ်ခါတစ်ခါ ကျွန်တော်ခေါ်မိတာပေါ့။) လက်ကိုင်ဖုန်းသေးသေးလေးကို စတိုင်တစ်ခုလိုကြိုးနဲ့ လည်ပင်းမှာ ဆွဲထားတယ်။





တီရှပ်အဖြူနဲ့ မိုးပြာရောင် ဂျင်းဘောင်းဘီကြောင့် ဆိုင်ထိုင်ရင်း အဝတ်အစားနဲ့ထထွက်လာခဲ့တာ ဖြစ်မယ်လို့ ယူဆရပါတယ်။

''ပို . . . ဝင်ပုန်းနေတာ ဘယ်လိုသိသလဲ''

''မင်းကိုယ်နံ့ကို နောင်ဘဝရောက်ရင်တောင် မှတ်မိတယ်''

''အလဲ့ . . . သချာလုချည်လား''

''ကိုယ်ကအမြဲသေချာပါတယ်''

သူမရဲ့ မျက်ခုန်းတန်းတန်းလေးတွေ တွန့်ကွေးသွားကြပြီး၊ ကျွန်တော့်ကို ဖျတ်ခနဲမော့ကြည့်တယ်။

''ဘာလဲ . . . ပို့ဘက်ကသာ မသေချာတာလို့ ဆိုလိုချင်တာလား''

''အဲ့ဒါကို မင်းသိပါတယ်''

''ယူ . . . ပို့ကို ဘာဖြစ်လို့ ရှောင်နေတာလဲ''

''အဲ့ဒါကိုလည်း . . . မင်းပိုသိပါတယ် ပိုနီတေးလ်ရယ်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကားဟာ လမ်းမပေါ်မှာ တရိပ်ရိပ်ဗြုံးနေတယ်။ မီးပွိုင့်နှစ်ခုလောက်ကို ကျော်လာပေမယ့်၊ ဘယ်ကို ဦးတည်ရမလဲ ကျွန်တော် စဉ်းစားလို့မရသေးဘူး။ သူမက သက်ပြင်းချရင်း ငြီးငြီးငြူငြူရေရွတ်တယ်။

"ခက်လိုက်တာ နေသစ်နီရယ်"

"လွယ်အောင်လုပ်တဲ့နည်းတွေ မင်းသိသားပဲ"

"ယူက . . . ဘယ်လိုဖြစ်စေချင်လို့လဲ . . . ဟင်"

"အဲ့ဒါ မင်းစဉ်းစားရမယ့်ကိစ္စလေ"

"ယူ . . . ပို့ကို စိတ်ပျက်နေပြီလား"

"အဲ့ဒါ . . . ကိုယ်စဉ်းစားရမယ့်ကိစ္စပါ"

"ကျွတ် . . . စိတ်လေတယ်ကွာ၊ ပို့လည်း ဘာဆက်လုပ်ရမလဲ မစဉ်းစားတတ်တော့ဘူး နေသစ်နီရဲ့"

"ဒါဖြင့် ကိုယ်ပြောမယ်"

"ပြောကြည့်"

"မင်းကိုယ့်ကိုလက်ထပ်မလား၊ အဲ့ဒါဆို အားလုံးပြီးသွားမယ်၊ ကိုယ်တို့နှစ်ယောက်ကြားက စိတ်အနှောင့်အယှက်





ဖြစ်စရာကိစ္စတွေအားလုံး တံတားအောက်က ရေတွေဖြစ်သွားမယ်"

ကျွန်တော် အားတက်သရောပြောလိုက်တော့၊ သူမ ကျွန်တော့်ကို အားကိုးတကြီးပြန်ကြည့်တယ်။

"ဘယ့်နှယ့်လဲ၊ ပိုနီတေးလ်၊ ကိုယ်ပြောတာ မင်း ဘယ်လိုသဘောရသလဲ"

"ယူက အဲ့ဒီအတိုင်း ဖြစ်စေချင်တာလား"

"သေချာတာပေါ့"

"ဟုတ်ပြီလေ။ ဒါဆို ခေါင်းပန်းလှန်မယ်"

"ဘယ်လို"

"ခေါင်းပန်းလှန်မယ်လေ။ ယူပြောတဲ့အတိုင်း လုပ်သင့်သလားဆိုတာကို ခေါင်းပန်းလှန်ပြီး ဆုံးဖြတ်မယ်။ ကားရပ်လိုက်"

ပြောနေစရာတောင်မလိုပါဘူး။ ကျွန်တော်စိတ်တို လွန်းလို့ ဘရိတ်ကို ခဲဆောင့်နင်းလိုက်တော့ တာယာသံ တကျွီကျွီမြည်ပြီး ကားထိုးရပ်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



''ရှစ် တ်''

ကျွန်တော် တိုးတိုးလေးကျိန်ဆဲလိုက်တယ်။ သူ့မကို ရော ကျွန်တော့်ရဲ့ ကံကြမ္မာကိုပါ ကျိန်ဆဲလိုက်မိတာပါ။



( ပထမပိုင်း၊ FIRST HALF )

www.burmeseclassic.com

www.burmeseclassic.com

လရောင်က ပင်လယ်ကို
ဆွဲဆောင် သလိုမျိုး . . .

ငါတို့ရဲ့ ကံကြမ္မာက
ငါတို့ရဲ့ ဘဝတွေကို
ဆွဲဆောင်တယ် . . . ။ ။

www.burmeseclassic.com

www.burmeseclassic.com

နောက်ပြန်ရစ်လို့
မရတော့တဲ့
အဖြစ်အပျက်တွေနဲ့၊
ဖြစ်ပျက်လို့
မရတော့တဲ့
နောက်ကြောင်းရာဇဝင်တွေကို
မေ့ထားလိုက်ကြရအောင် . . . ။ ။

လာ . . .
လက်ကိုနိုင်နိုင်တွဲထား
ရှေ့နားကျရင်
ကားခဏရပ်မယ်။
ဆင်း . . .
စို့ . . . ။ ။

www.burmeseclassic.com

www.burmeseclassic.com

(၁)

အချစ်ဆိုတာ တစ္ဆေသရဲနဲ့တူတယ်လို့ တစ်စုံတစ်ယောက်က ပြောခဲ့ဖူးပါသလား။

ဘယ်သူမှ မပြောသေးဘူးဆိုရင်တော့ ကျွန်တော်ကပဲ ပြောလိုက်ပါရစေ။ **အချစ်ဟာ တစ္ဆေသရဲလိုပဲ နားလည်ဖို့ ခက်ခဲလှပါတယ်။**

ကျွန်တော်တွေ့ဖူးတဲ့ လူအတော်များများကတော့ အချစ်အကြောင်းနဲ့ တစ္ဆေသရဲအကြောင်းဆိုရင် အလွယ်တကူ စိတ်ဝင်စားတတ်ကြတယ်။ စကားလေးများ စပ်မိလို့ကတော့ "တို့လည်း သိပါတယ်" ဆိုတဲ့ပုံစံမျိုးနဲ့ ဝင်ပြောကြတော့တာပဲ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာက . . . ဒီလို . . . "

"တဒ္ဒေသရဲဆိုတာက . . . ဟိုလို . . . "

အစရှိသဖြင့် စကားဦးတည့်ရာ လျှောက်ပြောကြတော့တာပါ။ သူတို့ မစဉ်းစားမိတာ တစ်ခုက . . . အချစ်ဆိုတာရော . . . တဒ္ဒေသရဲကိစ္စဆိုတာတွေပါ ဂမ္ဘီရဆန်လွန်းတဲ့အပြင်၊ လက်ဆုပ်လက်ကိုင် သက်သေပြနိုင်ဖို့ ခက်ခဲလွန်းလှတယ်ဆိုတာပါ။

ကျွန်တော့်အဖေကတော့ "လူတွေအချစ်အကြောင်း ပိုင်ပိုင်နိုင်နိုင် ပြောနိုင်ဖို့ နောက်ထပ်နှစ်ပေါင်းများစွာ စောင့်ကြရအုံးမယ်" လို့ တစ်ခါပြောဖူးတယ်။ အဖေ့ရဲ့ ဒဿနက လက်မခံရင်တောင် ကန့်ကွက်ငြင်းဆန်နိုင်ဖို့အတော် ခက်ခဲပါတယ်။ အဖေက နိုင်ငံကျော်စာပေ ပညာရှင်တစ်ဦးဖြစ်တဲ့အပြင် တစ်ချိန်က လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တဲ့ အချစ်စာရေးဆရာတစ်ဦးလည်း ဖြစ်ခဲ့လို့ပါ။

ကျွန်တော်ကတော့ အချစ်အကြောင်း ထွေလီကာလီ မပြောတတ်သလို အချိန်ကုန်ခံပြီးလည်း စဉ်းစားမနေပါဘူး။ ချစ်စရာရှိရင် ချစ်လိုက်ရုံပဲလို့ ပေါ့ပေါ့ပါးပါး သဘောထားပါတယ်။





ကျွန်တော့်သူငယ်ချင်း (နဘန်းပွဲတွေကြည့်ရင် ဂျွန်ဆီနားကို ခရေဇီဖြစ်လွန်းလို့ ဂျွန်ဆီနားလို့ နာမည်ပြောင် ပေးခဲ့ထားရတဲ့) စိုင်းကောင်းကတော့ . . . 'ချစ်ခြင်းအစ မျက်စေ့က ဆိုတဲ့စကားဟာ ပြတိုက်ထဲရောက်သွားပြီ' လို့တစ်ခါပြောဖူးတယ်။

သူက . . . အခုခေတ်မှာ လူလူချင်းဆက်ဆံရေးဟာ မျက်နှာချင်းဆိုင်တွေ့ဆုံမှ ဖြစ်နိုင်တာမျိုးမဟုတ်တော့ဘူးတဲ့။ ဆက်သွယ်ရေးနည်းစံနစ်တွေ ပြောင်းလဲတိုးတက်လာတဲ့အတွက်၊ တယ်လီဖုန်းထဲက အသံတစ်ခုကြောင့် ရင်ခုန်နိုင်သလို၊ စာအရေးအသားတစ်ခုကို ဖတ်ရရုံနဲ့လည်း အချစ်စိတ်တွေဖြစ်ပေါ်လာနိုင်ပါ . . . သတဲ့။

သူ့ရဲ့အတွေ့အကြုံကနေ အခြေခံတဲ့ အယူအဆလို့ ကျွန်တော်ကတော့ နားလည်ပါတယ်။ ဘာ့ကြောင့်ဆို သူ့ကိုယ်တိုင် ဗီယက်နမ်သူလေးတစ်ယောက်နဲ့ အင်တာနက်ထဲမှာ တွေ့ပြီး ချစ်သူတွေဖြစ်ခဲ့ကြလို့ပါ။ ကောင်မလေးက စင်ကာပူက ပေါ်လီမှာ တက်နေတာဖြစ်ပြီး၊ သူတို့ချင်း မကြာခင် လူချင်းတွေ့ဆုံကြဖို့ ချိန်းဆိုထားပြီးကြပါပြီ။ ရှေ့နှစ်သင်္ကြန် ဘန်ကောက်မှာ ဆုံကြမယ်လို့ ဆိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂျွန်ဆီးနားရဲ့ စကားအရ အချစ်ဟာ အမြင်၊ အကြား အနံ့၊ အရသာ၊ အထိအတွေ့ဆိုတဲ့ အာရုံငါးပါးမှာ တစ်ပါးပါးနဲ့ ငြိတွယ်ပြီး ဖြစ်ပေါ်လာတယ်လို့ သတ်မှတ်ရမှာပါ။ ကျွန်တော်ကတော့ လူချင်းမတွေ့ဘဲ အချစ်စိတ်ဖြစ်ပေါ်နိုင်တယ်ဆိုတဲ့ အချက်အပေါ် နည်းနည်းတော့ သံသယဝင်ခဲ့မိတယ်။

ဒါပေမယ့် အဲ့ဒီသံသယဟာ နောက်ပိုင်းကြေပျက်သွားခဲ့ရပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်ကိုယ်တိုင် အနံ့လေးတစ်ခုရရုံနဲ့ အချစ်စိတ်ဖြစ်ပေါ်လာခဲ့လို့ပါ။ အဲ့ဒီအကြောင်းပြောဖို့အတွက် ကျွန်တော့်ရဲ့ ငယ်ဘဝကို အရင်ဆုံး ရှင်းပြဖို့ လိုပါလိမ့်မယ်။

ငယ်ငယ်က ကျွန်တော့်ကို နော်စေးဖောဆိုတဲ့ တိုင်းရင်းသူကလေးထိန်းနာနီတစ်ယောက်က ထိန်းပါတယ်။ အခုပြန်စဉ်းစားကြည့်တော့ မမနော်စေးဖောရဲ့ မျက်နှာကို ကျွန်တော် မမှတ်မိတော့ပါဘူး။ တိုင်းရင်းသူပီပီ ဖြူဖြူ ချောချော ရိုးရိုးအေးအေးကြီးပဲ ထင်ပါရဲ့။

သူက ကျွန်တော့်ကို ထိန်းတယ်ဆိုပေမယ့် တစ်နေကုန် ထိန်းရတာမျိုးတော့ မဟုတ်ပါဘူး။ မနက်ပိုင်းဆိုရင်





အိမ်အလုပ်တွေကူလုပ်ပေးရပြီး၊ ညနေပိုင်း အမေ့ရယ်၊ အစ်မရယ်၊ ကျွန်တော်ရယ် လမ်းလျှောက်ထွက်ချိန်ကျမှသာ ကျွန်တော့်ကို ချိုပိုးပြီး ထိန်းရတာပါ။

အဲ့ဒီလို ထိန်းရမယ့် အချိန်ရောက်ရင် အမေက သူ့ကို ရေချိုးခေါင်းလျှော်၊ မီးပူကျအဝတ်အစားအသစ်တွေ လဲခိုင်းပြီးမှ ချီခိုင်းထိန်းခိုင်းပါတယ်။ တစ်နေကုန် အိမ်အလုပ်တွေကူလုပ်ထားရလို့ ပင်ပန်းဝေဘတွေကို လန်းဆန်းစေချင်တာအပြင်၊ သန့်ရှင်းစေချင်တဲ့ သဘောလည်း ပါပါလိမ့်မယ်။

ဘာပဲဖြစ်ဖြစ်... အဲ့ဒီလို အမေ စည်းကမ်းသတ်မှတ်ထားတဲ့အတွက်၊ ညနေတိုင်း ကျွန်တော်ဟာ မမနော်စေးဖောဆီကနေ ဆပ်ပြာမွှေးနံ့၊ ခေါင်းလျှော်ရည်နံ့နဲ့ မီးပူကျအဝတ်အစားတို့ရဲ့ အနံ့ကို ရှူရှိုက်ရလေ့ရှိတယ်။ အဲ့ဒီသုံးမျိုးအချိုးတကျရောစပ်ထားတဲ့ ခပ်သင်းသင်းမွှေးမြတဲ့ ရနံ့ဟာ ကျွန်တော့်ကို အတော်ဆွဲဆောင်နိုင်ခဲ့ပါတယ်။

ကျွန်တော်ကျောင်းစနေတော့ မမနော်စေးဖော မရှိတော့ပါဘူး။ နယ်ကိုအပြီးပြန်သွားခဲ့ပြီ။ ဒါပေမယ့် ကျွန်တော်ကတော့ ရေချိုးခေါင်းလျှော်ပြီးခါစ မိန်းမတစ်ယောက်ရဲ့ ရှင်းသန့်တဲ့ကိုယ်နံ့ကို နှစ်ပေါင်းများစွာ မသိစိတ်ထဲမှာ စွဲလမ်းသွားခဲ့တယ်နဲ့ တူပါတယ်။ အဲ့ဒီလို စွဲလမ်းနေခဲ့ကြောင်း တိမ်



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့နေ့တစ်နေ့မှာ မမျှော်လင့်ဘဲ သိခွင့်ရခဲ့တာပါ။ အဲဒီနေ့က . . . . . . ။

◆

"ကွန်ပျူတာ ခဏသုံးလို့ ရမလား"

စမ်းချောင်းဘက်က ကွန်ပျူတာဆိုင်လေးတစ်ဆိုင်ရှေ့မှာ ကားရပ်ပြီး ကျွန်တော်ဝင်မေးတော့ မိတ္တူကူးစက်နောက်မှာရပ်နေတဲ့ ဆယ့်သုံးနှစ်အရွယ်ကောင်မလေးက ခပ်ကြောင်ကြောင်ပြန်ကြည့်တယ်။ ( p-2 GAME )လို့ ရေးထားတဲ့ စာတန်းကို တွေ့မြင်နေရတာမို့ . . .

"ဂိမ်းဆော့သလိုမျိုးလေ။ ကွန်ပျူတာ ခဏသုံးချင်လို့"

"ဦးက . . . ဂိမ်းဆော့မှာလား"

"မဟုတ်ဘူး ပါဝါပွိုင့်တစ်ခုလုပ်စရာရှိလို့။ ဒါပေမယ့် ဂိမ်းဆော့သလိုပဲ ပိုက်ဆံယူပေါ့"

ဒီတော့မှ ကောင်မလေးက ခေါင်းညိတ်တယ်။ ဆိုင်ထဲမှာ မိတ္တူစက်တစ်လုံး ကွန်ပျူတာ လေးငါးလုံးနဲ့ ကောင်မလေးတစ်ယောက်ပဲရှိတယ်။ ဆိုင်နောက်ဘက် လူနေခန်းဖြစ်





ပုံရတဲ့နေရာကို လိုက်ကာနဲ့ ကာရံပိုင်းခြားထားတာမို့ အတွင်းဖက်မှာ ဆိုင်ရှင်လူကြီးတွေ ရှိမယ်လို့ မျှော်လင့်ရပါတယ်။

ပါဝါပွိုင့်တင်ထားတဲ့စက်တစ်လုံးရဲ့ ရှေ့မှာ ကျွန်တော်ဝင်ထိုင်လိုက်တယ်။ တကယ်တော့ ဒီအလုပ်ကို အိမ်မှာကတည်းက အပြီးလုပ်လာခဲ့ရမှာဖြစ်ပေမယ့် ဒီနေ့ပေးစရာမလိုသေးဘူးထင်လို့ မလုပ်ဖြစ်ခဲ့တာပါ။

ဒါပေမယ့် . . . ကျွန်တော့်ရဲ့ချစ်လှစွာသော ဘိုးတော်က . . . "ဒီနေ့ လမ်းကြုံဝင်ပေးလိုက်ကွာ" လို့ ဖုန်းဆက်လာတဲ့အတွက် နီးရာကွန်ပျူတာဆိုင်ရှေ့မှာ ကားထိုးရပ်လိုက်ရတာပါ။

ဆယ်မိနစ်လောက်ကြာတဲ့အချိန်မှာတော့ ကျွန်တော့်အလုပ်ဟာ ပြီးလုနီးပါးဖြစ်သွားပါပြီ။ အဲ့ဒီအချိန်မှာပဲ ထူးခြားတဲ့ ရနံ့တစ်ခုကို ကျွန်တော် သတိပြုလိုက်မိတယ်။

ခပ်သင်းသင်းမွှေးမြတဲ့ အဲ့ဒီရနံ့ကို ဘာနံ့ဘာလိမ့်လို့ စဉ်းစားရင်း မျှင်းပြီးရှူရှိုက်နေဆဲမှာပဲ၊ ကျွန်တော့်ရဲ့သွေးလည်ပတ်မှုတွေ မြန်ဆန်လာသလို၊ ကျွန်တော့်ရဲ့ အာခေါင်တွေလည်း ခြောက်ကပ်လာကြတယ်။

သေချာပါတယ်။ ဒါဟာ ဆပ်ပြာမွှေးနံ့၊ ခေါင်းလျှော်



www.burmeseclassic.com

www.burmeseclassic.com



ရည်နံ့နဲ့ မီးပူကျအဝတ်အစားနံ့တို့ ရောစပ်နေတဲ့ ကိုယ်သင်းနံ့တစ်ခုပါ။

ငယ်ငယ်ကတည်းက မသိစိတ်မှာ စွဲလမ်းလာခဲ့ရတဲ့ အဲ့ဒီရနံ့ကြောင့် ကျွန်တော်ရင်တွေခုန်ပြီး ကတုန်ကယင်ဖြစ်လာတယ်။ ကွန်ပျူတာခလုတ်တွေကို ဆက်မနှိပ်နိုင်ဘဲ မွှေးမြတဲ့ ရနံ့ထွက်ပေါ်လာရာအရပ်ကို စူးစမ်းလိုက်တော့ ကျွန်တော့်နောက်ဘက်တည့်တည့်လောက်က ဖြစ်နေပါရောလား။

ချာခနဲလှည့်ကြည့်ချင်ပေမယ့် မကောင်းဘူး မဟုတ်လား။ ဒါကြောင့် ဖြည်းဖြည်းချင်း လှည့်ကြည့်ဖို့ စိတ်ကူးနေတုန်းမှာပဲ "ဘာဖြစ်လို့ ရပ်သွားတာလဲ။ ကီးဘုတ်ကြောင်သွားလို့လား"

တိုးညှင်းအက်ရှတဲ့ အဲ့ဒီစကားသံလေးဟာ ကျွန်တော့်ကို ရည်ရွယ်ပြီး မေးလာတာပါ။ ဒါကြောင့် ကျွန်တော် နောက်ဘက်လှည့်ကြည့်ဖို့ အရမ်းကို အဆင်ပြေသွားပါတယ်။

နှစ်ဆယ်ကို နှစ်အနည်းငယ်ပဲ စွန်းပုံရတဲ့၊ ဖြူဖြူသွယ်သွယ် မျက်လုံးတောက်တောက်နဲ့ မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရတယ်။ သူမဟာ ခေါင်းလျှော်ပြီးစ စိုထိုင်းထိုင်း ဆံပင်တွေကို မြင်းတစ်ကောင်ရဲ့အမြီးလို နောက်ဖက်မှာ စု





ချည်ထားပြီး၊ ဒူးခေါင်းဖုံးဘောင်းဘီပွပွနဲ့ ကာတွန်းရုပ်တွေပါတဲ့ တီရှပ်တစ်ထည်ကို ဝတ်ဆင်ထားတယ်။

ဘယ်လက်ကောက်ဝတ်မှာ ရွှေဟန်းချိန်းလေးတစ်ခု ကလွဲရင် ဘာလက်ဝတ်ရတနာမှ ဝတ်မထားသလို ဘာမှလည်း လိမ်းခြယ်မထားဘူး။ ဆံပင်တွေ နောက်လှန်စုစည်းထားလို့ ရှင်းပြောင်နေတဲ့ မျက်နှာနုနုပေါ်က မျက်လုံးတောက်တောက်တစ်စုံနဲ့ နှာတံစင်းစင်းလေးက ဆွဲဆောင်မှုရှိလှပြီး၊ အဲ့ဒီနှာတံကြောင့် ရုတ်တရက်ကြည့်ရင် မြန်မာမဆန်ဘူးလို့ ထင်ရတယ်။

ခြုံပြီးပြောရရင် သူမဟာ ကြည့်ကောင်းလှတာ မှန်ပေမယ့်၊ လမ်းပေါ်မှာသာ မျက်နှာချင်းဆိုင်တွေ့ရင် ကျွန်တော် ဒီလောက် စိတ်ဝင်စားမိမှာမဟုတ်ဘူး။ ခုတော့ . . . နှစ်ပေါင်းများစွာ အိပ်မောကျနေခဲ့တဲ့၊ မသိစိတ်ထဲက စွဲလမ်းမှုကို သူမရဲ့ကိုယ်သင်းနံ့တွေက လှုပ်ခတ်နိုးထစေခဲ့တာမို့ ကျွန်တော်ဟာ အိပ်မွေ့ချခံရသူတစ်ယောက်လို ဝေဝေမှုးမှုးကြီးဖြစ်နေတဲ့အပြင်၊ သူမရဲ့ဆွဲဆောင်မှုတွေကိုလည်း တစ်ခုမှ မတွန်းလှန်နိုင်ခဲ့ဘူး။

"ရှင် . . . အဲ့ဒါကို စီဒီခုတ်သွားမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ အကြည့်တွေကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားသလိုမျိုး၊ သူမက မျက်နှာကို ခပ်လွှဲလွှဲလုပ်ရင်း လှမ်းမေးတယ်။ အဲ့ဒါဆိုတာ ကျွန်တော့်ရဲ့လုပ်လက်စ ပါဝါပွိုင့်အလုပ်ကို ရည်ရွယ်လိုက်တာပါ။ သူမဟာ ခုမှ ရေချိုးပြီးအတွင်းခန်းထဲက ထွက်လာတဲ့ ဆိုင်ရှင်ဖြစ်မယ်ဆိုတဲ့ ကျွန်တော့်ရဲ့ အထင်မှန်ကန်သွားပါတယ်။

''အင်း… စီဒီခုတ်သွားရမှာပေါ့။ ထားခဲ့လို့မှ မရတာ''

''ဒါဖြင့် … စီဒီယူမှာလား''

''အသေအချာပေါ့။ ဖြစ်နိုင်ရင် တစ်ချပ်လောက် ကျေးဇူးပြုပါ''

ကောင်တာသဖွယ်လုပ်ထားတဲ့ ရှိုကေ့ဆီသွားပြီး သူမ စီဒီတစ်ချပ်ယူတယ်။ ကျွန်တော်က သူမရဲ့လှုပ်ရှားမှုတွေကိုသာ လိုက်ငေးနေမိတယ်။ ဒါကို ရိပ်မိဟန်တူတဲ့ ငနဲမက ဖျတ်ခနဲလှည့်ကြည့်လို့ ကျွန်တော့်မှာ ခိုးထုပ်ခိုးထည်နဲ့ အမိခံလိုက်ရပါသေးတယ်။

မြတ်စွာဘုရား… ငနဲမရဲ့ မျက်လုံးတွေက တောက်ပလွန်းလှပါလား။





ကျွန်တော်ရင်တွေ တဒိန်းဒိန်းခုန်ပြီး ကွန်ပျူတာဘက် အမြန်ပြန်လှည့်လိုက်ရတယ်။ သူမရဲ့ အဆင်းသဏ္ဌာန်ကို ကျောခိုင်းလိုက်ပေမယ့်၊ သူမရဲ့ ကိုယ်သင်းနံ့ကတော့ ကျွန်တော့်ကို ဒုက္ခပေးနေတုန်းပဲ။ အဲ့ဒီအချိန်ဆိုင်အကူကောင်မလေးက ''မပို''လို့ လှမ်းခေါ်တာကြားလိုက်လို့၊ စမ်းချောင်းက မပိုလမ်းဆိုတာ သူမပိုင်တဲ့လမ်းများလားလို့ ကျွန်တော်တွေးလိုက်မိပါသေးတယ်။

တအောင့်ကြာတော့ ငနဲမက စီဒီတစ်ချပ်ကို ကျွန်တော့်ဘေးနားလာချတယ်။ တစ်ပေသာသာ အကွာအဝေးအထိ ချဉ်းကပ်လာတာမို့၊ သူမရဲ့ကိုယ်သင်းနံ့က ကျွန်တော့်ကို လွှမ်းလွှမ်းကျူးကျူးပြုစားပါတော့တယ်။ အဲ့ဒီကိုယ်သင်းနံ့ကိုသာ ကော်ပီပွားပြီး ယူသွားလို့ရရင် ဘယ်လောက်ကောင်းမလဲလို့ ကျွန်တော် တွေးလိုက်မိတယ်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

(၂)

| | | |
|---|---|---|
| အမည် | – | ပိုပိုပြည့်စုံ (ခ) ပိုပို |
| အသက် | – | ၂၁ |
| အရပ် | – | ၅' ၃" |
| ကိုယ်အလေးချိန် | – | ၈၀ ကျော် |
| ပညာအရည်အချင်း | – | တတိယနှစ် (သချ်ာ) ဒဂုံ တက္ကသိုလ် |
| မွေးရာဇာတိ | – | မူဆယ် |

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| မွေးချင်း | – | ၂ |
| စီးပွားရေး | – | ပြေလည်။ မူဆယ်၌မိသား[illegible] စုလုပ်ငန်းများရှိ။ |
| လက်ရှိအချစ်ရေး | – | မရှိ။ |

အချက်အလက်တွေကြည့်ပြီး ဂူဂဲဆော့ချ်အင်ဂျင်က[illegible] (DownLoad) ဆွဲချထားတာလို့ ထင်စရာရှိပေမယ့် တကယ်[illegible] တကယ်က အောင်မြတ်မင်းခေါ် အာဆင်နယ်ရဲ့ စုံစမ်းချ[illegible] တွေပါ။

အလောင်းအစားလုပ်ရင် ကပ်လွှန်းညစ်လွန်း[illegible] အာဆင်နယ်ဆိုတဲ့ နာမည်ပြောင်ကို ရရှိထားပေမယ့် သူ[illegible] စွမ်းဆောင်ချက်တွေကဖြင့် ပြောင်မြောက်လွန်းလှပါတ[illegible] နှစ်ပတ်လောက်အချိန်အတွင်းမှာ ခုလိုအချစ်အလက်တွေ[illegible] အောင် ကြိုးစားခဲ့တဲ့ အာဆင်နယ်ရဲ့ ကြိုးစားမှုကို အသိ[illegible] မှတ်မပြုဘဲ နေလို့မရဘူး။

အဲ့ဒီနှစ်ပတ်အတွင်းမှာ ကျွန်တော်က သူမဆိုင်[illegible] သုံးလေးခေါက်မက ရောက်ခဲ့တယ်။ ဟောင်ကောင်ကား[illegible] ထဲက ဂိုဏ်းစတားကြီးလို လောင်းကုတ်အမည်းတွေ ဘာ[illegible]

မဝတ်ပေမယ့်၊ သူငယ်ချင်းတွေက မလှမ်းမကမ်းကနေ လိုက်ပါခြံရံလို့ မသိရင် သက်တော်စောင့်တွေလိုလို ဘာလိုလိုနဲ့ပေါ့။

ဆိုင်အကူကောင်မလေးမိပဲကတော့ ကျွန်တော့်ကို တော်တော်မှတ်မိနေပါပြီ။ တတိယအခေါက်တုန်းက လက်ထဲမှာ အလွယ်တကူပါလာတဲ့ ဝတ္ထုစာအုပ်ကို တစ်အုပ်လုံး မိတ္တူဆွဲခိုင်းပြီး ပိုပိုသာသာငွေရှင်းပေးခဲ့တာ မဟုတ်လား။ (အဲ့ဒီ မိတ္တူစာရွက်တွေကို ဘာလုပ်ရမှန်းမသိတာနဲ့ ဝေဖြိုးအောင်က သူ့အိမ်မှာ မီးမွေးဖို့ တောင်းလို့ပေးလိုက်ရပါတယ်။)

နဲ့မလေး ကျွန်တော့်ကို ဆက်ဆံပုံကတော့ မှတ်မိသလိုလို၊ မမှတ်မိသလိုလို ခန့်မှန်းရခက်တဲ့ အိုက်တင်နဲ့ပါ။ နောက်ပိုင်း ချစ်သလိုလို၊ မချစ်သလိုလိုနဲ့ပဲ သူ့ကျွန်တော့် ချစ်သူဖြစ်လာမှာ မြင်ယောင်ပါသေးတယ်။

အခု အာဆင်နယ်ရဲ့ စုံစမ်းတွေ့ရှိချက်တွေကို ဖတ်ပြီး၊ နောက်ဆုံးအချက်ကြောင့် ကျွန်တော် အတော်ပဲ စိတ်ချမ်းသာသွားတယ်။ အာဆင်နယ်ကိုလည်း ပထမဆုံးအကြိမ်အဖြစ် ကျွန်တော်အလွန်ပဲ ချစ်ကြည်လေးစားသွားပါတယ်။

''အတည်မပြုရသေးတဲ့ သတင်းအချက်အလက်အသစ်တွေ ရှိသေးတယ် ကိုယ့်လူ''




www.burmeseclassic.com

www.burmeseclassic.com



''ဒါဖြင့်လည်း မြန်မြန်အစီအရင်ခံလေကွာ''

''ဒီလို ဘယ်ရမလဲ။ စပို့တ် မျက်မှန်တစ်လက် ဝယ် ပေးရမယ်''

''အိုကေ''

''လောလောဆယ် တရုတ်တန်းမှာ တစ်ခုခု လိုက် ကျွေးရမယ်''

''ဖြစ်တယ်''

''ငနဲမှာ လက်ကိုင်ဖုန်းရှိတယ်။ အဲ့ဒီ ဖုန်းနံပါ မနက်ဖြန်ရမယ်။ နောက်ပြီး သူကျောင်းသွားတဲ့ အစီအစ ကျောင်းမှာ အတန်းတက်တဲ့ အချိန်စာရင်း။ စနေ၊ တနင် လှည်းတန်းမှာ ကျူရှင်တက်တဲ့ အချိန်နဲ့ ကျူရှင်လိပ် အဲ့ဒါတွေ အားလုံး အတိအကျသိရမယ်။ အရေးကြီး တစ်ခု က''

''ဘာလဲ အာဆင်နယ်''

''သူ့အဖိုးကြီးက မိသားစုအစွဲတော်တော် ပြင်းထ တယ်လို့ပြောတယ်''

''အဲ့ဒီတော့ . . . ''





''မပြောတတ်ဘူးလေ။ မင်းသိသင့်တယ်ထင်လို့''

''အေးပါ။ ငါမှတ်ထားပါ့မယ်။ ဘာပဲဖြစ်ဖြစ် မင်းကို ကျူးတယ် အာဆင်နယ်။ မင်းနယ်မြေမဟုတ်ဘဲ၊ အချက် လက်တွေ ဒီလောက် မြန်မြန်ဆန်ဆန် မင်းဘယ်လိုစုံစမ်း က်တာလဲ''

''ဒါက . . . ကိုယ်ပိုင်လျှို့ဝှက်ချက်လေကွာ''

ငွန်ဆီးနားက အဲ့ဒီလျှို့ဝှက်ချက်ကို ဝယ်မယ်။ ဘယ် လောက်ပေးရမလဲလို့ အတင်းလိုက်မေးပေမယ့် အာဆင်နယ် မပြောပါဘူး။ နောက်ဆုံး ဟိုတယ်နစ်ကိုးမှာ ဒီတစ်ခါပွဲ င် လက်မှတ်ခခံမယ်။ အခုပေါ်တဲ့ ဒရမ်ရိုက်ချက်ဆော့ဝဲ ခွေသစ် လက်ဆောင်ပေးမယ်ဆိုမှ ဖွင့်ပြောတယ်။ သူညီမ ကွဲရဲ့သူငယ်ချင်းဟာ ပိုပိုပြည့်စုံနဲ့လည်း သူငယ်ချင်းဖြစ် သတဲ့။

ကျွန်တော်က . . . ဒါဖြင့် မင်းညီမကို ငါနဲ့မိတ်ဆက် ကွာလို့ ဝင်ပြောတော့ အာဆင်နယ်က မျက်လုံးပြူးပြီး ကြည့်တယ်။

''မင်းက ဘာလုပ်မလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



''ဘာမှမလုပ်ဘူး။ မင်းဆီက သတင်းဝယ်ယူခက ဈေးကြီးတယ်။ သူ့ဆီက တိုက်ရိုက်ဝယ်ရင် သက်သာမလား လို့''

''ဘယ်ဖြစ်မလဲ ရသေ့နီရဲ့။ တံငါဆိုတာ ဟင်းစားပဲ ပေးမယ်၊ ကွန်ချက်တော့ ဘယ်ပြလို့ဖြစ်မလဲ''

ရသေ့နီဆိုတာ ကျွန်တော့်ကိုခေါ်တဲ့နာမည်ပြောင်ပါ။ ဟိုအကြောင်း ဒီအကြောင်းတွေ လျှောက်ပြောရင်း၊ ဗိုက်ဆာလာကြတာနဲ့ တရုတ်တန်းမှာ တစ်ခုခု သွားစားကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။

အဲ့ဒီအချိန်မှာပဲ တီတီသံသုံးချက်မြည်ပြီး ကျွန်တော့် နားကြပ်ထဲကနေ မိုးခြိမ်းသံကြီးထွက်ပေါ်လာတယ်။ ချစ်လှစွာသော ဘိုးတော်ရဲ့ အသံပါ။

''နေသစ်နီ၊ ခု ဘယ်ရောက်နေလဲ''

''လမ်းမတော်မှာ ဖေဖေ။ ကိစ္စရှိလို့လား''

''အေး။ ပုံနှိပ်တိုက်က ဖုန်းဆက်တယ်။ အော့ဖ်ဆက် ဘာဖြစ်လို့ဆိုလား မသိဘူး။ အဲ့ဒါ အခုသွားကြည့်ပေးလိုက်စမ်းပါ။ အဲ့ဒီက အပြန်ကိုအောင်မော်တို့ဆီဝင်ပြီး အင်နီမေ





င်းအတွက် တိရစ္ဆာန်အကောင်တွေ 2D ကနေ 3D ပြောင်းတဲ့ ဆော့ဝဲဝင်ယူခဲ့။ ဒီမှာ အလုပ်ဆက်လုပ်ဖို့ အဲ့ဒီဆော့ဝဲ လိုနေတယ်''

''ဟုတ်ကဲ့''

အဲ့ဒီနောက် ဘိုးတော်ဖုန်းချသွားတယ်။ သူငယ်ချင်း တွေက မျက်မှောင်ကြုတ်ပြီးကြည့်နေကြပေမယ့် ဘာမှတော့ င်မမေးပါဘူး။ ချစ်သောဖခင်ကြီးဆီက အရေးပေါ်အလုပ် တစ်ခုပေါ်လာပြီဆိုတာ သူတို့လည်း ရိပ်မိကြပုံပါပဲ။ ကျွန်တော် စိတ်ပျက်လက်ပျက် ပုခုံးတွန့်ပြရင်း၊ စားပွဲပေါ်က ကားသော့ ကို လှမ်းယူလိုက်ပါတယ်။

◆

ကျွန်တော့်ဖေဖေက မျိုးရိုးစဉ်ဆက်ချမ်းသာသူ တစ်ယောက်မဟုတ်ပါဘူး။ ဒါကြောင့် သူ့မှာ ကိုယ်ပိုင်ဘဏ် စာရင်းနံပါတ်မရှိခဲ့သလို၊ ဘိုးစဉ်ဘောင်ဆက် အမွေပေးခဲ့တဲ့၊ ခဲတိုက်ကြီးတွေနဲ့ ရေနံချက်စက်ရုံတွေလည်း မပိုင်ဆိုင်ခဲ့ဘူး။

သာမန်လက်လုပ်လက်စားအခြေအနေထက် နည်းနည်းလေးပိုကျပ်တည်းတဲ့အဆင့်ကနေ ကိုယ့်ဒူးကိုယ်ချွန်ပြီး ကြီးစားလာခဲ့သူဖြစ်ဟယ်။ အဲ့ဒီလို ကိုယ့်ဒူးကိုယ်ချွန်သမား



www.burmeseclassic.com

www.burmeseclassic.com



အားလုံးမှာ ရှိတတ်ကြတဲ့ တူညီတဲ့အချက်တစ်ချက်ကတော့ ကပ်စေးနဲရင်နဲ။ မနဲရင် အတ္တကြီးတတ်ကြတဲ့စရိုက်ပဲ။

ကျွန်တော့်ဖေဖေက ဒုတိယအမျိုးအစားထဲမှာ ထိပ်တန်းလောက်ကပါတယ်။ သိကြတဲ့အတိုင်းပဲလေ။ သူတို့ဟာ အောက်ခြေကနေ ရုန်းကန်တက်လာနိုင်ကြသူတွေဆိုတော့ လူတိုင်းကို ငါ့လောက်မတော်ပါဘူး . . . ဆိုတဲ့ အမြင်နဲ့ကြည့်တတ်ကြတာကလား။ (အဲ့ဒီလို အကြည့်ခံရတဲ့ အထဲမှာ ကျွန်တော်လည်း ပါတယ်။)

ဖေဖေဟာ နိုင်ငံကျော်စာရေးဆရာ။ အယ်ဒီတာ။ စာအုပ်ထုတ်ဝေသူအပြင် ရုပ်ရှင်ထုတ်လုပ်သူလည်း ဖြစ်နေသေးတော့၊ သူ့ကိုမမြင်ဘူးတဲ့လူတွေတောင် သူ့နာမည်ကိုတော့ သိကြတယ်။ ဒါကြောင့် . . . ကျွန်တော်ဆို ကျောင်းပြီးချိန်အထိ ကျောင်းသားဘဝတစ်လျှောက်လုံး စာရေးဆရာသားဆိုပြီး နေရာပေးခံရတယ်။ ကျွန်တော်စိတ်ပျက်တာလည်း အဲ့ဒါပါပဲ။ ဖေဖေ့နာမည်နဲ့တွဲပြီး နာမည်ကြီးရတာမျိုးကိုတော့ မကြိုက်ဘူးခင်ဗျ။

ဘယ်သူမဆို တစ်ယောက်ယောက်နဲ့တူလို့ ချောတယ် အထင်ခံရတာမျိုးထက်စာရင် ဘယ်သူနဲ့မှ မတူတဲ့ ရုပ်ဆိုးတာမျိုးပဲ ဖြစ်ချင်တာပေါ့။





ဒါပေမယ့် ဖေဖေရဲ့အရှိန်အဝါက အင်မတန်ကြီးကျယ်ခဲ့တာဆိုတော့ ကျွန်တော်ရော ကျွန်တော့်အစ်မပါ အဲ့ဒီလောင်းရိပ်အောက်က မလွတ်နိုင်ခဲ့ပါဘူး။ ကျွန်တော့်အစ်မကတော့ အဖေ့သမီးဖြစ်ရတာ ဂုဏ်ယူတယ်လို့ မကြာခဏပြောလေ့ရှိတယ်။ ကျွန်တော်လည်း ဂုဏ်ယူတာပါပဲ။ ဒါပေမယ့် သိတယ်မဟုတ်လား။ နေရာတကာ အဖေ့နာမည်က အရိပ်တစ်ခုလို လိုက်ပါနေတာကိုတော့ သိပ်မကြိုက်လှဘူးပေါ့။

♦

"သမိုင်းမှာ ကိုယ့်နာမည်တင်ကျန်ခဲ့ချင်ရင်၊ ရယ်ဒီမိတ်အနုပညာကို ဝေးဝေးကရှောင်။ ကိုယ့်ဟာကိုယ်အသစ်ဖန်တီး"

ကျောင်းပြီးလို့ ဟစ်ဟော့နဲ့ R & B မျိုးဇစ်တွေကို ကျွန်တော်ဖောက်ချလုပ်ဖြစ်တော့ ဖေဖေက အဲ့ဒီလိုဆုံးမပါတယ်။ ဟစ်ဟော့ဂီတကို ကျွန်တော်တို့က ဆော့ဝဲတွေနဲ့ပဲ တီးနေကြတာပါ။ ဥပမာ FL တို့ Acid တို့နဲ့ပေါ့။

ဒါပေမယ့် . . . ဘိုးတော်က အဲ့ဒါကို မကြိုက်ဘူး။ ကိုယ်တိုင်တီးပါလားလို့ မြှောက်ပေးတယ်။ သေရချည်ရဲ့ဗျာ။ တူရိယာ အစစ်တွေနဲ့သာ ကိုယ်တိုင်တီးရရင် . . . ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း ဖေဖေ့ရှေ့မှာ 'ဒုံချပ်ချပ်' မလုပ်ရဲတော့ဘဲ အခန်းထဲမှာပဲ တို့တို့တိတ်တိတ်လုပ်ရတော့တယ်။ ဖေဖေဟာ လစ်ဘရယ်ဆန်ဆန် တိုးတက်ပွင့်လင်းတယ်ဆိုပေမယ့် တစ်ခါ တစ်ခါ . . . အဲ့ဒီလိုမျိုး ကွန်ဆာဗေးတစ်ဆန်ဝ.တ်တာလေး တွေတော့ ရှိတယ်။

အဲ . . . ကျွန်တော့်တို့မောင်နှမနှစ်ယောက်ရဲ့ အချစ်ရေးနဲ့ပတ်သက်ရင်တော့ ပွင့်လင်းစေချင်ပြန်ရော။

''မင်းတို့ ရည်စားထားတော့မယ်လို့ ဆုံးဖြတ်ရင်။ ထားရမယ့်လူလည်းတွေ့ပြီဆိုရင်၊ အိမ်ကိုခေါ်လာခဲ့။ တို့မိဘတွေ ဝိုင်းအကဲခတ်ပေးမယ်''

ဆယ်တန်းအောင်ပြီးကတည်းက ပြောခဲ့တဲ့စကားပါ။ ဒါပေမယ့် ကျွန်တော် ကျောင်းတက်ခဲ့တဲ့ကာလတစ်လျှောက် ကောင်မလေးငါးယောက်နဲ့ တွဲဖြစ်ခဲ့ပေမယ့်. . . တစ်ယောက်မှ အိမ်ခေါ်မသွားပါဘူး။ အဲ့ဒီလို အိမ်ခေါ်မသွားပေမယ့် . . . ။

လား . . . လား . . . ဘိုးတော်က သိနေတယ် ခင်ဗျ။ ''မင်း . . . ဒုတိယမြောက်တွဲတဲ့ ကောင်မလေးက ပုလုချည်လားကွ'' . . . ဆိုတာမျိုး။

''ဒီတစ်ခါသားတွဲတဲ့ ငနဲမလေးက ပိန်လွန်းပါတယ်





ကွာ။ ဗီတာမင်နဲ့ ပရိုတိန်းဓာတ်တွေ များများကျွေးဟေ့'' ဆိုတာမျိုးနဲ့ . . .

သူသိကြောင်းပြပြီး နှိပ်တော့တာပါပဲ။ ဒီက ကောင်ကလည်း ကိုယ့်အပြစ်နဲ့ကိုယ်ဆိုတော့ သွားဖြဲပြီး နေရတာပေါ့လေ။ ဘယ်ပြန်ပြောလို့ဖြစ်ပါ့မလဲ။

ခုလည်း သူ့သားအလိမ္မာလေးဟာ ပိုပိုပြည့်စုံဆိုတဲ့ ခေတ်မီလှပတဲ့ ကောင်မလေးတစ်ယောက်ကို ချစ်နေမိပြီဆိုတာ ဖေဖေသိရင် ဘာများပြောအုံးမှာပါလိမ့်။ အတွေးနဲ့တင် ကျွန်တော် ရင်ထိတ်နေရပါတယ်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## (၃)

''မှတ်မိတယ်မဟုတ်လား ပိုပိုပြည့်စုံ''

ကျွန်တော့်အသံကြောင့် လှမ်းလျက်စ ခြေလှမ်းတွေ တုံ့ဆိုင်းသွားပြီး၊ မျက်လုံးတောက်တောက်တစ်စုံက ဖျတ်ခနဲ ရွေ့လျားကျရောက်လာကြတယ်။ အဲ့ဒီမျက်လုံးတွေထဲမှာ အရိပ်အရောင်အချို့ဖြတ်သန်းသွားတာကို အသေအချာတွေ့ လိုက်ပေမယ့် တုန့်ပြန်လာတဲ့ သူမစကားသံကတော့ အားရ စရာမကောင်းလှပါဘူး။

''ဆောရီးပဲ၊ တစ်ခါမှမမြင်ဖူးဘူး''



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆိုင်က မိပဲတောင်တို့ကို မှတ်မိတယ်။ မင်းက ဆိုင်ရှင်ပဲ ပိုပြီးမှတ်ဉာဏ်ကောင်းသင့်တာပေါ့"

အိန္ဒိယဆာဒူးတွေလွယ်တဲ့ အိတ်လိုလို၊ အာရပ်ကုန်သည်တွေ စွံပလွန်သီးထည့်တဲ့အိတ်လိုလို၊ တော်တော်အကြည့်ရဆိုးတဲ့ ဂုန်နီလွယ်အိတ်ကြီးကို စတိုင်တစ်ခုလို လွယ်ထားတဲ့ သူမက မပြုံးချင်ပြုံးချင် ပြုံးတယ်။

"ဩော် ... မိပဲပြောတဲ့ ရွာက သူ့ဦးလေးဆိုတာလား"

ကျွန်တော် ကျွတ်ကျဲသွားတယ်။ တော်တော်လည်း စိတ်ပျက်သွားပါတယ်။ ထုံးစံအတိုင်းဆိုရင်တော့ ဒီလိုငနဲမမျိုးကို ဒီကကောင်က အရေတောင်ဆုတ်ပစ်ပါရဲ့။ ဒါပေမယ့် **ကျွန်တော်က အဲ့ဒီငနဲမလေးထံမှာ စစ်ရှုံးနိမ့်နေသူမဟုတ်လား။** ဒီတော့လည်း စစ်ရှုံးသို့ပန်းငနဲတွေရဲ့ ထုံးစံအတိုင်း အလျှော့ပေးသည်းခံရတော့တာပေါ့။

"ဦးလေးမဟုတ်ဘူး ပိုပိုပြည့်စုံရဲ့။ ဘကြီးပါ"

"ဟင် ... ဘကြီးဘော။ ဒါဆို ဒေါ်ကုလားမယောက်ျားပေါ့"





သေဟ ... ။ ကျွန်တော် စိတ်ထဲက ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲလိုက်တယ်။ သူမကတော့ တိုးတိုးညှင်းညှင်းရယ်တယ်။ မနှေးမမြန်လျှောက်နေတဲ့ သူမဘေးက ကျွန်တော်ကပ်လိုက်နေတာကို ကျောင်းသူတချို့က ကွက်ကြည့်ကွက်ကြည့်လုပ် သွားကြတယ်။

အာဆင်နယ်ရဲ့စကားအရဆိုရင် သူမက ဒီကျောင်းမှာ ဘုရင်မ မဟုတ်ပေမယ့် ဘုရင်မလောက်နီးနီး ပေါ်ပြူလာဖြစ်သူလို့ ဆိုတယ်။ ဒီတော့လည်း စိတ်ဝင်တစားစပ်စုကြမှာပေါ့လေ။

ဒဂုံတက္ကသိုလ်ရဲ့ နေရောင်အောက်မှာ ကျွန်တော် နည်းနည်းချွေးပြန်စပြုလာတယ်။ အဆောင်တစ်ခုနားရောက်တော့ သူမ ကျွန်တော့်ကိုလှည့်မေးတယ်။

"ယူ ... ဘယ်အထိလိုက်နေမှာလဲ"

"ခရီးဆုံးတဲ့အထိပေါ့"

"ဒါဆို စိတ်မကောင်းစရာပဲ။ တို့က သန့်စင်ခန်းသွားမလို့၊ ရှေ့မှာရောက်တော့မယ်"

ကျွန်တော့်မျက်နှာချွေးခနဲဖြစ်သွားတယ်။ သူမက ..



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကုန်သေးရင် စောင့်နေပေါ့။ တို့ပြန်ထွက်လာမှာပါ"

ကျွန်တော် စိတ်ရှည်လက်ရှည်စောင့်ပါတယ်။ သူမကလည်း စိတ်ရှည်လက်ရှည် ပညာပြဖို့ ရည်ရွယ်ထားတယ် ထင်ပါရဲ့။ တော်တော်နဲ့ထွက်မလာဘူး။ အပွဲပွဲ နွှဲလာသမျှ ဒီတစ်ခါခံရပြီ ထင်ပါရဲ့လို့ တွေးရင်း စိတ်လျှော့ချင်သလို ဖြစ်လာတယ်။ သည်းမခံနိုင်တဲ့အဆုံး လှည့်ပြန်ဖို့ ဆုံးဖြတ်လိုက်ချိန်ကျမှ မဒို့တရို့လမ်းလျှောက်ဟန်လေးနဲ့ သူမပြန်ထွက်လာတယ်။

"ဘယ်လိုလဲ . . . စိတ်မကုန်သေးဘူးလား"

"ဝဋ်ရှိသရွေ့ပေါ့"

"နေပါအုံး။ ယူ ဘာဖြစ်လို့ တို့နောက်ကို တကောက်ကောက်လိုက်ပြီး လည်စင်းပေးနေရတာလဲ"

"ရေးရေစက်တွေကြောင့်ပေါ့ ပိုပိုရဲ့"

"ဘာရယ်"

"ဘာရယ်လို့မဟုတ်ပါဘူး၊ မင်းနဲ့ မိတ်ဆွေဖြစ်ချင်ရုံသက်သက်ပါ"





"ဩော် . . . ဒီလိုလား"

"အင်း . . . ဒီလိုပဲ။ အအေးဖြစ်ဖြစ် ညှော်ဝတ်ပြုပါရစေ မိတ်ဖြစ်ဆွေဖြစ်ပေါ့"

သူမ ကျွန်တော့်ကို စူးစမ်းသလိုကြည့်ပြီး တွေးတွေးဆဆမေးတယ်။

"အအေးတိုက်ပြီးရင်၊ ယူ ပြန်မှာလား"

"အသေအချာပေါ့"

"ကောင်းပြီလေ၊ ဒါဆိုလည်း လိုက်ခဲ့ချီးမြှင့်ရသေးတာပေါ့၊ ဒါနဲ့ . . . ပိုက်ဆံတော့ လုံလုံလောက်လောက်ပါတယ် မဟုတ်လား"

"ပြင်သစ်မှာ ရှန်ပိန်သွားသောက်ရလောက်အောင်တော့ မပါဘူးပေါ့။ ဒါပေမယ့် . . . ဒီကျောင်းထဲက ဆိုင်တွေမှာ မင်းကြိုက်သလောက်သောက်။ ကိုယ်ရှင်းနိုင်တယ်"

"အိုကေ"

◆



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရှုခဲ့ဖူးတဲ့ စိတ်ပညာစာအုပ်တွေရဲ့ အဆိုအရ လူတစ်ယောက်ဟာ တစ်ခုခုကို လိုက်လျောလာပြီဆိုရင် ဆက်တိုက်လိုက်လျောတတ်ပါသတဲ့။

ဒါကြောင့် အအေးဆိုင်မှာ ရည်းစားစကားပြောလိုက်ရင် ချက်ချင်းအဖြေပေးလာလိမ့်မယ်လို့ မမျှော်လင့်နိုင်ပေမယ့်။ ကျောင်းကို မကြာမကြာ အလည်လာရမလားလို့မေးရင်၊ တစ်ခါတလေ လာလည်ပေါ့လို့ ခွင့်ပြုမှာသေချာပါတယ်။

ဒါပေမယ့်... ရည်းစားဖြစ်နည်းနိသနည်းရဲ့ သီအိုရီအမှတ်တစ်မှာ ချစ်သူမဖြစ်ခင် တောင်းဆိုမှုတွေ ခဏခဏ မလုပ်ပါနဲ့လို့ သတိပေးထားပြန်ပါတယ်။ ဒါကြောင့် ဘာတောင်းဆိုမှုမှမလုပ်ဘဲ၊ ကိုယ့်ကိုယ်ကို စတင်မိတ်ဆက်လိုက်တယ်။

"တို့နာမည် နေသစ်နီ... တဲ့"

"ဪ"

"အီးမေဂျာနဲ့ ကျောင်းပြီးပေမယ့်၊ လောလောဆယ် အခွေတစ်ခွေထွက်နိုင်ဖို့ ကြိုးစားနေတယ်။ သူငယ်ချင်းတွေနဲ့ စုပြီး ဆိုထားတဲ့အခွေပေါ့"





"ကျောင်းပြီးသွားပြီဆိုတော့ တို့ထက်အသက်ကြီးမှာပေါ့"

"အသက်နှစ်နှစ်ကြီးပြီး အရပ်ငါးလက်မခွဲပိုမြင့်တယ်။ အသားတော့ မင်းထက်ညိုတယ်။ ကဲ... ဘာသိချင်သေးလဲ"

"ယူ့ အဖေရဲ့စာအုပ် ဘယ်တော့ထွက်မှာလဲ"

"ဟင်"

"အဟင်း... တို့က ယူ့အဖေရဲ့ ပရိသတ်လေ"

"ပိုပို... တို့အဖေအကြောင်းဘယ်လိုသိတာလဲ"

"အံ့သြသွားလား။ တို့မှာလည်း (အင်ဖော်မာ) တွေရှိတာပေါ့။ စာရေးဆရာကြီးရဲ့သား ဒီကျောင်းကိုရောက်လာလိမ့်မယ်လို့ တို့ကြိုတင်သတင်းရထားပြီးသား"

သေချာပါတယ်။ ဒါဟာ အာဆင်နယ်ရဲ့ လက်ချက်ပါပဲ။ ထောက်လှမ်းရေးစကားနဲ့ ဆိုရင် နှစ်ဘက်သူလျှို (Double Cross)လုပ်တယ်လို့ ပြောရမှာပါ။

"နောက်ထပ်... တို့အကြောင်း ဘာတွေသိထားသေးလဲ"

"ထွေထွေထူးထူးတော့ မသိပါဘူး။ ကျောင်းတုန်းက



www.burmeseclassic.com

www.burmeseclassic.com



အတွဲတော်တော်များခဲ့တယ်။ အခုအတွဲမရှိဘူး။ ပိုပို့ကို အတွဲဖြစ်ဖို့ ကြိုးစားလိမ့်မယ်ဆိုတာလောက်ပါပဲ''

သူမရဲ့တုန့်ပြန်မှုက ပွင့်လင်းလွန်းတာလား။ ရိုးသားလွန်းတာလား ဝေခွဲဖို့ခက်လှပါတယ်။

''အမှန်အတိုင်းပြောရရင် ပိုပိုတို့အပါးက ယောက်ျားလေးသူငယ်ချင်းထားတာ လုံးဝမကြိုက်ဘူး။ ကွန်ပျူတာဆိုင်ဖွင့်တာတောင် အပါးမှူဆယ်မှာ ရှိနေတဲ့အချိန်တွေပဲ ဖွင့်လို့ရတာ။ သူ ... ရန်ကုန်ပြန်ရောက်တဲ့ရက်တွေဆိုရင် ဆိုင်ပိတ်ထားရတာ''

သံကွန်ခြာနောက်ကွယ်က အိန္ဒြေရှင်လေးလို မှုန်နေလို့ ကျွန်တော် စိတ်ချဉ်ပေါက်ပြီး မေးလိုက်တယ်။

''ဒါဆို မင်းဘာဖြစ်လို့ တို့ကိုသူငယ်ချင်းအဖြစ် လက်ခံခဲ့တာလဲ''

''ယူက အရပ်မြင့်ပြီး မျက်ခုံးကောင်းတာကိုး''

ကျွန်တော် ချောက်ထဲပြုတ်ကျသွားပြန်ပါတယ်။

◆





''ငါကြိုတင်သတင်းပေးပြီး ကုလားဖန်ထိုးထားပေးလို့ မင်းဝင်ရတာ လွယ်ကူသွားတာ ရသေးနီး။ နို့မို့ဆို အင်ထရိုနဲ့တင် ဆယ့်ခြောက်ဘားလောက် တီးနေရအုံးမှာ''

''ဟုတ်ပါတယ် အာဆင်နယ်။ ဒါကြောင့်လည်း ကျေးဇူးတင်လွန်းလို့ ခုလိုကျွေးမွေးပြုစုနေရတာပေါ့''

ကျွန်တော့်ရဲ့ ကွင်းဖွင့်ပွဲအောင်မြင်မှုအတွက် တစ်ခုခုကျွေးရမယ်ဆိုလို့ ကျွန်တော်တို့ သူငယ်ချင်းတစ်စု စားသောက်ဆိုင်တစ်ခုမှာ သွားစားဖြစ်ကြတယ်။ ကျွန်တော်တို့အားလုံး အရက်ဘီယာရော ဆေးလိပ်ပါ ကင်းရှင်းကြပေမယ့် အစားကောင်းတော့ ကြိုက်တတ်ကြပါတယ်။ ဒါကြောင့်လည်း ခုလို တွဲဖြစ်ကြတာထင်ပါရဲ့။

အစားစားရင်း ဂီတအကြောင်းရောက်တတ်ရာရာပြောဖြစ်ကြတယ်။ ဟစ်ဟော့အကြောင်း၊ မော်ဒန်ရော့ခ်နဲ့အော်တာအကြောင်း၊ ပန့်ဂီတအကြောင်း ... ။

ကျွန်တော်တို့ အားလုံးဟာ ဂီတကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရူးသွပ်နေကြသလို၊ အိပ်မက်ကိုယ်စီမက်နေကြသူတွေလည်း ဖြစ်တယ်။ ဝေဖြိုးအောင်နဲ့ သီဟက မြန်မာ့ဂီတကို ရီမစ်ပြုပ်ဖို့ကြံစည်နေသလို၊ အာဆင်နယ်နဲ့ သူ့ညီတွေက

www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသားလူမျိုးစုတွေရဲ့ ဂီတကို လိုက်လံစုဆောင်းနေကြတယ်။

ကျွန်တော်နဲ့ ဂျွန်ဆီးနားက အခွေထွက်ဖို့ပြင်ဆင်နေပြီး မြန်မာ့ဆိုင်းဝိုင်းကို တီးနိုင်မယ့် ဆော့ဝဲမျိုး တီထွင်နိုင်ဖို့လည်း အိပ်မက်မက်နေကြတယ်။

ဗုံသံတစ်သံချင်း၊ မောင်းသံတစ်သံချင်း ဖမ်းထားပြီး ဖြစ်ပေမယ့်၊ တကယ်အလုပ်ဖြစ်တဲ့ ဆော့ဝဲမျိုး ဖြစ်လာဖို့ကတော့ အတော့်ကို အချိန်ယူရအုံးမှာပါ။

အဲ့ဒီညက ဂီတအကြောင်းပြောဖြစ်ခဲ့လို့လား မသိဘူး။ အိပ်ပြန်ရောက်တော့ ပိုပိုနဲ့ ပတ်သက်တဲ့ခံစားမှုကို သီချင်းစပ်ဖို့ ကြံစည်ပါတယ်။ ဒါပေမယ့် သီချင်းအစား ကဗျာအကျိုးအပဲ့တစ်ခုသာ ကျွန်တော့်ခေါင်းထဲက ထွက်ကျလာတယ်။

— အိပ်မက်တွေကို
အရောင်ခွဲလဲလို့ရရင်
ကောင်းမယ်။

ညာဏ်ဝင်းစာပေ



ဒါမှ . . .
နှစ်ပေါင်းများစွာ
သူတို့ အသက်ရှင်နိုင်ကြမှာပေါ့ . . . ။
— တချို့ အချိန်တွေမှာ
နိုးကြားနေရတာ ကောင်းပေမယ့်၊
တချို့အခြေအနေမှာ
အိပ်မက် မက်နေရတာ
ပိုကောင်းပါတယ်။
— ငါဟာ . . .
ကြယ်တွေကိုထမ်းပြီး
လာလမ်းကို
ပြန်မလှည့်ချင်သူပါ။ ။

◆◆◆

ညာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၄)

''ဟော . . . ထင်သားပဲ''

''ဘာကိုလဲ ပိုပို့ရဲ့''

''ယူရောက်လာလိမ့်မယ်ဆိုတာကိုလေ''

''ပိုပိုအကြားအမြင်ရနေတာလား''

''ဟင့်အင်း . . . အကြားပဲရတာ''

''ဟုတ်လား။ ဘယ်လိုကြားတာလဲ''

''ဒီနေ့ လှည်းတန်းက နင့်ကျူရှင်ကို သူရောက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်အုံးမယ် . . . တဲ့။ သူငယ်ချင်းမလေးရဲ့အသံကို တယ်လီဖုန်းထဲက ကြားတာလေ''

(အာဆင်နယ်ရဲ့ နစ်ဖက်သူလျှိုနည်းက ခုချိန်ထိ အလုပ်ဖြစ်နေဆဲပဲလို့ ပြောရမယ်။ မောင်မင်းကြီးသား ကျန်းမာချမ်းသာပါစေ။)

◆

''ဟယ်လို''

''ပိုပိုလား၊ နေသစ်နီပါ''

''ယူ . . . ဘယ်ကဆက်နေတာလဲ''

''မင်းတို့ကျောင်းထဲက ဆက်နေတာ၊ မင်းကိုလိုက်ရှာတာ တစ်ကျောင်းလုံးနဲ့နေပြီ။ ရှာစရာဆိုလို့ သန့်စင်ခန်းပဲကျန်တော့တယ်။ မင်းဘယ်ရောက်နေတာလဲ''

''အဟဲ''

''ဘာရယ်တာလဲ''

''ယူ မရှာရသေးတဲ့နေရာမှာ ပိုရောက်နေတာလေ''

''ဒါကြောင့် နံတယ်လို့ထင်သားပဲ''





''ဖုန်းထဲက အနံ့ရလို့လား''

''ဟင့်အင်း၊ သန့်စင်ခန်းထဲက၊ ကိုယ်သန့်စင်ခန်းနားမှာရပ်နေတာ''

''ဟိတ် . . . အဲ့ဒီက မစောင့်နဲ့၊ အအေးဆိုင်ကသွားစောင့်။ ပို အခုလာခဲ့မယ်''

◆

''အပါးက ပိုပိုကားမောင်းမှာစိုးလို့ တမင်ကားဝယ်မပေးဘဲ၊ အဲ့ဒီဦးလေးကြီးရဲ့ကားကို လပေးနဲ့ငှားပြီး ကျောင်းပို့ကျောင်းကြိုလုပ်ခိုင်းတာလေ။ သူ့ခမြာ ပို့ကိုကျောင်းပို့ပြီးလည်း၊ ဘယ်မှသွားခွင့်မရှိဘူး။ ကျောင်းလွှတ်ချိန်အထိ ကားထဲမှာ ဒီအတိုင်းငုတ်တုတ်ထိုင်စောင့်နေရတာ''

''အခုပြန်လွှတ်လိုက်တော့ သူသိပ်ပျော်သွားမှာပေါ့''

''ဒါပေါ့၊ ပို့သူငယ်ချင်းကားနဲ့ ပြန်မယ်။ ဦးလေးကြီးပြန်နှင့်တော့လို့ပြောလိုက်တော့ သူဝမ်းသာသွားတာပေါ့''

''နေ့တိုင်းဝမ်းသာရအောင် လုပ်ပေးနိုင်ရင် ကောင်းမှာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ယူ့မှာ ဓာတ်ဆီနဲ့အချိန်တွေ တော်တော် ပေါနေလို့လား"

"အသင့်အတင့်ပေါ့"

"ယူ အဲ့ဒီလိုပဲ ကားတစ်စီး၊ ဖုန်းတစ်လုံးနဲ့ လျှောက်သွားနေတာပဲလား"

"အထင်မကြီးနဲ့ ပိုရဲ့၊ တကယ်က ဖေဖေ့အလုပ်တွေ လျှောက်လုပ်ပေးနေရတာ"

"ဘာတွေလဲ"

"အစုံပဲ။ စာအုပ်ထုတ်ဝေရေးကိစ္စ၊ ရုပ်ရှင်ကိစ္စ။ အခု လည်း ရာမဇာတ်တော်နဲ့ မဟာဗန္ဓုလအကြောင်းကာတွန်း ရုပ်ရှင်၊ အင်နီမေးရှင်းလုပ်နေပြန်တယ်။ သူလိုသမျှ စိတ်ကူး တည့်ရာ လိုက်ရှာနိုင်းတော့တာပဲ"

"တော်တော်ခေါင်းစားမှာပဲနော်"

"အစစ်ပေါ့။ သိပ်စိတ်ညစ်တာပဲ။ ဒါကြောင့် ပို့ဆီကို ခဏခဏရောက်ရောက်လာတာပေါ့"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့။ ပိုနဲ့တွေ့ရင် စိတ်ညစ်ပြေတယ်လေ"





"ပိုက . . . ယူ့ရဲ့ စိတ်ညစ်ပြေဆေးဆိုပါတော့"

"ဟုတ်တယ်၊ ရာသက်ပန်မှီဝဲရမယ့် တိုင်းရင်းဆေး အစစ်ပဲ"

"ဟိုးထားဆရာ။ နောက်ပြန်ဆုတ်"

"မော်တော်ကားကိုလား"

"ဟင့်အင်း။ ယူ့စကားတွေကို"

မိတ်ဆွေတို့လည်း အကဲခတ်မိမှာပါ။ ကျွန်တော့်ရဲ့ အခြေအနေက ဘောလုံးစကားနဲ့ ပြောရရင်၊ တစ်ဘက် အသင်းကို ကောင်းကောင်းခြိမ်းခြောက်နိုင်ပြီး၊ ဂိုးစည်း နားမှာ တစ်ရစ်ဝဲဝဲဖြစ်နေပါပြီ။ အမြန်ဆုံး ဂိုးသွင်းနိုင်ဖို့နဲ့ အဆုံးသတ် လုပဖို့ပဲ လိုပါတော့တယ်။

အဲ့ဒီအတွက် သူငယ်ချင်းတွေနဲ့ တိုင်ပင်ပြီး မဟာဗျူဟာ နည်းဗျူဟာတွေ ရေးဆွဲရပါတယ်။ နိုင်ငံတစ်နိုင်ငံကို သိမ်းပိုက်တော့မယ်ဆိုရင်၊ သိမ်းပိုက်ပြီးနောက် အဲ့ဒီနိုင်ငံရဲ့ ပြန်လည်ထူထောင်ရေး၊ သာယာဝပြောရေးတွေအတွက်ပါ ထည့်စဉ်းစားရသလို၊ သူမနဲ့ချစ်သူဖြစ်ပြီးနောက်ပိုင်းကိစ္စတွေ ကိုပါ တစ်ခါတည်းထည့်တွေးရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အစိုးရိမ်လွန်တတ်တဲ့ ဝေဖြိုးအောင်က . . .

''မင်းတို့လက်ထပ်ပြီး၊ သူက မူဆယ်မှာပဲ အခြေချချင်တယ်ဆိုရင် ဘယ်လိုလုပ်မလဲ''

''အဲ့ဒီတော့လည်း ဆံထုံးနောက်ယောင်ပါရတော့မှာပေါ့''

''ငါတော့ မြင်ယောင်ပါသေးတယ် နေသစ်နီရယ်၊ သူ့အဖေကတော့ မင်းကို ကောင်းကောင်းခိုင်းစားတော့မှာပဲ။ ရန်ကုန်နဲ့ မူဆယ်ကို အိမ်ဦးနဲ့ ကြမ်းပြင်လုပ်နေရမှာ သေချာတယ်။''

''ဘယ်တတ်နိုင်မလဲ သူငယ်ချင်းရယ်။ ကံစီမံရာပေါ့''

မျက်နှာငယ်လေးနဲ့ ပြန်ပြောလိုက်တဲ့ ကျွန်တော့်ကို ဘယ်သူကမှ မသနားကြပါဘူး။ ''အေပေး'' ဆိုပြီးတောင် ဝိုင်းဆဲလိုက်ကြပါသေးတယ်။

ဒီလိုနဲ့ပဲ မဟာဗျူဟာဖြစ်တဲ့ ပိုပို့ကို ရည်းစားစကားပြောရေးဆိုတဲ့ လုပ်ငန်းစဉ်အတွက် နည်းဗျူဟာအဖြစ် ပြောချင်တဲ့စကားတွေကို အသံသွင်း၊ စီဒီနဲ့ခုတ်ပြီး ပေးလိုက်ဖို့





ဆုံးဖြတ်ကြတယ်။ အသံသွင်းစကားပြောစီဒီခွေထဲမှာ ကျွန်တော့်ရဲ့ ခံစားချက်တွေကို အကောင်းဆုံးဖော်ပြနိုင်ဖို့အတွက် ထိရောက်တဲ့စကားလုံးတွေကို ကျွန်တော် ရှာဖွေရပါတယ်။

ကျွန်တော့်အဖေရဲ့ ငယ်နုစဉ်လက်ရာ အချစ်ကဗျာနဲ့ ဝတ္ထုစာသားတွေကိုလည်း အလွတ်မပေးပါဘူး။ သူငယ်ချင်းတွေက ကျွန်တော့်စကားပြောသံရဲ့နောက်မှာ နောက်ခံဂီတတီးလုံးသံထည့်ဖို့ အကြံပေးကြတယ်။ ဂျွန်ဆီးနားက ''စကားလုံးတွေကို ပံ့ပိုးပေးနိုင်တဲ့ ဂီတဖြစ်ဖို့ ငါတာဝန်ယူတယ်။ မယ်လိုဒီတွေကို ငါကိုယ်တိုင်တီးပေးမယ်'' လို့အာမခံတယ်။

ဒါပေမယ့် ဂျွန်ဆီးနားက အဲ့ဒီနောက်ခံဂီတကို မတီးလိုက်ရသလို၊ ကျွန်တော်လည်း အသံမသွင်းဖြစ်လိုက်ပါဘူး။ သိကြတဲ့အတိုင်းပါပဲ။

ခက်မယ်ထင်တဲ့ကိစ္စက လွယ်ပြီး၊ လွယ်မယ်ထင်တဲ့ကိစ္စက တစ်ခါတလေ ခက်ချင်ခက်နေတတ်တာမျိုး မဟုတ်လား။

◆



www.burmeseclassic.com

www.burmeseclassic.com



''ဘာပြောထားယ် ပိုပို။ သိသွားပြီ ဟုတ်လား''

''ဟုတ်တယ် . . . အပါး ရိပ်မိသွားတယ်။ ဘယ်သူတွေ ဘယ်လိုချွန်လိုက်သလဲ မသိဘူး။ မနေ့ညက ဖုန်းဆက်ပြီး မေးတယ်။ ပိုပို . . . နင်ကောင်လေးတစ်ယောက်နဲ့ တွဲနေတယ်ဆို . . . တဲ့''

ကျွန်တော် ကျောင်းရောက်သွားတော့ သူမက ဒီနေ့ အတန်းမတက်ချင်ဘူး။ စကားပြောစရာရှိတယ် . . . ဆိုတာနဲ့ သူမကို ကားပေါ်တင်၊ လုံးချင်းအိမ်ရာတွေ ဆောက်နေတဲ့ဘက်မောင်းလာပြီး၊ လူရှင်းတဲ့နေရာမှာ ကားထိုးရပ်လိုက်တယ်။

ကားရပ်တယ်ဆိုရင်ပဲ ဆိုင်းမပါပုံမဆင့်နဲ့ ပိုပိုက သတင်းဆိုးကို စတင်လိုက်တယ်။

''ပိုက . . . မဟုတ်ပါဘူး။ သူငယ်ချင်းပါလို့ ပြန်ပြောလိုက်ပေမယ့်၊ အပါးက သိပ်ယုံပုံမရဘူး၊ ပိုပို နင့်ကို စေ့စပ်ထားတယ်ဆိုတာ မမေ့နဲ့။ ငါ့ကို မျက်နှာပျက်အောင် မလုပ်နဲ့တဲ့''

စေ့စပ်ထားတယ်ဆိုတဲ့ စကားက ကျွန်တော့်ရင်ကို ကျင်ခနဲ ဖြစ်သွားစေတယ်။





''ဘာ . . . စေ့စပ်ထားတယ် ဟုတ်လား။ မင်းက စေ့စပ်ထားတာလား''

သူမသက်ပြင်းတစ်ချက်ကို အမောတကောရှိုက်သွင်းနင်း၊ ဂုံနီသားလွယ်အိတ်ကြီးကို ရင်ဘတ်မှာ ပွေ့ဖက်လိုက်တယ်။

''စေ့စပ်တယ်ဆိုတာက ပိုနဲ့မဆိုင်ပါဘူး။ အဖေ ဘာသာလုပ်ထားတဲ့ကိစ္စပါ။ အဖေတို့က ကလေးမွေးရင် ယင်ငယ်လေးကတည်းက ဆွေမျိုးနီးစပ်ထဲက သဘောတူတဲ့လူနဲ့ စေ့စပ်ထားတတ်ကြတယ်''

''ဒါဖြင့် . . . အဲ့ဒီသဘောတူတဲ့လူက အခုဘယ်မှာလဲ''

''ကြယ်ခေါင်မှာ။ စီးပွားရေး အတော်ကောင်းတယ်လို့ ပြောတယ်။ ပိုတော့ သူ့ရုပ်ကို မှတ်တောင်မမှတ်မိတော့ဘူး''

ကျွန်တော် သက်ပြင်းချလိုက်တယ်။ လေအေးပေးဖွင့်ထားပေမယ့်၊ ကားထဲမှာ အပူဓာတ်တွေက ပိုမိုမြင့်တက်နေကြတယ်။

''ပို . . . သူ့ကိုလက်ထပ်မှာလား''



www.burmeseclassic.com

www.burmeseclassic.com



''ဟင့်အင်း''

''လက်မထပ်ဘူးပေါ့''

''မဟုတ်ဘူး၊ ဘာလုပ်ရမှန်းမသိဘူးလို့ပြောတာ''

''ကျွတ် . . .''

''ပို . . . က အဲ့ဒီကိစ္စကို တမင်မေ့ထားတာ''

''အခု . . . မေ့ထားလို့မှ မရတော့တာပဲ ပိုရဲ့။ အဲ့ ကိစ္စအတွက် မင်းတစ်ခုခု ဆုံးဖြတ်ပြီးသား ဖြစ်သင့်တယ် အဖြေရှိပြီးသား ဖြစ်သင့်တယ်''

''တို့ ဘာလုပ်ရမှာလဲ''

''ငြင်းရမှာပေါ့၊ ကျွန်မမှာ ချစ်သူရှိနေပါတယ်လို့ ပြော ပြီး ငြင်းရမှာပေါ့''

''ချစ်သူဖြင့် တကယ်မရှိသေးဘဲနဲ့''

''ရှိသားပဲ''

''ဘယ်သူလဲ''

''ကိုယ်ပေါ့။ ကိုယ်က မင်းကိုချစ်နေတာလေ။ အဲ့ မင်းကို ချစ်တဲ့ မင်းချစ်သူပေါ့''





အံ့မှိုင်နေတဲ့ သူမမျက်နှာက ပြုံးယောင်ယောင်ဖြစ် လာတယ်။ ငိုမဲ့မဲ့နဲ့ ရယ်ချင်လာတဲ့ မျက်နှာမျိုးပါ။ သူမရဲ့ မျက်နှာကို ကြည့်ပြီး ကျွန်တော် သနားသွားသလို၊ ချစ်တဲ့ စိတ်တွေကလည်း ဆူဝေလျှံကျလာကြတယ်။

''ကိုယ် . . . မင်းကို သိပ်ချစ်တယ် ပိုပိုရယ်''

ဟန်းချိန်းလေးဝတ်ဆင်ထားတဲ့ သူမရဲ့လက်ကလေး ကို လှမ်းကိုင်ရင်း ကျွန်တော် ခပ်ညီးညီးပြောလိုက်တယ်။

♦

အဲ့ဒီညက အိမ်ရောက်တော့ ကျွန်တော် တော်တော် နဲ့ အိပ်မပျော်ဘူး။ လက်ဖက်သုပ်မစား၊ လက်ဖက်ရည်မ သောက်ဘဲ၊ မျက်လုံးတွေကြောင်ပြီး အတွေးတွေက လွန်းထိုး ခါက်ပြန်ပြေးလွှားနေကြတယ်။

စိတ်တည်ငြိမ်လိုတည်ငြိမ်ငြားဆိုပြီး၊ စက်ထဲရောက် နေတဲ့ အီးမေးလ်တွေကို ဖွင့်ဖတ်တယ်။ ဒါပေမယ့် ကျွန်တော့် စိတ်တွေ ဆောက်တည်ရာမရဖြစ်နေဆဲပဲ။ ပိုပို့ဆီ ဖုန်းဆက် ဖို့ စိတ်ကူးနဲ့ နာရီကြည့်လိုက်တော့ ညဆယ့်နှစ်နာရီကို တော်တော်ကျော်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဖုန်းမဆက်တော့ဘဲ မက်ဆေ့ဂျ်ပဲ လှမ်းပို့လိုက်တယ်။ မနက်မိုးလင်းတဲ့အခါ ညကတည်းက ပို့ထားတဲ့ သတင်းပို့ချက် မက်ဆေ့ဂျ်ကို သူမဖတ်မိမှာပါ။

''မင်းကို သိပ်ချစ်တယ်ပိုပို။ အဆုံးမခံနိုင်ဘူး၊ မင်းကော ဘယ်လိုလဲ''

မက်ဆေ့ဂျ်ပို့ပြီး တအောင့်ကြာတယ်ဆိုရင်ပဲ၊ တီ.. . တီ ဆိုပြီး ကျွန်တော့်ဖုန်းထဲကို သတင်းပို့ချက်တစ်ခု ဝင်ရောက်လာတယ်။ ကြည့်လိုက်တော့ သူမဆီကဖြစ်နေတယ်။

ME TOO (မင်းလိုပဲပေါ့) . . . တဲ့။

ကျွန်တော်လုပ်ခနဲ ဝမ်းသာသွားတယ်။ ဒါဆို . . . သူမလည်း အိပ်မပျော်သေးဘူးပေါ့။ ကျွန်တော် ချက်ချင်း ဖုန်းလှမ်းဆက်လိုက်တယ်။

''မီးတူး . . . ဆိုတာ ဘာအဓိပ္ပါယ်လဲ''

''ရှင့်လိုပဲပေါ့လို့ပြောတာ''

''ဟုတ်ပြီလေ။ အဲ့ဒါရဲ့ တိုက်ရိုက်အဓိပ္ပါယ်က ဘာလဲ''





''ချစ်ပါတယ် . . . တဲ့''

''မင်းကိုယ့်ကိုချစ်တယ်ပေါ့နော်''

''အင်း . . . ဟုတ်အင်း''

''ဘာတွေလဲ''

''ချစ်တာမဟုတ်ဘူး''

''ဒါဖြင့် . . .''

''သိပ် . . . သိပ် . . . ချစ်တာပါနေသစ်နီရယ်''

◆



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ရောင်တွေ ရွှန်းမြလို့
အိပ်မက်တွေက
ဝင်းပနေကြတယ်။

စံပယ်တွေ မွှေးကြူအောင်
ဘယ်အရာကများ
သွေးဆူစေခဲ့ပါလိမ့် . . . ။

မဟုတ်မှလွဲရော
လေထဲမှာ သင်းပျံ့နေတဲ့
ကိုယ်တို့ရဲ့ ချစ်ခြင်းရနံ့တွေကြောင့်ပဲ
ဖြစ်မယ်ထင်ပါတယ်။

◆◆◆



(၅)

ကျွန်တော်ရောက်သွားတော့ . . .

ရှော့ပင်းစင်တာ တစ်ခုလုံး တက္ကနိုဂီတသံနဲ့ ဆူညံတုန်ခါနေတယ်။

ကိုရီးယားစတိုင်ဝတ်ဆင်ထားတဲ့ ကောင်မလေးတွေနဲ့ ဟစ်ဟော့ ဘောင်းဘီတို၊ ဘတ်စကက်ဘော တီရှပ်တွေ ဝတ်ဆင်ထားတဲ့ ကောင်လေးတွေဟာ ဂီတသံနဲ့ မြူးကြွနေကြတယ်။ တကယ်တော့၊ အသက်အစိတ်တောင် မပြည့်တတ် သေးတဲ့ ကျွန်တော်ဟာလည်း ကောင်လေးပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



စင်ပေါ်မှာ (DJ) လုပ်နေတဲ့ သီဟက ကျွန်တော့်ကို မြင်တော့ လက်လှမ်းပြတယ်။ ပြီးမှ တစ်နေရာကို လက်ညှိုး ညွှန်တယ်။ အဲ့ဒီမှာ ဂျွန်ဆီးနားတို့ ရှိတယ်ဆိုတဲ့ သဘောပေါ့။ ကျွန်တော် ဂျွန်ဆီးနားတို့အုပ်စုနဲ့ ပူးပေါင်းဖို့ သူတို့ရှိရာကို သွားလိုက်တယ်။

တကယ်က ဒီနေ့ပွဲဟာ အာဆင်နယ်ရဲ့ ညီယောမင်း ကြီးတို့ရဲ့ပွဲပါ။ သူတို့ အခွေဖြန့်တဲ့ အထိမ်းအမှတ် ပရိုမိုးရှင်း လုပ်တဲ့ ပွဲလို့ပြောရမယ်။

''မင်း နောက်ကျတယ် ရသေ့နီ''

အာဆင်နယ်က ပြောတယ်။

''စိုင်းစိုင်းတို့တောင် လာအားပေးပြီး ပြန်သွားကြပြီ။ ကိုစောခူဆဲနဲ့ လာဇရတို့ ရောက်နေတယ်''

ယောမင်းကြီးက ဝင်ပြောတယ်။

''အာဆင်နယ် . . . မင်း ပိုပို့ကို တွေ့မိလား''

ကျွန်တော်မေးလိုက်တာပါ။ အာဆင်နယ်က ခေါင်းခါ ရမ်းပြီး၊ ဂျွန်ဆီးနားက ''လာမယ်ပြောလို့လား၊ ခုထိတော့ မတွေ့သေးဘူး'' လို့ပြောတယ်။ ဒီနေ့ပွဲမှာ ကျွန်တော်နဲ့





ဂျွန်ဆီးနားကို သီချင်းတစ်ပုဒ်ဝင်ဆိုပေးဖို့ ယောမင်းကြီးတို့က အကူအညီတောင်းထားတယ်။ ဒါကြောင့် ကျွန်တော့်ချစ်သူကို အချိန်မှီ ရောက်လာစေချင်တာပါ။

ဒါပေမယ့် . . . သူမကို ခုချိန်ထိ အရိပ်အယောင် မမြင်ရသေးဘူး။ ဖုန်းလှမ်းဆက်ပြီး ဘယ်ရောက်နေလဲလို့ မေးရင်ဖြစ်နိုင်ပေမယ့်၊ အသံတွေ ဆူညံနေတာမို့ ကျွန်တော် မဆက်ဖြစ်တော့ပါဘူး။

တအောင့်ကြာတော့ ယောမင်းကြီးက စင်ပေါ်တက်ဖို့ လာခေါ်တယ်။ ခဏစောင့်ပါအုံးလို့ အချိန်ဆွဲကြည့်ပေမယ့် မရတော့တာမို့ ဂျွန်ဆီးနားနဲ့ ကျွန်တော် စင်ပေါ်တက်လိုက် ရတယ်။

ပရိသတ်တွေကတော့ သိတဲ့အတိုင်းပဲလေ။ ဘယ် သူတက်တက် သူတို့ကြိုက်တဲ့ဂီတ အမျိုးအစားဖြစ်ရင် အားပေးတာပဲ။ အဲ . . . ခုလိုအချိန်မျိုးမှာ မော်ဒန်ရော့ခ်လို ဟာမျိုးတော့ သွားမဆိုနဲ့။ ရှော့ခ်တွေဖြစ်ကုန်နိုင်တယ်။ သူ့ခရိုး ကို သူ့ထိုးနဲ့သူ ဆောင်းပြီးလာကြတာမဟုတ်လား။ သူ့တို့ မျှော်လင့်တာက ဟစ်ဟော့၊ R&B ။

အင်ထရို မြူးဇစ်အဆုံး ကျွန်တော် ဖီးချားရင်းစဆို



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ ကောင်မလေးတွေက ခုန်ပေါက်ပြီး၊ ကောင်လေးတွေက လက်တွေမြှောက် အားပေးတယ်။ (ကျွန်တော့်မျက်လုံးတွေဟာ ပင်တဂွန်စစ်ဌာနချုပ်ရဲ့ ရေဒါလိုမျိုး လူအုပ်ထဲမှာ ဖြန့်ကျက်ပြီး မွှေနှောက်ရှာနေပေမယ့် သူမရဲ့ အရိပ်အယောင်ကိုတောင် မမြင်မိပါဘူး။)

အသည်းကွဲရောဂါသည် အဆိုတော် လာဇရ၊ တေလေမလေး ဂျွန်ဟမ်းနဲ့ ကိုရူဆော်ကို ထောင့်တစ်ထောင့်မှာတွေ့လိုက်ရတယ်။ သူတို့က အခြေအနေကောင်းတယ်။ ကြိတ်ထားဆိုတဲ့သဘောနဲ့ လက်မထောင်ပြကြတယ်။

ဂျွန်ဆီးနားက ဟာစ်ဟော့စာသား အရှည်ကြီးကို မနားတမ်းရွတ်သွားပြီး၊ ကျွန်တော်တစ်လှည့်ဆိုတယ်။ အဲ့ဒီနောက် ဟာစ်ဟော့တစ်ပိုဒ်ဝင်ပြီး သီချင်းဆုံးတော့မှာမို့ မိုက်ကိုစတင်းမှာ သွားထားလိုက်တယ်။ စင်ပေါ်က ဆင်းဖို့ လှေကားဘက်ကို လှည့်လိုက်တော့မှ လှေကားအလည်လောက်မှာ နှင်းဆီပန်းကိုင်ပြီး၊ ရပ်နေတဲ့သူမကို တွေ့မြင်လိုက်ရတယ်၊ ကြည့်ရတာ ကျွန်တော်တို့ဆိုပြီး မကြာခင်ရောက်နေပုံပါပဲ။

ခရမ်းရောင်ကိုယ်ကြပ်ဆွတ်တာလို့ အင်္ကျီနဲ့ ခြေသလုံးလည်လောက်ပဲ ရှည်တဲ့ဘောင်းဘီအနက်ကို ဝတ်ထားပြီး၊ ကြိုးသိုင်းဖိနပ်စီးထားတယ်။ ကြက်ခြေခတ်သဏ္ဍာန်သိုင်း





ကြိုးတွေက ခြေသလုံးတစ်ခုလုံးကို စည်းနှောင်ထားတာမို့ ရောမစစ်သည်တော်တွေကိုတောင် သတိရလာမိပါသေးတယ်။ (ဒိုင်းနဲ့ဒါးသာ အဆင်သင့်ရှိလို့ကတော့ ရောမကားတွေထဲမှာ တောင် ဝင်သရုပ်ဆောင်လို့ရနိုင်ပါရဲ့။)

အပြုံးလေးနဲ့ ကမ်းပေးလာတဲ့ နှင်းဆီပန်းကို ကျွန်တော် လှမ်းယူလိုက်တော့ ပရိသတ်ရဲ့ လက်ခုပ်သံတွေ ဆူညံသွားတယ်။ ကောင်လေးတချို့ရဲ့ လက်ခေါက်မှုတ်သံကိုတောင် ကျွန်တော်ကြားလိုက်ရပါသေးတယ်။

သိပ်တော့ မဆန်းလှပါဘူး။ ကျွန်တော်ကိုယ်တိုင် ကိုယ့်ရှေ့မှာ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို သရုပ်ဆောင်နေတာတွေ့ရင် ခုလိုပဲ အားပေးမိမှာပါ။

စင်အောက်ရောက်တော့ သူမက လူရှင်းတဲ့ တစ်နေရာကို ခေါ်သွားပြီး အသက်သုံးဆယ်အရွယ် အမျိုးသမီးတစ်ယောက်နဲ့ မိတ်ဆက်ပေးတယ်။

''ဒါ . . . ပို့အစ်မ မိုမိုလေ။ မနေ့ညကမှ မူဆယ်က ရောက်လာတာ။ အစ်မကိုစောင့်ခေါ်နေလို့ ပိုတို့နောက်ကျသွားတာ''

ပိုပို့ထက်စာရင် သူမရဲ့ အစ်မက တိုင်းရင်းသူနဲ့ပို



www.burmeseclassic.com

www.burmeseclassic.com



ပြီးတူတယ်။ ထုံးစံအတိုင်း တွေ့ရတာဝမ်းသာပါတယ် ဆိုတဲ့ လောကဝတ်စကားအနည်းအကျဉ်းပြောပြီးချိန်မှာတော့ သူမရဲ့ အစ်မက အပေါ်ထပ်တက်ပြီး ဈေးဝယ်အုံးမယ်လို့ ဆိုတယ်။ ကျွန်တော်နဲ့ ပိုပိုကိုတော့ အောက်ထပ်မှာပဲ အအေးသောက်ရင်း စောင့်နေပါဆိုလို့ ကျွန်တော်တို့နှစ်ယောက်အအေးဆိုင် ဘက်ထွက်လာခဲ့ကြတယ်။

"ပိုပို . . . မိုမို . . . ဘာအတွက် ရန်ကုန်ရောက်လာတာလဲ"

ဆိုင်ထဲရောက်ရောက်ချင်းပဲ ကျွန်တော်မေးလိုက်တယ်။

"ပို့ အခြေအနေကို အကဲခတ်နိုင်းဖို့ အပါးလွှတ်လိုက်တာဖြစ်မှာပေါ့။ မိုမိုကိုတော့ ညီအစ်မချင်းမို့ ညာမနေတော့ပါဘူး။ အားလုံး အမှန်အတိုင်းပွင့်ပွင့်လင်းလင်း ပြောပြလိုက်တယ်။ ယူ့ကိုလည်း အကဲခတ်နိုင်အောင် တမင်ခေါ်လာခဲ့တာ"

"ဒါများပိုရယ် တစ်ဆိုင်ဆိုင်မှာ အေးအေးဆေးဆေး ဆုံပေးတာ မဟုတ်ဘူး"

"မတူဘူးလေ ယူရဲ့၊ ခုလို ပရိသတ်ရှေ့မှာ ဖျော်





ဖြေနေတုန်းတွေ့ပေးလိုက်တော့ ယူ့ကိုပိုပြီး အထင်ကြီးသွားနိုင်တာပေါ့။ ဟိုမှာက ဒီလိုပွဲမျိုးတွေ ကြုံရတာ မဟုတ်ဘူးလေ"

ဒီလိုဆိုပြန်တော့လည်း သူမရဲ့အတွေးအခေါ်က မဆိုးလှပါ။

"မိုပိုကရော ပို့အဖေကို ဒီက အခြေအနေတွေ ပြန်မတိုင်မှာ သေချာရဲ့လား"

"မတိုင်လောက်ပါဘူး။ သူ အဲ့ဒီလိုတော့ မလုပ်လောက်ဘူး၊ အရေးကြီးတာက မိုမို ပိုတို့ဘက်ပါလာဖို့ပဲ"

ကျွန်တော် ပင့်သက်တစ်ချက်ကို ရှိုက်သွင်းလိုက်တော့ သူမက ကျွန်တော့်အား ခပ်စူးစူးစိုက်ကြည့်ရင်း . . .

"ဘာလဲ . . . ယူ စိတ်မောသွားပြီလား"

"နည်းနည်းပါ"

"ပို့ကို မချစ်မိရင် ကောင်းမှာပဲလို့ မတွေးမိဘူးလား"

"ခုချိန်ထိတော့ မတွေးမိသေးပါဘူး"

နောင်လည်း ဘယ်တော့မှ တွေးမိမှာ မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အလွန်အကျွံစကားမျိုးကိုတော့ ကျွန်တော် မပြောလိုက်ပါဘူး။ ဒါကြောင့်လည်း သူမရဲ့မျက်ဝန်းတွေ ဖျတ်ခနဲ မှိုင်းဝေသွားကြတာဖြစ်မှာပါ။

◆◆◆



(၆)

မိသားစုဝင်တွေက ပိုပိုလို့ခေါ်လေ့ရှိတဲ့ ပိုပိုပြည့်စုံရဲ့ မေမေဟာ သူမငယ်ငယ်လေးကတည်းက ဆုံးသွားခဲ့ပါတယ်။

သူမ ဆယ်တန်းအောင်တော့ ရန်ကုန်မှာ ကျောင်းတက်နိုင်ဖို့အတွက် စမ်းချောင်းက မြေညီထပ်နဲ့ ပထမထပ်တိုက်ခန်းနှစ်ခန်းကို သူမ ဖေဖေက ဝယ်ပေးတယ်။

ကျောင်းအပို့အကြိုအတွက် ကားတစ်စီးနဲ့ ယာဉ်မောင်းအဖိုးကြီးတစ် ယောက်ကို အချိန်ပိုင်းငှားပေးထားပြီး၊ သူမနဲ့အတူ ရန်ကုန်မှာလိုက်နေဖို့ အစ်မမိုမိုနဲ့ သူ့ လူယုံ



www.burmeseclassic.com

www.burmeseclassic.com



လင်မယား (ဦးလဟယ်၊ ဒေါ်ဘွန်း) သမီးလေး မိပဲကို ထည့်လိုက်တယ်။

သူမအဖေ ကိုယ်တိုင်ကတော့ သုံးလတစ်ခါလောက် ရန်ကုန်လာလေ့ရှိပြီး တစ်ခါရောက်လာရင်၊ တစ်ပတ်ဆယ်ရက်လောက်နေလေ့ရှိတယ်။ အစ်မမိုမိုက ရန်ကုန်မှာ လာနေတယ်ဆိုပေမယ့်၊ မူဆယ်ကို သွားချည်ပြန်ချည်ပါပဲ။ နောက်ပိုင်းဟိုမှာ အလုပ်တွေကောင်းလာလို့ ဟိုမှာပဲ အနေများပါတော့တယ်။

အဖေက လူယုံအဖြစ်ထားခဲ့တဲ့ ဦးလဟယ်တို့ လင်မယားကိုတော့ ပိုပိုက အရုပ်လေးတွေလိုပဲ သဘောထားပါသတဲ့။ သူတို့ခမြာလည်း အဖေအပေါ် သစ္စာရှိပေမယ့်၊ အတူနေသမီးအငယ်ကို ဦးစားပေးရတဲ့သဘော၊ နီးရာဓားကြောက်ရတဲ့သဘောထင်ပါတယ်။

ကျောင်းစရိတ်အတွက် ငွေကို အကန့်အသတ်မရှိ ပို့ပေးနေတဲ့အတွက်၊ သူမက အဲ့ဒီလင်မယားနှစ်ယောက်ကို ငွေနဲ့စည်းရုံးလိုက်နိုင်တာလည်းပါမှာပါ။

တကယ်လို့ သူတို့နှစ်ယောက်ကိုသာ မစည်းရုံးနိုင်ခဲ့လို့ရှိရင်၊ ကျွန်တော်နဲ့ သူမရဲ့ချစ်သူဖြစ်ဖို့ အရေးဟာ





နှောင့်နှေးကြန့်ကြာသွားနိုင်သလို၊ ရေစုန်လည်း မျောသွားနိုင်ပါသတဲ့။

ကျွန်တော်ကိုယ်တိုင်ကတော့ သူမမှာ မိသားစုမေတ္တာ ငတ်မွတ်နေမှုဟာ ကျွန်တော်နဲ့ချစ်သူဖြစ်သွားဖို့ အမြန်ဆုံး တွန်းအားပေးခဲ့တယ်လို့ ထင်ပါတယ်။

ကံကံရဲ့အကျိုးကို ယုံ ကြည်လက်ခံတဲ့ ကျွန်တော့်ရဲ့ ဘာသာရေးအမြင်အရ နောက်တစ်မျိုးပြောရရင် . . . .

'ဒါဟာ . . . ဖူးစာကြောင့်ပါ။ (ဒါပေမယ့် သူမကတော့ ယူ့ရဲ့မျက်ခုံးထူထူတွေကြောင့် . . . လို့ချီငြင်းပါတယ်။)'

ကျွန်တော်တို့ချစ်သူဖြစ်ပြီး တစ်လမပြည့်ခင် အစ်မမိုမိုရောက်လာရတာဟာ၊ သူမအဖေကြီး ရန်ကုန်ဆင်းမလာနိုင်တဲ့အခါက်မို့ သူ့ကိုယ်စားအစ်မမိုမိုကို လွှတ်လိုက်တာဖြစ်သလို၊ ညီအစ်မချင်းတိုးတိုးတိတ်တိတ် စကားအစ်အောက်ကြည့်ဖို့ စပိုင်လုပ်ခိုင်းလိုက်တာလည်း ဖြစ်တယ်။

ဒါပေမယ့် ခပ်ရိုးရိုး ခပ်ထုံထုံ အစ်မဖြစ်သူကို အလွန်လည်လှတဲ့သူ့ညီမက မူရာမာယာတွေနဲ့ ဆွဲဆောင်စည်းရုံးလိုက်နိုင်သလို၊ ကျွန်တော့်ရဲ့ အရေးတယူလေးလေးစားစား



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံခဲ့မှုကလည်း အစ်မမိုမိုကို ကျွန်တော်တို့လူ လုံးလုံးဖြစ်စေခဲ့ပါတယ်။

မိုမိုမပြန်ခင်တစ်ရက် ကျွန်တော်တို့ကို ခုလိုပြော တယ်။

''အေးပါဟယ်၊ ငါပဲ အပါးကို ကြည့်ကောင်းသလို ပြောပြလိုက်ပါ့မယ်၊ နင်တို့လည်း အနေအထိုင် ပိရိကြနော့''

''စိတ်ချပါ အစ်မမိုမို''

ကျွန်တော်က သိုသိုသိပ်သိပ်နေမယ့် အကြောင်းနဲ့ သူတို့အဖေ ရန်ကုန်ရောက်လာတဲ့အချိန်တွေ ပိုပိုနဲ့ အဆက် အသွယ်မလုပ်ဘဲ နေပါ့မယ်ဆိုတဲ့ အကြောင်းတွေ ကတိပေး လိုက်ပါတယ်။

အစ်မမိုမိုက ''နင်တို့ကို ဘုရားသခင် စောင့်ရှောက် ပါစေကွယ်'' လို့ ဆုတောင်းပေးတော့ ကျွန်တော့် ရင်ထဲမှာ ကျင်ခနဲခံစားလိုက်ရပါသေးတယ်။ ပိုပိုပြည့်စုံနဲ့ ကျွန်တော့် အကြားက ကွဲပြားခြားနားတဲ့ မတူညီမှုတွေကို ရုတ်တရက် စဉ်းစားလိုက်မိလို့ပါ။

ပိုပို့အလစ်မှာ ကျွန်တော်သိပ်သိချင်တဲ့ သူမကိုစေ့



ထားတဲ့အကြောင်း၊ မိုမိုကို စကားအစ်ကြည့်လိုက် တယ်။ ...က

''အဲ့ဒီကိစ္စကလိုပါသေးတယ်။ ပိုပို ကျောင်းပြီးမှ ...အေးအေးဆေးဆေးဖြစ်မှ အပါးက စီစဉ်မှာပါ''

လို့ ပြန်ပြောတယ်။ လုံးဝမဟုတ်ပါဘူးလို့ မငြင်းပေ ...၊ အချိန်ရသေးတယ်ဆိုတာကြောင့် ကျွန်တော်နည်းနည်း ...တော့ စိတ်အေးသွားရတယ်။

ပြန်ခါနီးမှာ မိုမိုက သူ့ညီမအတွက် လိုအပ်တာ ...ဝယ်ခြမ်းပေးသလို၊ သူမနေ့စဉ်သောက်နေရတဲ့ အားဆေး ...မျိုးကိုလည်း ဈေးကြီးပေးပြီး မရမက ရှာဝယ်ပေးခဲ့ပါ ...သေးတယ်။

ဘူတာဆင်းချိန် ကျွန်တော်တို့ လိုက်ပို့တော့ သူ့ညီမ ... ကလေးတစ်ယောက်လို တတွတ်တွတ်မှာနေသေးရဲ့။

''ဟဲ့ . . . ပိုပို အစားကို အချိန်မှန်မှန်စားနော်။ ...ဆေးတွေမှန်မှန်သောက်ဖို့လည်း မမေ့နဲ့။ သိလား''

သူ့ညီမကဖြင့် ရည်းစားထားတဲ့အရွယ်တောင် ...ောက်နေပြီ။ ဒါကြီးကို အားဆေးမှန်မှန်သောက်ဖို့ မှာနေ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်လို့ တွေးရင်း ကျွန်တော် ရယ်ချင်သွားတယ်။ အပြန်လမ်းမှာတော့ သူမက ဝန်ခံပါတယ်။

"မိုမိုက . . . ပို့ကိုသိပ်ချစ်တာ။ ခုချိန်ထိ ကလေး တစ်ယောက်လို မြင်နေတုန်းပဲ"

"ဒါဖြင့် . . . မင်း ကံကောင်းတာပေါ့"

"ဟုတ်တယ်၊ ယူနဲ့ချစ်သူ ဖြစ်ခွင့်ရတဲ့အတွက် ပိုပြီး ကံကောင်းတယ်"

"တကယ်လား . . . တကယ်လား"

"တကယ်ပေါ့ . . . တကယ်ပေါ့"

◆◆◆



## (၇)

လူတစ်ယောက်ဟာ ဘဝကို အဓိပ္ပါယ်ရှိရှိဖြတ်သန်းနိုင်ဖို့အတွက်ဆိုရင် တစ်စုံတစ်ရာအပေါ် ယုံကြည်သက်ဝင်နေဖို့လိုအပ်သလို၊ တစ်စုံတစ်ယောက်ကိုချစ်တဲ့စိတ်ဖြစ်ပေါ်နေဖို့လည်း လိုအပ်ပါသတဲ့။

ဒါဟာ အင်တာနက်ပေါ်တင်ထားတဲ့ ကျွန်တော့်အဖေရဲ့ (Blog) ဘလော့ဂ်တွေထဲက အိုင်ဒီယော်လော်ဂျီ စာသားတစ်ခုပါ။

အနုပညာအပေါ် သက်ဝင်ယုံကြည်တဲ့ ကျွန်တော်ဟာ ပိုပြည့်စုံဆိုတဲ့ တိုင်းရင်းသူကောင်မလေးအပေါ် လှုန်လွန်



www.burmeseclassic.com

www.burmeseclassic.com



ကျူးကျူးချစ်နေပြီဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့နေ့ရက်
ဟာ အဓိပ္ပါယ်တွေနဲ့ ပြည့်ဝလာပါတယ်။

သီချင်းရေးရင်း ဦးနှောက်တွေ ခြောက်ခမ်းလာ
အခါ၊ တစ်ခါတစ်ရံ ဖေဖေနဲ့ စိတ်အခန့်မသင့်တဲ့အခါ၊ ကျ
တော့်ရဲ့ထွက်ပေါက်ဟာ သူမဖြစ်တယ်။ ကျွန်တော်တို့
နေ့စဉ်မတွေ့နိုင်ရင်တောင် နေ့တိုင်းတော့ အဆက်အသွ
မပြတ်ခဲ့ပါဘူး။ ဆဲလ်ဖုန်းတွေဟာ ကျွန်တော်တို့နှစ်ယော
ဆက်သွယ်ဖို့ ကြားခံပစ္စည်းတွေဖြစ်ခဲ့သလို၊ တစ်ခါတ
သူမက အင်တာနက်ကဖေးကနေ အီးမေးလ်တွေ လှ
တတ်ပါသေးတယ်။

''သိပ်သတိရနေတယ်'' . . . ဆိုတာမျိုး။

''နောက်နေ့ကျောင်းကိုလာခဲ့ပါ'' . . . ဆိုတာ
တွေပါ။

ကျွန်တော်တို့နှစ်ယောက်ရဲ့ အဖြစ်သည်းပုံကို
ဆီးနားတို့ အာဆင်နယ်တို့ကတောင် မနာလိုဖြစ်လာကြတ
ထင်ပါရဲ့။ ''မင်းတို့နှစ်ယောက်ကတော့ လွန်လွန်းတယ်ကွ
လို့ မှတ်ချက်ချလာကြတယ်။





''ဒါကတော့ သိပ်ချစ်တတ်တဲ့သူတွေမှသာ ငါတို့
နှစ်ယောက်ကို နားလည်နိုင်မှာကွ''

''တော်ပါကွာ။ ငါတောင်ငါ့ကောင်မလေးဆီ တစ်ပတ်
သုံးခါပဲ အီးမေးလ်ပို့တယ်။ မင်းတို့က နေ့တိုင်းနီးပါးတွေ့နေ
လျက်နဲ့တောင် ဖုန်းဆက်လိုက်၊ စာပို့လိုက်နဲ့ မျက်စေ့နောက်
လာပြီ''

ဂျွန်ဆီးနားပြောလည်း ပြောစရာပါ။ ဒါပေမယ့်
ကျွန်တော့်တို့နှစ်ယောက်ကတော့ ဘေးလူတွေရဲ့ အမနာပ
စကားတွေကြောင့်တော့ဖြင့် ကျွန်တော်တို့ရဲ့ ဆက်ဆံရေးကို
သွေးအေးမပစ်လိုက်နိုင်ပါဘူး။ ကျွန်တော်တို့ချင်း နေ့စဉ်နီးပါး
တွေ့ကြပြီး၊ မတွေ့ဖြစ်တဲ့ရက်တွေမှာတော့ ဖုန်းဆက်ကြ။
စာပို့ကြနဲ့ပါပဲ။

အဲ့ဒီလို သည်းသည်းလှုပ်နေတာကို ကံကြမ္မာဆိုတဲ့
နတ်ဆိုးက မျက်စေ့စပါးမွေးစူးတယ် ထင်ပါရဲ့။ မိုးစက်တွေ
ပါးလျသွားတဲ့ တစ်ရက်မှာ ရန်ကုန်ရောက်ချလာတဲ့ သူမရဲ့
ဖခင်ကြီးနဲ့အတူ သတင်းဆိုးတစ်ခုကို လက်ဆောင်ထည့်ပေး
လိုက်ပါတယ်။

(သူမအဖေကြီး ရောက်နေတဲ့ရက်တွေမှာ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဟာ သူမကို အဆက်အသွယ်မလုပ်ဘဲ အောင့်အီးနေခဲ့ရတယ်။ သူမ အဖေပြန်သွားပြန်တော့လည်း ကျွန်တော့်ခမျာ သတင်းဆိုးကြောင့် စိတ်မချမ်းသာရပြန်ပါဘူး။)

ကြည့်လေ။ ကျောင်းပြီးမှ အေးအေးဆေးဆေးစီစဉ်မှာပါလို့ အစ်မမိုမိုပြောသွားတဲ့ကိစ္စကို ကျောင်းမပြီးခင် တရားဝင်စေ့စပ်ထားချင်တယ်လို့ သတို့သားလောင်းဘက်က တောင်းဆိုလာပါသတဲ့။

ဘာဖြစ်လို့လဲ။ ဘာကြောင့်မြန်မြန်ဆန်ဆန်ဆန္ဒစောလာကြတာလဲ။ ဒါဟာ သွေးရိုးသားရိုးကော ဟုတ်ရဲ့လားလို့ ကျွန်တော် သံသယနဲ့ တုန်လှုပ်လာပါတယ်။

''အခု စေ့စပ်တယ်ဆိုတာ ရိုးရာထုံးစံအရ မြန်းထားတဲ့ သဘောပဲ။ တရားမဝင်ဘူး . . . တဲ့။ ဒါကြောင့် တရားဝင်အောင် လူသိရှင်ကြားစေ့စပ်ထားချင်တယ်တဲ့။ ဟိုဘက်က အဲ့ဒီလို တောင်းဆိုလာတယ်လို့ အပါးကပြောတယ်''

''အဲ့ဒီတော့ . . . အဲ့ဒါဟာ ဘာအဓိပ္ပါယ်လဲ ပိုနီတေးလ်''

တစ်ခါတစ်ခါ ကျွန်တော် သူမကို အဲ့ဒီလိုခေါ်ပါတယ်။





သူမက လူကိုမြင်းမြီးနဲ့ မန္တိုင်းနဲ့ကွာလို့ ငြင်းဆန်ခဲ့ပေမယ့် နောက်ပိုင်းတော့လည်း လက်ခံခဲ့တယ်။

''ပြောပါအုံး ပိုနီတေးလ်''

''ပိုလည်း မပြောတတ်ဘူးကွယ်''

''မင်းအဖေကရော ဘာပြောလဲ။ ဘယ်လိုဖြစ်စေချင်သတဲ့လဲ''

''ခုတစ်ခေါက်တော့ . . . ဟိုဘက်က အဲ့ဒီလို တောင်းဆိုတယ်ဆိုတာကို အသိပေးရုံသက်သက်ပဲ။ ပိုပို . . . စဉ်းစားပေါ့လို့ပဲ ပြောတယ်။ နောက်တစ်ခေါက်လာရင်တော့ ပို့ဘက်က အဖြေပေးရလိမ့်မယ်နဲ့တူတယ်''

''အဲ့ဒီတော့ . . . ပို ဘယ်လိုစဉ်းစားထားသလဲ''

''ဘယ်လိုစဉ်းစားရမယ်မှန်းတောင် မသိတော့ပါဘူး''

မရေမရာ အဖြေစကားကြောင့် ကျွန်တော်တင်းခနဲ ဖြစ်သွားသလို စိတ်လည်းတိုသွားတယ်။

''ဘာလို့ မသိရမှာလဲ ပိုရဲ့။ တစ်ဘက်က တောင်းဆိုမှုကို လက်ခံရင်ခံ၊ လက်မခံရင် ငြင်းဆန်ဖို့ပဲ ရှိတာပဲ။ မင်း ဘာကိုတွေဝေနေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ ခပ်ဆတ်ဆတ် လေသံကြောင့် သူမ ဖျတ်ခနဲ့ မော့ကြည့်ပြီး သက်ပြင်းချတယ်။

**''မင်းကိုယ်မင်း ဘာမှမသိ နားမလည်တဲ့ ဆယ့်သုံးနှစ်သမီးလေးလို လုပ်မနေနဲ့တော့ ပိုပို။** ခုချိန်မှာ မင်းပြတ် သားမှဖြစ်တော့မယ်။ အရင်ကလို ကျောင်းပြီးမှ စီစဉ်မှာဆို ရင်၊ အဲ့ဒီကိစ္စကို ကိုယ်တို့မေ့ထားလို့ရသေးတယ်၊ အခုမေ့ လို့မရတော့ဘူး။ တစ်ဘက်က စေ့စပ်ဖို့တောင်းဆိုလာပြီ။ အဲ့ဒီတော့ မင်းတစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်မှ ဖြစ်တော့မယ်''

''ပိုလည်း ပြတ်သားချင်ပါတယ်''

''ဒါဖြင့်လည်း ပြတ်သားပေါ့၊ ဘာကမင်းကို မပြတ်မသားဖြစ်အောင် လုပ်နေလို့လဲ''

''အများကြီးပဲ''

''ဒါဆိုလည်း ဥပမာ . . . တစ်ခုလောက် ပြောစမ်းပါ''

''ဥပမာ . . . သူတို့ဆန္ဒကို ဆန့်ကျင်ရင် . . . ပို့ကိုသမီးအဖြစ်က အမွေပြတ်စွန့်လွှတ်လိမ့်မယ်''





''မင်းက အမွေတွေကို မက်နေတာလား''

''မိဘသားစု ဆက်ဆံရေး ဆုံးရှုံးရမှာကို နောက်ဆံတင်းနေတာ''

မပြတ်မသားတွေဝေနေတဲ့ ချစ်သူကိုကြည့်ရင်း၊ ကျွန်တော့်ဒေါသစိတ်တွေ ဆူဝေလာပါတယ်။ ကျွန်တော် အံကြိတ်ထားရာကနေ သူမကိုမေးလိုက်တယ်။

''ဒါဖြင့် . . . ကိုယ်ကရော ပိုပို။ မင်းကို ဘဝတစ်ခုလုံး ပုံပေးထားတဲ့ ကိုယ့်အတွက်ရော ထည့်မစဉ်းစားဘူးလား။ ကိုယ့်ကို ဆုံးရှုံးရမှာကော နောက်ဆံမတင်းဘူးလား။''

ထုံးစံအတိုင်းပါပဲ။ သူမ သက်ပြင်းချရင်း မပြတ်မသားလေသံနဲ့ ''နောက်ဆံတင်းပါတယ်'' လို့ဖြေတယ်။ ကျွန်တော် ခေါင်းကို ခပ်ဖြည်းဖြည်းခါရမ်းလိုက်မိတယ်။

အချစ်ကြီးရင် အမျက်ကြီးတယ်ဆိုတဲ့ စကားရှိပါရောလား။ ကျွန်တော် အမျက်ကြီးတာမျိုး မဟုတ်တောင်မှ သူမရဲ့ လေးတွဲ့တုန့်ဆိုင်းမှုတွေကို စိတ်ပျက်ဒေါကန်သွားရတာတော့ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း သွားကြားထဲကလေသံနဲ့ ခပ်ပြတ်ပြတ်ပြောလိုက်တယ်။

''ဒါဆိုလည်း … မင်းစဉ်းစားပါ ပိုပို။ အကောင်းဆုံးအဖြေထွက်အောင် အချိန်ယူ စဉ်းစားပါ။ ဒီအတောအတွင်း ကိုယ့်ကြောင့် မင်းဆုံးဖြတ်ချက်တွေ မမှားရအောင်။ မင်းနောက်ဆံမတင်းရအောင် ကိုယ်မင်းကို လာမတွေ့ဘဲ နေပါ့မယ်''

အဲ့ဒီနောက် ကျွန်တော်သူမဘေးက ချာခနဲ လှည့်ထွက်လာခဲ့ပါတယ်။

◆◆◆



(၈)

ဘယ်လိုလဲကွယ် … ။

လသာမယ်လို့

အသေအချာ

ယုံကြည်ထားပါလျက် …

ဟော့ ဒီကောင်ရဲ့

ညအော်ပရာဟာ

ကြယ်တွေနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြီးရတော့မှာထင်ရဲ့ . . . ။

တောင်းဆိုချက်တစ်ခုသာ

ခွင့်ပြုမယ်ဆိုရင်

ဥတုမမှားတဲ့တောင်ယာမှာ

အဖြူအမည်းသဲကွဲစွာ

ထွန်ယက်

ယုံကြည်ချက်နဲ့

အသက်ရှူချင်သူပါ . . . ။

◆

ဖတ်ရှုခဲ့ဖူးတဲ့ ဝတ္ထုတွေထဲမှာတော့ ခပ်ညှံ့ညှံ့ဇာတ်ကောင်တွေ အသည်းကွဲတဲ့အခါ အရက်ဘီယာတွေပိုရောင်းရပါသတဲ့။

တကယ့်တကယ်မှာတော့ ဆေးလိပ်တောင်မသောက်တတ်တဲ့ကျွန်တော်ဟာ၊ ကွမ်းယာထဲ ဗမာဆေးထည့်စားဖို့လည်း မစဉ်းစားပါဘူး။ ပြီးတော့ အသည်းလည်း ဟက်တက် ကွဲသေးတာမဟုတ်ပါဘူး။ မပြတ်မသား ဖြစ်နေ





တဲ့ ချစ်သူကို ပြတ်သားစေချင်ရုံသက်သက်နဲ့ ရှောင်နေတာလောက်ပါပဲ။

သူငယ်ချင်းတွေက ကျွန်တော့်ရဲ့အပြုအမူနဲ့ ပတ်သက်လို့ တစ်စုံတစ်ရာ မှတ်ချက်မချသလို၊ အကြံလည်း မပေးကြဘူး။ သူတို့ကြည့်ရတာဖြင့် . . .

''ကိုယ်မှန်တယ်ထင်လို့ ကိုယ်လုပ်တာ။ ကိုယ်ရှုတ်သမျှ ကိုယ်ခံ'' . . . ဆိုပြီး ဥပေက္ခာပြုထားကြတာမျိုးမဟုတ်ပေမယ့်၊ ကျွန်တော်တို့ပြဿနာနဲ့ ခပ်ကင်းကင်းနေချင်ကြပုံပါ။ သူတို့ရဲ့စိတ်အခြေအနေကို ခန့်မှန်းမိတာမို့ ကျွန်တော်ကလည်း အတင်းအကြပ်အကြံဉာဏ်တောင်းတာ၊ တိုင်ပင်တာမျိုးမလုပ်တော့ဘဲ၊ အကျိုးအကြောင်းကို အသိပေးရုံလောက်ပဲ ပြောပြလိုက်ပါတယ်။

အဲ့ဒီရက်တွေမှာ ကျွန်တော့်ဖုန်းကို ပိတ်ထားပြီး မေဖေ့အလုပ်တွေလုပ်ပေးစရာမရှိရင် အိမ်ထဲမှာပဲ နေတယ်။ သီချင်းနားထောင်လိုက်၊ မယ်လိုဒီတွေ ရှာလိုက်၊ စာသားတွေ ရေးလိုက်နဲ့ပေါ့။

တစ်ရက်တော့ ကားဆီထုတ်စရာနဲ့ သီချင်းခွေအသစ်တွေ ဝယ်စရာရှိလို့ ကျွန်တော်အပြင်ထွက်ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူမည်းရက်ပ်ါအဆိုတော် sean 'P Diddy' ရှောင်ပီဒစ်ဒီရဲ့ အခွေတစ်ခွေထွက်တယ်ဆိုလို့ပါ။ အလုပ်တွေပြီးတော့ သွားစရာလည်း မရှိတာနဲ့ ထိုင်နေကျ အင်တာနက်ကဖေးမှာ ဝင်ထိုင်ပြီး နက်ဂိမ်းဆော့ဖြစ်တယ်။ အဲ့ဒီအချိန်မှာပဲ သူမက ကျွန်တော့်ကားထဲမှာ တိတ်တိတ်ကလေး ဝင်ရောက်ပုန်းခိုနေခဲ့တာပါ။

ကျွန်တော်သေငယ်ဇောနဲ့ ပြောနေရင်တောင်မှ အလွယ်တကူ မှတ်မိနိုင်တဲ့ သူမရဲ့ ကိုယ်သင်းနံ့ကြောင့် အဲ့ဒီလို ပုန်းနေခဲ့တာကို ကျွန်တော် ချက်ချင်းပဲ ရိပ်မိလိုက်တယ်။

အဲ့ဒီနောက်တော့ . . . ။

◆◆◆



(၉)

''ယူ . . . ပို့ကို စိတ်ဆိုးနေတုန်းပဲလား''

ကားပေါ်ကဆင်းပြီး လမ်းဘေးအုတ်ခုံမှာ သွားထိုင်နေမိတဲ့ ကျွန်တော့်နားကို လျှောက်လာရင်း သူမက မေးတယ်။ ကျွန်တော် ဘာမှမဖြေတော့ သူမဘာသာ ဆက်ပြောတယ်။

''ဒီရက်တွေ အတွင်းမှာ ပိုတို့ရှေ့ရေးအတွက် သေသေချာချာ စဉ်းစားဖြစ်ပါတယ်။ စိုးရိမ်စရာအချက်တစ်ခုကိုလည်း ထပ်တွေ့လာတယ်။ အဲ့ဒါကတော့ ယူ့ဖေဖေပဲ''

''ဘာဆိုင်လို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



''ယူ့ဖေဖေက ပိုနဲ့ သဘောတူမှာမဟုတ်ဘူး''

''အဲ့ဒါက ကိုယ့်ကိစ္စပါ ပိုရဲ့။ မင်းစိတ်ပူစရာမလိုပါဘူး။ နောက်ပြီး ဖေဖေက လစ်ဘရယ် ဆန်တဲ့လူ။ ခေတ်မှီတဲ့လူလို့ ကိုယ်ပြောဖူးသားပဲ။ သူသဘောတူမှာပါ''

''တကယ်လို့ သဘောမတူရင်ကော . . .''

''တူမှာပါ ပိုရဲ့။ စိတ်ချပါ''

''ဟုတ်ပါပြီ။ ပိုက စကားအဖြစ်မေးတာပါ။ မတူရင် ယူ ဘာလုပ်မလဲ''

ဖေဖေရဲ့စိတ်ကို ကျွန်တော်ကလွဲပြီး ဘယ်သူကမှ ပိုသိနိုင်မှာတဲ့လဲ။ ဖေဖေ သဘောတူမှာပါလေ။ ဒါပေမယ့်

သူမက ''အကယ်၍သာ . . .'' ဆိုတဲ့သဘောနဲ့ အတင်းအ ကြပ်မေးနေတာမို့ ကျွန်တော်ခပ်ပြတ်ပြတ် တုန့် ပြန်လိုက်ပါတယ်။ (ကျွန်တော့်ကိုလည်း တွေဝေသူလို့ သူ့ ထင်မသွားစေချင်ဘူး မဟုတ်လား။)

''တကယ်လို့ သဘောမတူခဲ့ရင်လည်း အဲ့ဒီသဘော တူခြင်း၊ မတူခြင်းဟာ ကိုယ်တို့နှစ်ယောက်လက်ထပ်မယ့်ကိစ္စ မှာ ဘယ်လိုအကျိုးသက်ရောက်မှုမှ မရှိစေရဘူးကွာ''



''ပို့ကို အပါးတို့ရဲ့ ထောက်ပံ့မှုရပ်ဆိုင်းလိုက်ရင်တောင် ယူ့ဖေဖေရဲ့ သဘောတူမှု မတူမှုက အရေးမပါဘူး ဆိုတဲ့သဘောလား''

သူမ ဘာကိုရည်ရွယ်နေသလဲဆိုတာ ကျွန်တော် ကောင်းကောင်းရိပ်မိပါတယ်။ ဒါကြောင့် ခေါင်းကို အလေး အနက်ညိတ်ရင်း ကျွန်တော်ပြန်ပြောလိုက်တယ်။

''ဟုတ်တယ် ပို။ မင်းကို မိသားစုက အမွေဖြတ်ပြီး၊ ကိုယ့်အဖေက သဘောမတူရင်တောင် စိတ်မပူနဲ့ ကိုယ်ရှာ ကျွေးမယ်''

ကျွန်တော် ခိုင်ခိုင်မာမာပြောလိုက်တဲ့ စကားအပေါ် သူမရဲရဲဝံ့ဝံ့ယုံကြည်သွားတယ် ထင်ပါရဲ့။ သက်ပြင်းတစ်ချက် ချပြီး ကျွန်တော့်ဘေးအုတ်ခုံမှာ လာထိုင်တယ်။ ပူးပူးကပ်ကပ် နဲ့ကို ဝင်ထိုင်တာပါ။

ပြီးမှ ကျွန်တော့်ပုခုံးကို ခေါင်းမှီရင်း တိုးတိုးလေး ပြောတယ်။

''ဒါဖြင့် . . . ပိုတို့မှာ လုပ်စရာတစ်ခုတည်းရှိတော့ တာပေါ့''

''ဘာလဲ ပို''



www.burmeseclassic.com

www.burmeseclassic.com



''လက်ထပ်ကြမယ်လေ၊ ပိုတို့နှစ်ယောက် အမြန်ဆုံး လက်ထပ်ကြတာပေါ့''

ကမ္ဘာပေါ်မှာ အပျော်ဆုံးလူတွေကို စာရင်းကောက်ရင် အဲ့ဒီအချိန်မှာ ကျွန်တော်ထိပ်ဆုံးက ပါမယ်ထင်ပါတယ်။

◆◆◆



( ဒုတိယပိုင်း / SECOND HALF )

www.burmeseclassic.com

www.burmeseclassic.com

## (၁)

လပြည့်ညဟာ ဖြူလွဲဝင်းပနေတယ်။ အပျိုမလေး လမ်းလျှောက်သလို၊ ရွေ့တယ်ဆိုရုံလေး၊ ရွေ့လျားလာတဲ့ လေပြေဟာ စံပယ်ပန်းရနံ့တွေကို တင်ဆောင်လာကြတယ်။ အစောကြီး အိပ်ရာဝင်လေ့ရှိတဲ့ရပ်ကွက်လေးကတော့ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေပါပြီ။

ဟော့ဒီရပ်ကွက်လေးထဲမှာ တက္ကနိုဂီတနဲ့ ဆူညံမြူးကြွနေတဲ့ ကလပ်ခန်းမတွေ မရှိသလို၊ အင်တာနက်ကဖေးတွေလည်း မရှိဘူး။ စကာဒ်တိုတိုနဲ့ အရောင်းမြှင့်တင်ရေးသုံမပျိုတွေကြောင့် ဈေးဝယ်တွေ ကြိတ်ကြိတ်တိုးတဲ့ ရှော့ပင်း



www.burmeseclassic.com

www.burmeseclassic.com



စင်တာတွေ မရှိသလို၊ အဆင့်မြင့် ဒီဗီဒီရုပ်ရှင်ရုံတွေလည်း မရှိပါဘူး။

ကျေးလက်မျက်နှာပေါ်မှာ မြို့ပြရဲ့ မိတ်ကပ်အနည်းအကျဉ်းဖို့ထားတာကလွဲရင် ဟော့ဒီမြို့သစ်ကလေးဟာ မာယာမများလှပါဘူး။ မြို့ပြရဲ့ ပါရာဒိုင်းတွေနဲ့သာ အချိုးတကျဖြစ်ခဲ့တဲ့ ကျွန်တော်ဟာ ဟော့ဒီဒဂုံမြို့သစ်လေးကို စရောက်တော့ မနေတတ်ခဲ့ပါဘူး။ တကယ်လို့များ ကျွန်တော့်ဘေးနားမှာသာ သူမ မပါရင် ပိုပြီးနေရထိုင်ရ ခက်မှာ သေချာပါတယ်။

ဒါပေမယ့် သူမကတော့ ဒဂုံမြို့သစ်ကလေးကို သဘောကျပါသတဲ့။ အာဆင်နယ်တို့ကလည်း . . .

''လက်ထပ်ပြီးစ ဇနီးမောင်နှံတွေအတွက် မြို့သစ်နဲ့ ကျေးလက်တွေဟာ ပျားရည်ဆမ်းဖို့ အကောင်းဆုံးနေရာပဲ'' လို့ ဝိုင်းပြောကြပါတယ်။ ကျွန်တော့်အတွက်တော့ သူမပါရင် နေရာတိုင်းဟာ ကြယ်ငါးပွင့်ဟိုတယ်တွေဖြစ်နိုင်သလို မန္တလေး ရွှေချနန်းတော်တွေလည်း ဖြစ်နိုင်ပါတယ်။ ချစ်ခြင်းမေတ္တာဆိုတာ သဲကန္တာရထဲမှာတောင် အိုအေစစ်တွေကို မြင်ယောင် ဖန်ဆင်းပေးနိုင်တာမျိုး မဟုတ်လား။





''ယူ . . . တရေးနိုးတာလား။ ဒါမှမဟုတ် အိပ်မပျော်သေးတာလား''

တိုးဖွဖွထွက်ပေါ်လာတဲ့အသံကြောင့် ကျွန်တော်ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ ပန်းနုရောင်ညဝတ်အင်္ကျီဖားဖားကြီးနဲ့ သူမကိုတွေ့လိုက်ရတယ်။

''ကိုယ် တမင်မအိပ်သေးတာပါ''

''ဘာဖြစ်လို့လဲ''

''လပြည့်ညကို အိပ်ပစ်လိုက်ရမှာ နှမြောလို့ ပိုရဲ့''

တိုးတိုးညှင်းညှင်းရယ်ရင်း တရေးနိုးလာတဲ့ သူမ ကျွန်တော့်ဘေးနားလာထိုင်တယ်။ ပြီးမှ . . .

''ယူ မနက်ဖြန်မြို့ထဲသွားက်မှာလား'' လို့မေးတယ်။

''ကိုယ့်ကို မြို့ထဲထွက်စေချင်ပြီလား။ ဘာလဲ ဟန်းနီးမွန်းကာလ ကုန်ဆုံးပြီဆိုတဲ့ သဘောလား ပို''

''မဟုတ်ပါဘူး ယူရဲ့။ ပိုတို့ရဲ့ ဟန်းနီးမွန်းကာလက ဘယ်တော့မှ မကုန်ဆုံးနိုင်ပါဘူး။ ယူ မြို့ထဲထွက်မယ်ဆိုရင် မှာစရာရှိတာတွေ စာရင်းလုပ်ထားချင်လို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



''လုပ်ချင်လုပ်ထားလေ။ မနက်မထွက်ဖြစ်လဲ၊ နောက်နေ့ထွက်မှာပေါ့။ ဒါနဲ့ ပို ဘာဖြစ်လို့ တရေးနိုးလာတာလဲ''

''အိပ်မက်မက်လို့။ အိပ်မက်ထဲမှာ ယူ့အဖေက နိုင်းစရာရှိလို့ နေသစ်နီ ခဏလိုက်ခဲ့ပါဆိုပြီး လာခေါ်သွားတယ်တဲ့။ အဲ့ဒီတော့ . . . ပိုတစ်ယောက်ထဲ ကျန်ခဲ့ပြီး ငိုတာပေါ့။ ငိုရင်း အိပ်ရာကလန့်နိုးတော့ ဘေးနားမှာ ယူ့ကိုမတွေ့ဘူး။ ပိုဖြင့် ထူပူပြီး လန့်သွားတာပဲကွယ်။ ကြောက်လိုက်တာလည်း အရမ်းပဲ''

ပြောနေရင်း ယခုပင် ကြောက်ရွံ့လာဟန်နဲ့ သူမပင့်သက်တချက်ကို အမောတကောရှိုက်သွင်းလိုက်တယ်။

''မကြောက်ပါနဲ့ ပိုရဲ့။ ကိုယ်မင်းကိုထားပြီး ဘယ်မှထွက်မသွားဘူး။ စိတ်ချ''

''တကယ်နော်''

''တကယ်ပေါ့။ မခွဲနိုင်လို့ လက်ထပ်ယူထားရတဲ့ မိန်းမကို ထားပြီး ကိုယ်ကထွက်သွားပါ့မလား ပိုရယ်။ ဘယ်တော့မှ အဲ့ဒီလို မလုပ်ဘူး''

''ယူ ကတိပေးလား''





''ပေးတယ်''

''အိုကေ . . . ဒါဖြင့် ယူ့ကိုဆုချမယ်''

သူမ ထိုင်ရာကထရပ်ပြီး ကျွန်တော့်နဖူးကို ငုံ့နမ်းပါတယ်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## (၁)

"ဖေဖေ မနက်ဖြန် အပြင်သွားစရာရှိသလား"

အင်တာနက်က ဆွဲချထားတဲ့ စာရွက်တစ်ထပ်ကြီးကို ဖတ်နေရာက ဖေဖေမော့ကြည့်ပြီး ခေါင်းရမ်းတယ်။

"အရေးတကြီးသွားစရာ မရှိပါဘူး။ ကိစ္စရှိလို့လား"

"ဖေဖေ့ကို မိန်းကလေးတစ်ယောက်နဲ့ ဆုံပေးချင်လို့ပါ"

"ဘာလဲ။ စမ်းချောင်းက အသားဖြူဖြူကောင်မလေးလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို မကြည့်ဘဲ ဖေဖေ မေးလိုက်တာပါ။ ဖေဖေ ဘယ်လိုသိသလဲလို့ ကျွန်တော်ပြန်မေးမနေတော့ပါဘူး။ ဖေဖေ သိပြီးသားဖြစ်လိမ့်မယ်ဆိုတာ ကျွန်တော် သိထားပါတယ်။

''သားက ဘာအတွက် ဖေဖေ့ဆီခေါ်လာပြီး ဆုံပေးစေချင်တာလဲ''

''ဖေဖေ အကဲခတ်ချင်မလားလို့ပါ''

''ဘာအတွက်လဲ သား။ ဘာကြောင့် ဖေဖေက အကဲ ခတ်ချင်ရမှာလဲ''

ထုံးစံအတိုင်း အရယ်အပြုံးမရှိတဲ့ သံမဏိမျက်နှာနဲ့ ဖေဖေ အေးစက်စက်ပြန်မေးတယ်။ ခုချိန်မှာ ဖေဖေ့ရဲ့ သွေးအေးတည်ငြိမ်မှုတွေကို ခွာချနိုင်မယ့် စကားလုံးမျိုးရှိရင် ဘယ်လိုစကားလုံးပဲဖြစ်ဖြစ် ကျွန်တော် အသုံးပြုဖို့ အဆင်သင့်ပါပဲ။

''ကျွန်တော် သူနဲ့လက်ထပ်ရင် ဖေဖေ သဘောတူမတူ ဆုံးဖြတ်နိုင်အောင်လို့ပါ''

ဖေဖေ နည်းနည်းအံ့သြသလိုဖြစ်သွားပေမယ့် သွေး





အေးတည်ငြိမ်မှုတွေတော့ ပျက်ယွင်းမသွားဘူး။ ဒါပေမယ့် လက်ထဲက ဖတ်လက်စ စာရွက်တွေကိုတော့ ချလိုက်ပါတယ်။ ပြီးတော့ ဆုံလည်ကုလားထိုင်မှာ ကျောမှီလိုက်တယ်။

''ဘာမှ နာမည်မပေးရသေးတဲ့ ပန်းချီကားက ပိုလှတယ် သား။ ဘာမှ မထည့်ရသေးတဲ့ ခွက်အလွတ်က ပိုတန်ဖိုးရှိတယ်။ မင်း ကောင်မလေးတွေနဲ့ ကြိုက်သလောက်တွဲ၊ ဖေဖေ ဘာမှ မပြောဘူး။ အိမ်ထောင်ရေးဆိုတာကိုတော့ လောလောဆယ် မင်းမစဉ်းစားနဲ့အုံး''

''ကျွန်တော် သိချင်တာက ပိုပိုနဲ့ ကျွန်တော့်ကို ဖေဖေ သဘောတူနိုင် မတူနိုင်ဆိုတာပါ၊ ဖေဖေ ပြောသလို နောင်တစ်ချိန်မှ လက်ထပ်မယ်ဆိုပါတော့။ ဖေဖေ သဘောတူမှာလား''

''အဲ့ဒါကို နောင်တစ်ချိန်မှ ဆွေးနွေးလို့မရဘူးလား နေသစ်နီ''

''မရဘူး ဖေဖေ''

''ဘာဖြစ်လို့လဲ''

''ကျွန်တော် သူ့ကိုလက်ထပ်မှ ဖြစ်တော့မှာမို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ မျက်နှာသွေးဆုပ်ဖြူရော်သွားတယ်။ ဖေဖေ့ မျက်လုံးတွေထဲက တောက်ပတဲ့အရိပ်အရောင်တွေ ဖျတ်ခနဲ မှိုင်းဝေသွားတယ်။ ဒါပေမယ့် ခဏလေးပါပဲ။ အချိန်တိုလေး အတွင်းမှာ ဖေဖေ့မျက်နှာဟာ သံမဏိမျက်နှာပြန်ဖြစ်လာပါ တယ်။

"အဲ့ဒီအခြေအနေအထိတောင် ဖြစ်သွားရသလား နေသစ်နီ"

"ဟင့်အင်း။ မဟုတ်ဘူး ဖေဖေ။ ဖေဖေ ထင်သလို မဟုတ်ဘူး။ သူ့ကို သူ့အိမ်က တခြားလူတစ်ယောက်နဲ့ ပေး စားတော့မှာမို့ပါ။ ဒါကြောင့် . . . ကျွန်တော် အမြန်ဆုံး လက်ထပ်ချင်တာ"

တကယ်က တခြားတစ်ယောက်နဲ့ စေ့စပ်ရုံတင်ပါ။ ဒါပေမယ့် ကျွန်တော့်အတွက် အခြေအနေက သိပ်အရေးကြီး နေတယ်လို့ ဖေဖေ ထင်သွားစေချင်လို့ ပိုပြောလိုက်တာပါ။

"အသက်နှစ်ဆယ့်သုံးနှစ်ဆိုတဲ့ အရွယ်ဟာ အိမ် ထောင်တစ်ခုကို ထူထောင်ဖို့ စောသေးတယ်လို့ မင်းမထင် မိဘူးလား နေသစ်နီ။ တကယ်လို့ အသက်အရွယ်အရ မစော ရင်တောင် မင်းရဲ့ဘဝအတွေ့အကြုံအရ မစောနိုင်ဘူးလား။



မနေ့တစ်နေ့ကမှ စာသင်ခန်းထဲက ထွက်လာတဲ့မင်းမှာ ဘာ အတွေ့အကြုံတွေ ရှိနေပြီလဲ။ ဝါသနာအရဖြစ်စေ . . . ဘဝ လိုအပ်ချက်အရဖြစ်စေ ထူထောင်ထားတဲ့ ဘာလုပ်ငန်းတွေ ရှိနေပြီလဲ။ ဖေဖေ့ကို နည်းနည်းလောက် ရှင်းပြစမ်းပါ"

ကျွန်တော်သိတယ်။ ကျွန်တော့်မှာ အလုပ်အကိုင် ယမ်မယ်ရရ မရှိသေးတာကို အားနည်းချက်တစ်ခုအနေနဲ့ ဖေဖေ ထောက်ပြလိမ့်မယ်ဆိုတာ။

ဒါပေမယ့် ကျွန်တော်သိချင်တာက ရိုးရိုးလေးပါ။ ဖေဖေ သဘောတူသလား။ ဒါမှမဟုတ် သဘောမတူဘူးလား။

"ဖေဖေ သူ့ကိုသဘောမကျဘူးလား။ ဒါမှမဟုတ် သဘောမတူနိုင်တာလား"

ကျွန်တော် ဖေဖေ့ကို တည့်တည့်ကြည့်ပြီး တည့်တည့် ပဲ မေးလိုက်ပါတယ်။ ဖေဖေကလည်း ကျွန်တော့်ကို ပြန်ကြည့် တယ်။

"ဖြစ်နိုင်ရင် အဲ့ဒီအဆင့်အထိ မဆွေးနွေးချင်တာ အမှန်ပဲ နေသစ်နီ။ ဒါပေမယ့် . . . မင်းက သိရမှဖြစ်မယ်ဆို ရင် ဖေဖေပြောမယ်။ ဖေဖေ စိတ်မကောင်းပါဘူး။ သူနဲ့ မင်းကို သဘောမတူနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့စကားက ပြတ်သားလှပါတယ်။ ကျွန်တော် ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရတယ်။ ( ကျွန်တော်က ဖေဖေ သဘောတူလိမ့်မယ်လို့ ကြိုတင်မျှော်လင့်ထားခဲ့တာ မဟုတ် လား။ ဘယ်လောက်ပဲ အခြေအတင်ငြင်းငြင်း နောက်ဆုံး တော့ ခွင့်ပြုလိုက်လျောလိမ့်မယ်လို့ ထင်ထားခဲ့တာ မဟုတ် လား။)

''ဘာကြောင့်လဲ ဖေဖေ။ ဘာကြောင့် သဘောမတူ နိုင်ရတာလဲ''

''ဘာကြောင့်လဲဆိုတာ သားသိပါတယ်။ ဖေဖေ ရှင်းပြနေစရာမလိုပါဘူး''

''ဖေဖေပြောတာ အချစ်နဲ့လူမှုရေးမှာ ပုဂ္ဂိုလ်ရေး မထားရဘူးဆို''

''ခု . . . ဆွေးနွေးနေတာက . . အိမ်ထောင်ရေးပေါ့ သား။ အိမ်ထောင်ရေးမှာ အသွင်တူဖို့ လိုတယ်။ အသွင်တူမှ အိမ်သူဖြစ်တယ်။ ခု ဖေဖေ . . . ပြောတာတွေကို အချိန်ယူပြီး စဉ်းစားပါသား''

ကျွန်တော် ဖေဖေ့ကို မကြည့်ဘဲ တစ်လုံးချင်းပြတ်ပြတ် ပြောလိုက်တယ်။





''အချိန်မပေးနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး ဖေဖေ''

''သား . . . မင်းဆိုလိုတာက''

''ဟုတ်တယ် ဖေဖေ။ ကျွန်တော် သူ့ကို အမြန်ဆုံး လက်ထပ်တော့မယ်''

ဖေဖေ ကြက်သေသေသွားတယ်။ ဖေဖေ့မျက်နှာပေါ် က သံမဏိမျက်နှာဖုံးကွာကျသွားတယ်။ သူတားရင် သူ့သား ကျွန်တော်က သူ့စကားကို နားထောင်လိမ့်မယ်လို့ ဖေဖေ ထစ်ထစ်ချယုံဆထားပုံပါ။ ( ကြေရောပေါ့ ဖေဖေ။ ) ကျွန်တော်တောင် ဖေဖေသဘောတူလိမ့်မယ်လို့ မျှော်လင့် ထားသေးတာ မဟုတ်လား။

''လက်စသတ်တော့ မင်းက ဖေဖေ့ကို လာတိုင်ပင် တာမဟုတ်ဘဲ၊ မင်းရဲ့ဆုံးဖြတ်ချက်ကို လာပြီးအသိပေးနေတာ ကိုး။ ကောင်းပြီလေ။ ဆုံးဖြတ်ထားပြီးပြီဆိုတော့ သားရဲ့ ဆုံးဖြတ်ချက်အတိုင်း ဆက်လုပ်ပေါ့။ တစ်ခုတော့ ဖေဖေ ပြောလိုက်မယ်။ သားတို့နှစ်ယောက်ရဲ့ရှေ့ရေးကို ဖေဖေ ဘာမှ အကူအညီမပေးနိုင်ဘူး''

''ကိစ္စမရှိပါဘူး ဖေဖေ။ ကျွန်တော်ကလည်း တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဆီက အကူအညီရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး''

ကျွန်တော် ဖေဖေ့ရှေ့ကလှည့်ထွက်လာခဲ့တယ်။ အခန်းဝရောက်တော့ ဖေဖေ နောက်ကနေလှမ်းခေါ်ပါတယ်။ ကျွန်တော်လှမ်းလက်စ ခြေလှမ်းတွေကို တုန့်ခနဲရပ်လိုက်တယ်။ ဒါပေမယ့်... ဖေဖေ့ဘက်ကိုတော့ လှည့်မကြည့်ဖြစ်ဘူး။ တခြားကြောင့်မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ ရစ်ဝဲနေတဲ့ မျက်ရည်တွေကို ဖေဖေတွေ့မြင်သွားမှာ စိုးလို့ပါ။

ဒီတစ်ခါတော့ ဖေဖေ့ရဲ့အသံက ခံစားချက်ကင်းမဲ့တဲ့ နေအေးစက်စက် အသံမျိုးမဟုတ်ပါဘူး။ နွေးထွေးပြီး လှိုက်လှိုက်လှဲလှဲ ရှိလှပါတယ်။

''ဖေဖေ စိတ်မကောင်းပါဘူး သားရယ်''... တဲ့။

◆◆◆



(၂)

ရန်ကုန်မြို့လယ်ခေါင်ကနေ ဒဂုံမြို့သစ်မှာရှိတဲ့ အာဆင်နယ်တို့ ပိုင်တဲ့အိမ်လေးကို ကျွန်တော့်ကားနဲ့ ကျွန်တော်မောင်းရင် (၂၁) မိနစ်ခွဲကြာပါတယ်။ အာဆင်နယ်ကိုယ်တိုင်မောင်းရင် နှစ်မိနစ်လောက်တော့ ပိုစောနိုင်တယ်။ ဒါဟာ အရင်က ကျွန်တော်တို့ အလောင်းအစားလုပ်ခဲ့ဘူးတဲ့ စံချိန်ပါ။ အဲ့ဒါထက်မြန်အောင် ဘယ်သူမှမမောင်းနိုင်ဘူး။

သေချာတာက ငါးမိနစ်၊ ဆယ်မိနစ်နဲ့တော့ ဘယ်သူမှ မရောက်နိုင်ဘူး။ ဆိုလိုတာက ဝေးတယ်။ ကိုယ်ပိုင်ကားနဲ့တောင် မိနစ်နှစ်ဆယ်လောက် မောင်းရရင် ဘတ်စ်ကားနဲ့ဆို၊ ဘယ်လောက်တောင် ကြာမှာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တစ်ခါမှ ဘတ်စ်ကားနဲ့ စီးမကြည့်ခဲ့ဖူးသလို၊ စံချိန်လည်း မမှတ်ခဲ့ဖူးဘူး။ ဒါပေမယ့် သိပ်မကြာခင် စီးကြည့်ရတော့မှာပါ။ ဘာလို့ဆို . . . ကျွန်တော့်ကားသော့ကို မေမေ့လက်ထဲ အပ်ခဲ့ရပြီမဟုတ်လား။ လက်ကိုင်ဖုန်းကိုတော့ မေမေက ယူသွားစေချင်တယ်။

''ဖုန်းပါသွားမှ သားဘယ်ရောက်ပြီး၊ ဘာဖြစ်နေလဲဆိုတာ မေမေတို့ သိမှာပေါ့ကွယ်''

''နေပါစေ မေမေ မယူတော့ပါဘူး။ သားမှာ အရေးတကြီးဖုန်းဆက်စရာ ဘာကိစ္စမှမရှိပါဘူး။ ပြီးတော့ ဖေဖေ ပြောဖူးတဲ့စကားတစ်ခွန်းလည်း ရှိတယ်လေ။ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ချင်တဲ့လူဟာ သူများဆင်ပေးထားတဲ့ ဖိနပ်ကိုလည်း ချွတ်ပစ်ရဲရတယ်တဲ့။ သားက . . . ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ချင်တာပါ မေမေ''

မေမေ သက်ပြင်းချတယ်။ စိတ်ထဲကနေ . . . ခေါင်းမာတဲ့ကလေးပဲ . . . လို့ တွေးချင်လည်း တွေးနေမှာပါ။ အဲ တူသားပဲဆိုတဲ့ အတွေးမျိုးတွေးရင်တော့ ကျွန်တော် ကန့်ကွက်မှာ မဟုတ်ပါဘူး။

မေမေ့ကို ကျွန်တော် ထိုင်ကန်တော့လိုက်တယ် (ဖေဖေက အခန်းတံခါးကို ပိတ်ထားတာမို့ အပြင်ကပဲ ဦးချလိုက်ပါတယ်။) အဲ့ဒီနောက် ကျွန်တော့် အဝတ်အစားအိတ်တွေဆွဲပြီး အိမ်က ထွက်လာခဲ့တယ်။ ကျွန်တော့် ပိုက်ဆံအိတ်ထဲမှာ မေမေ ပေးလိုက်တဲ့ မုန့်ဖိုးအတော်သင့်ပါသလို၊ ဘောင်းဘီနောက်အိတ်ထဲမှာ ဘဏ်စာအုပ်တစ်အုပ်ပါတယ်။ ဆယ်တန်းအောင်တုန်းက တစ်ခါ၊ ကျောင်းပြီးတော့ တစ်ခါ ရထားခဲ့တဲ့ မုန့်ဖိုးတွေကို စုဆောင်းထားတာမို့ အဲ့ဒီဘဏ်စာရင်းစာအုပ်ထဲမှာ ငွေသုံးသိန်းဝန်းကျင်လောက် ပါပါတယ်။





ကျွန်တော် အလုပ်တစ်ခုခုမရခင်စပ်ကြား အဲ့ဒီငွေနဲ့ သုံးလေးလလောက် သုံးရလိမ့်မယ်လို့ မျှော်လင့်ရတာပဲ။

ချိန်းဆိုထားတဲ့နေရာရောက်တော့ ပိုပိုကလည်း အဝတ်အစားအိတ်တွေ ဝန်စည်စလည်တွေနဲ့။ ဒီကြားထဲ သူမ မုန့်ဖိုးနဲ့ ဝယ်ထားခဲ့တာဆိုတဲ့ အကြောင်းပြချက်နဲ့ ကွန်ပျူတာတစ်လုံးကိုလည်း မဖြစ်ဖြစ်အောင် သယ်လာပါသေးတယ်။

(ကွန်ပျူတာပါလာတာလည်း တစ်မျိုးတော့ ကောင်းပါတယ်။ ကျွန်တော့်မြူးဇစ်အလုပ်တွေ အဲ့ဒီကွန်ပျူတာနဲ့ ဆက်လုပ်လို့ရသွားတာပေါ့။) ပစ္စည်းပစ္စယတွေကို ဂျွန်ဆီးနားရဲ့ (Dodge) ဒေါ့ဂ်ျ ပစ်ကပ် ကားကြီးပေါ်တင်၊ အဲ့ဒီနောက် သူငယ်ချင်းတွေ ခြံရံပြီး၊ ဒဂုံမြို့သစ်ကို ချီတက်လာခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



လေတဝူးဝူးတိုက်နေတဲ့ ပစ်ကပ်ကားကြီးရဲ့ နောက်ခန်းမှာ ကျွန်တော်တို့နှစ်ယောက်အပြင် အာဆင်နယ် ဝေဖြိုးအောင်နဲ့ သီဟပါ ထိုင်ပြီးလိုက်လာကြတာပါ။ စိတ်ထဲမှာ မိန်းမခိုးပြေးတယ်လို့ မထင်ဘဲ၊ ဘုရားဖူးပဲ ထွက်လာသလိုလို၊ သင်္ကြန်လည်ဖို့ လှူပဲလိုက်စုနေသလိုလိုတောင် ခံစားလာရပါသေးတယ်။ ကျိုက်ထီးရိုးသေနတ်ဖြစ်စေ၊ ဝီစီတစ် ဖြစ်စေပါလာရင်တော့ အဲ့ဒီခံစားမှုအတိုင်း တကယ်ယုံကြည် မိမှာပါ။

“ဟေး . . . ပိုပို”

ကျွန်တော် အော်ခေါ်လိုက်တယ်။

“ဘာလဲ”

သူမကလည်း တအားပြန်အော်ပါတယ်။ (ကားပေါ်မှာက လေတွေတိုက်နေတာကိုး။)

“မင်း ပျော်ရဲ့လား”

“ဘာရယ်”

“ပျော်သလားလို့”

“ဟင့်အင်း . . . တစ်မျိုးကြီးပဲ။ ယူကော . . .”





“ပျော်တယ်”

“ဘာ”

“ပျော်တယ်လို့”

ကြုံးကြုံးအော်ရတာ မစားသာဘူးဗျို့။ ဒါနဲ့ . . . ဘာစကားမှ ဆက်မပြောကြတော့ဘဲ၊ ငြိမ်ငြိမ်လေးပဲ လိုက်ပါလာခဲ့ကြတယ်။ မြို့ဦးစေတီကိုလွန်လာပြီး တအောင့်အကြာ ဂျွန်ဆီးနားက လမ်းသွယ်လေးတစ်ခုထဲကို ကားချိုးကွေ့လိုက်တယ်။

“ဒီအိမ်ပဲ ပိုပို၊ နေသစ်နီကတော့ မကြာမကြာရောက်ဖူးပါတယ်”

အိမ်ကြီးရှင်ဖြစ်တဲ့ အာဆင်နယ်က အိမ်တံခါးကို သော့ဖွင့်ရင်း ပိုပို့ကို လှမ်းပြောတယ်။

“မကြာခဏ သီချင်းလာတိုက်ရင်း အိပ်နေကျဆိုတော့ အိမ်ထောင်ပရိဘောဂအစုံရှိတယ်။ မွေ့ယာခြင်ထောင် အိုးခွက်ပန်းကန် အားလုံးပြည့်စုံတယ်။ ဟိုတစ်လောက ယောမင်းကြီးတို့လူစု ဘီယာသောက်ရင် ရေခဲစိမ်ဖို့ဆိုပြီး ရေခဲသေတ္တာလာပို့ထားလို့ ရေခဲသေတ္တာတောင် ရှိသေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ စကားပြောနေတုန်း ဝေဖြိုးအောင်တို့က အထုပ်အပိုးတွေကူချပေးနေကြတယ်။ ရုပ်ရှင်တွေထဲကလို ပိုပိုက ''လုံချည်တွေပါတယ်။ ကန်တော့နော်''လို့လှမ်းပြောမနေပါဘူး။ ပါလည်း တစ်ထည်နှစ်ထည်ပေါ့။ သူမမှာ ဘောင်းဘီနဲ့ စကတ်တွေကသာ များတာမဟုတ်လား။

''ကိုအာဆင်နယ်ကို... အိမ်လခ ဘယ်လိုပေးရမလဲ ဟင်''

''အေး အဲ့ဒါ အရေးကြီးတယ်''

''ပြောပါ အာဆင်နယ်၊ အားမနာပါနဲ့''

''ပြောရရင်တော့ တစ်ပြားမှ ပေးစရာမလိုဘူး။ အိမ်စောင့်ရလို့ ငါ့အိမ်ကတောင် ဝမ်းသာနေတာ။ သုံးလေးနှစ်နေလည်း ဖြစ်တယ်။ မီတာခပဲ မင်းတို့ဘာသာဆောင်။''

အိမ်ငှားတဲ့ကိစ္စဈေးတဲ့သွားပြီးတဲ့နောက်မှာတော့၊ ဆိုင်တစ်ဆိုင်က စားစရာတွေသွားဝယ်ပြီး၊ ညစာကို တပျော်တပါးစုဝေးပြီး စားကြပါတယ်။ အဲ့ဒီညက သူငယ်ချင်းတွေ မပြန်ဘဲစောင့်အိပ်ပေးမယ်ဆိုတဲ့အတွက် ကျွန်တော်လည်း ဒီကောင်တွေနဲ့ပဲ ဧည့်ခန်းမှာ သွားအိပ်ရတော့တာပေါ့။





နောက်နေ့မိုးလင်းတော့ သူတို့တွေ အကူအညီနဲ့ပဲ ကျွန်တော်နဲ့ ပိုပို မြို့နယ်တရားရုံးလေးမှာ သွားပြီးလက်ထပ်လိုက်ကြပါတယ်။ တရားရုံးက ပြန်ထွက်လာတော့ ဂျွန်ဆီးနားက ကျွန်တော့်လက်မောင်းကို လှမ်းကိုင်ပြီး ခုလိုပြောတယ်။

''နေသစ်နီ... ခုချိန်ကစပြီး မင်းဘဝစပြီ''... တဲ့။

ခပ်လှမ်းလှမ်းက ပွဲစခရာသံတစ်ခုကိုတောင် ကျွန်တော် လှမ်းကြားလိုက်မိသလိုပါပဲ။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## (၃)

တရားရုံးက ပြန်လာပြီး အိမ်ရောက်တော့၊ သူငယ်ချင်းတွေလည်း ပြန်သွားကြပြီမို့ ကျွန်တော်တို့နှစ်ယောက်ထဲ ငေါင်စင်းစင်းဖြစ်နေကြတယ်။

တိတ်ဆိတ်တဲ့ရပ်ကွက်ကလေးထဲက ခြောက်ကပ်ကပ်အိမ်လေးထဲမှာ တကယ့်ကို ဘာလုပ်ရမှန်းမသိဘဲ ပျင်းခြောက်ခြောက်ကြီးဖြစ်နေတာပါ။ (သူမ အနားကိုလည်း မကပ်ရဲသေးဘူး မဟုတ်လား။)



www.burmeseclassic.com

www.burmeseclassic.com



ဆက်တီမှာ သက်တောင့်သက်တာထိုင်နေတဲ့ သူမကတော့ ဆိုဖာလက်တန်းကို လက်နဲ့တဒေါက်ဒေါက်ခေါက်နေပါတယ်။

''ပိုပို . . . ဘာလုပ်နေတာလဲ''

''စဉ်းစားနေတာ၊ ညစာဘယ်လိုစားရင် ကောင်းမလဲလို့''

''ဆိုင်မှာပဲဖြစ်သလို ဝယ်စားကြတာပေါ့ကွာ''

''ရေရှည်ဆိုရင် မဖြစ်ဘူး ယူရဲ့။ အကုန်အကျများတယ်။ ရှေ့ရေးက ဘယ်လိုမှန်းမသိဘူး။ ငွေကို ချွေတာမှဖြစ်တယ်''

ဒီနေ့ပဲ တရားရုံးမှာ လက်မှတ်ထိုးလာတဲ့ ကောင်မလေးက ကျွန်တော့်ကို အိမ်ထောင်ရှင်မကြီးတစ်ယောက်လို သုံးသပ်ပြနေတာပါ။

''ဒါဖြင့် အိမ်မှာ ချက်စားကြမလား။ ပိုပိုချက်တတ်လို့လား''

''ပိုလည်း အဲ့ဒါကို စဉ်းစားနေတာပေါ့''

''ဟော . . .''





''မဟုတ်ဘူး ယူရဲ့။ ချက်တာက ဖြစ်ပါတယ်။ ပိုချက်တဲ့ဟင်းတွေ ယူစားနိုင်ပါ့မလားလို့''

''ဖြစ်အောင်စားမှာပေါ့ ပိုရယ်။ ကိုယ်က အစားအသောက်နည်းနည်း ချေး(ဂျီး)များပေမယ့်၊ ဇီဇာကြောင်နေလို့မှ မရတာ။ မဖြစ်ဖြစ်အောင် စားရမှာပေါ့''

အိမ်မှာဆိုရင် ကျွန်တော်က အစားအသောက်နဲ့ ပတ်သက်ပြီး သည်းခံလေ့ရှိသူမဟုတ်ဘူး။

ခြေလေးချောင်းသား၊ အသားဟင်းမပါရင် မစားသလို။ ဟင်းမကြိုက်ရင်လည်း မစားဘူး။ အမေက မကြာခဏကြာဆံပြုတ်၊ ခေါက်ဆွဲပြုတ်တွေ ပြုတ်ပေးရလေ့ရှိတယ်။ ဒါကိုကြားဖူးနားဝနဲ့ သူမက စိုးရိမ်နေတာ ဖြစ်မှာပါ။

အသားဟင်းမပါရင် ထမင်းမစားတတ်ပေမယ့်၊ ဘဲဥဟင်းဆိုရင်တော့ အလွန်ကြိုက်ကြောင်းပြောပြလိုက်တော့ အဆင်ပြေသွားပါတယ်။

''ဘဲဥဟင်းဆိုရင်တော့ ဖြစ်တယ်ဆရာ၊ ပို ကောင်းကောင်းချက်တတ်တယ်။ ပြောနေကြာပါတယ်ကွယ်၊ ဈေးသွားကြရအောင် . . . ထ''

''ဈေးဘယ်မှာလဲ မင်းသိလို့လား''



www.burmeseclassic.com

www.burmeseclassic.com



''သိဘူးလေ။ ဒီလိုပဲ မေးစမ်းသွားကြရမှာပေါ့။ ဟင်း ချက်စရာအပြင်လိုတာလေးတွေ ဝယ်ကြရအောင်။ မီးဖိုချောင် အတွက် ဘာတွေလိုမယ်ထင်သလဲ ဟင် . . .''

''လိုတာကတော့ . . . ဆန်။ ဟုတ်တယ် . . . ဆန် မရှိဘူး ပိုရဲ့''

''ဒါဖြင့် . . . ဆီကော ရှိလို့လား''

''အေး . . . ဆီလည်းမရှိဘူး။ နောက်ပြီး . . . ဆား။ ကြက်သွန် . . . အင်း . . . အကုန်ဝယ်ရမှာပါပဲ''

ဒီလိုနဲ့လိုအပ်မယ့်စာရင်းတွေကို စိတ်ထဲပေါ်ရာ တစ်ယောက်တစ်ပေါက်ရေရွတ်ရင်း၊ ဟိုလူ့မေး၊ ဒီလူ့မေးနဲ့ ဈေးဘက်ထွက်လာခဲ့ကြတယ်။ လူတွေကတော့ ဝိုင်းကြည့် ကြတာပေါ့။ (ငယ်ငယ်ချောချော ခေတ်မှီဒီဇိုင်းအပြည့်နဲ့ လှတ ပတ ကောင်လေးနဲ့ ကောင်မလေးမဟုတ်လား။)

ပိုပိုကတော့ ဘေးဘီဝဲယာကို ဂရုစိုက်မနေပါဘူး။ သူမဘာသာ လက်ချောင်းလေးတွေချိုးလို့ ရေတွက်ရင်း။

''ကော်ဖီမစ်ဝယ်ရမယ် . . . နောက်သကြား . . . ပြီး တော့ ရေချိုးဖို့ဆပ်ပြာ''





စသဖြင့် တစ်လမ်းလုံးဗြစ်တောက်ဗြစ်တောက်နဲ့ ရေ ရွတ်ပြီးလိုက်ပါလာတာပါ။ ဒါပေမယ့် ပိုပိုဘယ်လောက်ရွတ် ရွတ် လိုအပ်တဲ့ပစ္စည်းစာရင်းက ဈေးရောက်တဲ့အထိမကုန် နိုင်ပါဘူး။ ဒါကြောင့် နောက်နှစ်ရက်လောက်အထိ လိုတာတွေ ကို ဖြည်းဖြည်းချင်းဆက်ဝယ်ခဲ့ရပါတယ်။ ငွေလည်း အတော့် ကို ကုန်ခန်းသွားခဲ့တာပေါ့။

(ပြောရအုံးမယ်။ ပိုပိုက ကျွန်တော်ပြောထားလို့ ဖုန်း ယူမလာသလို၊ လက်မှာဝတ်ထားတဲ့ ရွှေဟန်းချိန်းလေးကလွဲ ပြီး၊ ဘာလက်ဝတ်ရတနာမှ ယူမလာပါဘူး။ အားလုံးကို ပြီးလဟယ်တို့လင်မယားဆီမှာ စာရင်းနဲ့ အပ်ခဲ့တယ်လို့ဆို တယ်။ ငွေကတော့ သူမမှာလည်း ကျွန်တော့်လောက်နီးနီး ပါလာတယ်။ ဒါပေမယ့် အဲ့ဒီငွေတွေက တစ်သက်လုံး စားမ ကုန်တာမျိုးတော့ မဟုတ်ဘူး မဟုတ်လား။ ဒီတော့ တစ်လ နှစ်လကြာတယ်ဆိုရင်ပဲ ငွေအတွက် ခေါင်းခဲလာကြရတော့ တာပေါ့။)

အဲ့ဒီနေ့က ဈေးဝယ်တာကိုပဲ ကြည့်လေ။ ငွေသုံး သောင်းကျော်လောက်ကုန်ပေမယ့် ဘာမှဟုတ်တိပတ်တိမရ ခဲ့ပါဘူး။ နောက်နှစ်ရက်ငါးသောင်းဖိုးလောက် ထပ်ဝယ်ရပါ သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အိုး... ဒီတိုင်းဆိုရင်တော့ ပိုတို့တော်တော် ချွေတာမှုဖြစ်လိမ့်မယ် ယူရေ..."

ဈေးကဝယ်လာတဲ့ အထုပ်တွေချပြီးတာနဲ့ သူမက ငြီးငြီးငြူငြူရေရွတ်ပါတယ်။

"လိုတာတွေကိုတော့ ချွေတာနေလို့ ဘယ်ဖြစ်ပါ့မလဲ ပိုရယ်။ ဒီလိုပဲ မျက်စေ့မှိတ်ပြီး ဝယ်ကြရမှာပေါ့။

ကဲ... မီးလာနေတုန်း ကိုယ်ဆန်ဆေးပြီး ပေါင်းအိုးနဲ့ ထမင်းတည်လိုက်မယ်။ ပိုက ဟင်းချက်ဖို့လုပ်။"

BURMESE CLASSIC .com

ခဏနေတော့ မီးဖိုထဲကနေ ငရုတ်သီးထောင်းသံ တဒုန်းဒုန်းပေါ်လာပါတယ်။ ကျွန်တော်ပေါင်းအိုးခလုပ်နှိပ်ပြီး လေချွန်ရင်း ရေချိုးဖို့ရေချိုးခန်းထဲ ဝင်လိုက်တယ်။

အဲ... အထဲရောက်မှ ကိုယ်တိုက်ဆပ်ပြာဝယ်ဖို့ မေ့လာတာကို သတိရလိုက်တယ်။ မတတ်နိုင်ဘူးဖြစ်သလိုပဲ ချိုးတာပေါ့လို့ တွေးပြီး၊ ရေလောင်းမယ်လုပ်တော့ အုတ်ကန်ထဲမှာ ရေခွက် မရှိဘူး။ ဒါနဲ့ပဲ ဘုံဘိုင်ဖွင့်ပြီး ဆယ်မိနစ်လောက်ငုပ်တုပ်လေး ထိုင်နေလိုက်ရတာပေါ့။

ပိုပို့ကို ပြန်ပြောပြတော့ အဲ့ဒါမော်ဒန်ရေချိုးနည်းပေါ့



နာမည်ပေးပါတယ်။ သူမကတော့ မော်ဒန်နည်းနဲ့ မချိုးနိုင်ဘူးဆိုလို့ လမ်းထိပ်မှာ ဆပ်ပြာမွှေးတစ်တုံး ကျွန်တော်အမြန်ဝယ်ပေးလိုက်ရတယ်။ ရေခွက်အဖြစ်တော့ ဇလုံတစ်လုံးနဲ့ ယာယီအသုံးပြုလိုက်ပါတယ်။

ရေချိုးခန်းထဲက ပြန်ထွက်လာတော့ သဘက်လေးခြုံ လုံချည်ရင်လျားထားတဲ့ သူမရဲ့စတိုင်ကြောင့်။ အဲ့ဒီပုံစံနဲ့ တစ်ခါမှ မတွေ့ခဲ့ဖူးတဲ့ ကျွန်တော် ရင်တွေ တဒိန်းဒိန်း ခုန်သွားရပါသေးတယ်။ သူမ အဝတ်အစားလဲပြီးလို့ မီးဖိုထဲရောက် လာချိန်မှာတော့ ကျွန်တော်ခုလို ပြောလိုက်တယ်။

"ပိုပို... မင်းနဲ့ကိုယ်နဲ့ တရားဝင်အကြင်လင်မယားတွေ ဖြစ်ကြပြီနော်"

"ဒါပေါ့... ဒါပေါ့... ခုတော့ ကျွန်မက အခွင့်ရ မကြမ်းကြီး လုပ်နိုင်ပြီပေါ့။ ဒါပဲနော်... ရှင် ရတ်ရတ်ရတ်ရတ်တော့ မလုပ်နဲ့။ ကျွန်မက လူကြားထဲလည်း လိုက်တွေ့ပစ်မှာပဲ။ သိလား"

"ကြောက်နေရပါလား ပိုပိုရယ်။ စိတ်ချပါ။ ကိုယ်မှ မဟုတ်တာ မလုပ်ပါဘူး။ ခု... ကိုယ်ပြောချင်တာက"

"ဘာလဲ... ပြော..."



www.burmeseclassic.com

www.burmeseclassic.com



''မင်းနဲ့ကိုယ် တရားဝင်လင်မယားတွေသာဖြစ်လာ တယ်။ မင်းရဲ့ နဖူးလေးကိုတောင် ကိုယ်တစ်ခါမှ မနမ်း သေးဘူး။ အဲဒါ အခု နမ်းခွင့်ရနိုင်မလားဟင့်''

ပိုပို မျက်လုံးလေးတွေ မှေးစင်းသွားတဲ့အထိ တခ ခစ် ရယ်ပါတယ်။

ပြီးမှ မျက်လုံးမှိတ်ပြီး ခေါင်းလေးကို မော့ပေးတယ် နဖူးကို နမ်းချင်နမ်းဆိုတဲ့သဘောပါ။

ကျွန်တော် နမ်းဖို့ စိတ်ကူးနဲ့ သူမနားကို တိုးက လိုက်ချိန်မှာပဲ။ အသုံးမကျတဲ့ မီးဖိုဆီကနေ 'ရှူး'ခနဲ အသ ကြီးထွက်လာတယ်။

''ဟောတော့ ... ပဲဟင်းအိုးတည်ထားတာ မေ ကုန်ပြီ''

ကျွန်တော် လျှပ်စစ်မီးဖိုကို ပြေးပိတ်။ သူမ ပဲဟင်းအိုးကိုချ အလုပ်ရှုပ်သွားကြတယ်။ ညစာ စား ကျတော့ အဲဒီပဲဟင်းကို ကျွန်တော်တစ်စက်တော မသောက်ဘူး။ အမြင်ကတ်ကတ်နဲ့ သပိတ်မှောက်ထ လိုက်တာပါ။

◆



''အပါးကော၊ မိုမိုပါ ပို့ကို သိပ်ချစ်ကြတာ။ အမျိုးထဲမှာ တက္ကသိုလ်တက်ခွင့်ရသူဆိုလို့ ပိုတစ်ယောက် တည်းရှိတာမဟုတ်လား။ ဒီတော့ ... ပို့ကို အရမ်းအလို လိုက်ကြတာပေါ့''

''ပို့ရဲ့ အပါးက ဘာလုပ်တာလဲ''

''တရုတ်ကုန်သည်တွေ လိုတဲ့ပစ္စည်း ဒီကနေဝယ်ပြီး ပေးတယ်။ ဒီဘက်က လိုတာကို ဟိုဘက်ကနေ တစ်ခါ ပြန်မှာပေးတယ်။ အဲဒီလိုမျိုးပေါ့''

''အရမ်းထောမှာပေါ့နော်''

''အင်း ... အဆင်ပြေတယ်။ ဂဏန်းရာသီတုန်းက အပါးတို့ တော်တော်ရလိုက်သေးတယ်။ ဟိုဘက်ကလည်း ဘာမဆိုဝယ်ချင်နေတာပဲလေ။ ကြက်ဥ၊ ဘဲဥကနေ အုန်းဆံ နောက်ဆုံး ... ဆံပင်အထိဝယ်တယ်။ မဝယ်ဘူးဆိုတာ သလောက်ပဲ''

ညစာ စားပြီး ကျွန်တော်တို့ ရောက်တတ်ရာရာ ပြောဖြစ်ကြတယ်။ ပိုပိုက သူမရဲ့ ယဉ်ဘဝကို အရိုတ် မြှောက်ပြောပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမဟာ... ငယ်ငယ်က ယောက်ျား လျာဆန်ခ
နေလာခဲ့သူမို့ အချစ်ရေးကို စိတ်မဝင်စားခဲ့ဘူး လို့ဆိုတ
ရန်ကုန်ရောက်မှသာ သူမဟာ မိန်းမပီပီသသ ပြန်
လာပါသတဲ့။

''ပို... ယူ့ကို ကြိုက်သွားတော့ ကျောင်းက ကော
လေးတွေက တအားအံ့သြနေကြတာ၊ သိလား။ သူတို့
ပို့ကို (Tom Boy)လို့ ထင်ထားကြတာကိုး''

''ပိုကကော ကိုယ့်ကိုမှ ဘာဖြစ်လို့ရွေးပြီး ကြိုက်
ရတာလဲ''

''ယူက ကိုယ်လုံးကိုယ်ပေါက်လှတယ်လေ''

''အဟဲ''

''အလကားပြောတာ၊ သိပ်ပြီးမာန်တက်မသွားနဲ့
တကယ်က ကိုယ်လုံးကိုယ်ပေါက်တွေ။ အရပ်မြင့်တာ
လုံးဝစိတ်ဝင်စားခဲ့တာ မဟုတ်ဘူး''

''ဒါဖြင့် ဘာကြောင့်လဲ''

''မပြောတတ်ဘူးကွယ်။ ဒီလိုပဲ ချစ်မိသွားတာ





အမှန်က အတိတ်ဘဝက ကံတွေကြောင့်လို့ပြောရင် ပိုပြီးလွယ်ကူပေမယ့် သူမက အဲ့လောက်ထိနားလည်နိုင်မှာ မဟုတ်တာကြောင့်... ''ဖူးစာကြောင့်ဖြစ်မှာပါ ပိုရဲ့''လို့ပဲ ပြောလိုက်ရတယ်။

ဖူးစာ... ဆိုတဲ့အသုံးအနှုန်းကတော့ ဝတ္ထုတွေထဲမှာ မကြာခဏပါလေ့ရှိတာမို့ သူမနားလည်ပါတယ်။

''ပိုတော့ ယူနဲ့မခွဲနိုင်တော့ဘူးကွယ်။ တကယ်ပြောတာ။ မနေ့ညကဆိုရင် တစ်ညလုံးအိပ်လို့မပျော်ဘူး။ သူများ သူငယ်ချင်းတွေနဲ့ တိတ်တိတ်ကလေးပြန်လိုက်သွားမလားဆိုပြီး ခဏခဏ ထထကြည့်ရတာ အမောပဲ''

''ကိုယ် အဲ့ဒီလိုလုပ်ပါ့မလား ပိုရဲ့။ မိန်းမခိုးတယ်း တာ ကလေးကစားတာမှ မဟုတ်တာ''

''ဒါဖြင့် လူကြီးတွေပဲ ဆော့ရတာပေါ့နော်''

''ဒါပေါ့... ဒါပေါ့''

အဲ့ဒီနောက် ကျွန်တော်တို့ တော်တော်နဲ့ မအိပ်နိုင်ကြသေးတာနဲ့ အဝတ်အစားတွေ ထရှင်းပါတယ်။ အိတ်တွေထဲက အဝတ်တွေကို ဘီဒိုထဲပြောင်းထည့်ကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ သူမမှာ အဝတ်အစားတွေ များပြားလှတဲ့ အပြင် ဖိနပ်တွေလည်း အိမ်နေရင်းစီး၊ ပွဲထိုင်သွား စသဖြင့် ဖိနပ်အရံပေါင်း ဆယ့်နှစ်စုံတိတိပါလာတာကို တွေ့ရတယ်။

ဒါကြောင့်လည်း သူမရဲ့ဝန်စည်စလယ်တွေက ရုပ်ရှင်မင်းသမီး ကားရိုက်ထွက်သလို များပြားနေခဲ့တာပေါ့။

အဝတ်အစားနဲ့ အသုံးအဆောင်တွေ ဖေါဖေါသီသီ ပါလာပေမယ့် စာအုပ်တော့ တစ်အုပ်မှမတွေ့ရလို့ . . . ''ပိုပို . . . ကျောင်းစာအုပ်တွေ မပါဘူးလား''လို့ မေး လိုက်တယ်။

''လောလောဆယ် ကျောင်းကပိတ်ထားတာပဲ ယူရဲ့''

''ပြန်ဖွင့်တော့ကော''

''အဲ့ဒီတော့ နောက်ဆုံးနှစ်ကျောင်းသူကြီးဖြစ်ပြီလေ အသစ်ဝယ်မှာပေါ့၊ မလိုအပ်ဘဲ အလေးခံပြီး သယ်မလာနိုင် ပါဘူး''

''ဒါဖြင့် . . . အဲ့ဒါတွေကော လိုလို့လား''

သားမွေးကုတ်တွေနဲ့ ဆွယ်တာထူထူတွေကို မေးငေါ့ ပြီးမေးလိုက်တာပါ။





''ဒါတွေက ဆောင်းတွင်းရောက်ရင် လိုချင်လိုလာမှာ ပေါ့ ယူရဲ့၊ မိန်းကလေးပဲ အလှအပပစ္စည်းတော့ မထားခဲ့နိုင် ပါဘူး။''

''ဒါကြောင့် . . . ပို . . . ခိုးရာလိုက်တာက ရုပ်ရှင်မင်းသမီး ကားရိုက်ထွက်သလိုဖြစ်နေတာ။ မီးရထားနဲ့ သာဆို တန်ဆာခဖိုးနဲ့တင် တော်တော်ရှင်းရမှာသေချာတယ်''

''ဒါတောင် ပိုယူချင်တာတွေ အကုန်ပါမလာသေး ဘူး။ ပိုက ခေတ်ပုံမှန်ဘောင်တွေ ပန်းချီကားတွေ အလှဆင် ပန်းအိုးတွေ ယူလာချင်သေးတာ။ ပိုအိပ်တဲ့မွေ့ယာတောင် ယူလာမလို့။ မကောင်းတတ်လို့သာ''

''တော်သေးတာပေါ့ ပိုနီတေးလ်ရယ်။ တစ်အိမ်လုံး ပြောင်းမလာတာ''

သူမက သဘောကျစွာ တခိခိရယ်ပါတယ်။ သူမရဲ့ နှုတ်ခမ်းတွေ တွန့်ကွေးရယ်မောကြတိုင်း၊ သူမရဲ့ မျက်လုံး တောက်တောက်တစ်စုံကပါ လိုက်လံရယ်မောလေ့ရှိတယ်။ ဝင်းဖန့်တဲ့ မျက်နှာနုနုပေါ်က ပြုံးနေတဲ့ မျက်လုံးတောက် တောက်တစ်စုံနဲ့ နှင်းဆီရောင်နှုတ်ခမ်းပါးလေးကို ငေးကြည့် ရင်း ကျွန်တော် သွေးခုန်နှုန်းတွေ မြန်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ညနေက အကောင်အထည်မဖော်ခဲ့တဲ့ ကိစ္စကို ဆက်လက်ဆောင်ရွက်လိုက်ပါတယ်။ သူမရဲ့နဖူးပြေ ပြေလေးကို ငုံ့မွှေးလိုက်တာပါ။

◆◆◆



(၄)

ငွေကြေးနဲ့ပတ်သက်ပြီး လူတွေမကြာခဏပြောတတ် ကြတဲ့စကားတစ်ခွန်းရှိတယ်။ 'ငွေဟာ အသုံးမခံဘူး' ဆိုတဲ့ စကားပါ။

အစပိုင်းက ခပ်ထုံထုံ ကျွန်တော်က အလွန်ရိုးရှင်းတဲ့ အဲဒီစကားကို ခပ်လွယ်လွယ်သဘောမပေါက်နိုင်ခဲ့ဘူး။ ငွေဟာ လူတွေရဲ့ အသုံးခံပစ္စည်းပဲ၊ ဘာကြောင့်အသုံးမခံရတာလဲ ပေါ့။

ဒါပေမယ့်... ကျွန်တော်တို့ရဲ့ အိမ်ထောင်ဦးကာလ



www.burmeseclassic.com

www.burmeseclassic.com



အစပိုင်းရက်တွေမှာပဲ ကျွန်တော်ဟာ အဲ့ဒီစကားကို တဖြည်းဖြည်းနားလည်လာခဲ့တယ်။

ကျွန်တော်တို့လက်ထဲက ငွေစက္ကူတွေရဲ့ အငွေ့ပျံမှုနှုန်းဟာ ကြောက်မက်ဖွယ်ကောင်းလှပါတယ်။ ဒီပုံစံအတိုင်းဆိုရင် ကျွန်တော်တို့ရဲ့ အခြေအနေဟာ သိပ်မကြာခင်ဆိုးဆိုးဝါးဝါးဖြစ်နိုင်ကြောင်း ကျွန်တော်ရော သူမပါ အထိတ်တလန့်သတိပြုမိလာကြတယ်။

တကယ်တော့ ကုန်မယ့်သာကုန်နေပေမယ့် ကျွန်တော်တို့နှစ်ယောက်စလုံး ဟော့ဟော့ရမ်းရမ်း အသုံးကြမ်းကြတာမျိုးမဟုတ်ပါဘူး။

နေ့လည်ပိုင်း လက်ဖက်ရည်ထွက် သောက်ပြီး၊ ညနေပိုင်း သူမ သွားရည်စာထွက်စားတတ်တာ တစ်ခုကလွဲရင်၊ သုံးလေးရက်တစ်ခါရောက်လာတတ်တဲ့ သူငယ်ချင်းတွေကို ချက်ပြုတ်ကျွေးမွေးရတာမျိုး၊ တစ်ခါတလေ ဆိုင်ကဟင်းဝယ်ကျွေးတတ်တာမျိုးပဲ ရှိတာပါ။

အစပိုင်းက မနက်စောစော ကော်ဖီနဲ့ ပေါင်မုန့်ထောပတ်သုတ်စားလေ့ရှိတဲ့ သူမဟာ နောက်ပိုင်း ပဲပြုတ်နဲ့ ထမင်းကြမ်းကို ပြောင်းစားတတ်လာတယ်။





''ထမင်းကြမ်းစားတာကမှ တကယ်အဟာရဖြစ်တာယူရဲ့'' လို့လည်း ရယ်ရယ်မောမောပြောတတ်လာပါတယ်။ အပျိုဘဝက ဆပ်ပြာနဲ့ခေါင်းလျှော်ရည်ဆိုရင် အကောင်းစားမှ သုံးလေ့ရှိတဲ့သူမဟာ၊ ခုတော့ကြုံရာနဲ့ဖြစ်သလို ခေါင်းလျှော်ရေချိုးတတ်နေပါပြီ။

ကျွန်တော်ကရော ဘာထူးပါသလဲ။ ဟင်းကောင်းကောင်းနဲ့မှ စားလေ့ရှိသူဟာ ခုတော့ ဖြစ်သလိုစားတတ်နေပြီ။ ဒါပေမယ့် သူမဟာ အစားကောင်းကြိုက်တတ်တဲ့ ကျွန်တော့်အပေါ်တော့ ဂရုစိုက်လေ့ရှိပါတယ်။ ဉပမာ...ဟင်းမကောင်းလို့ ကျွန်တော် ထမင်းမမြိန်တာတွေ့ရင်... ''ခဏလေးနေအုံး'' ဆိုပြီး ဝက်အူချောင်းထကြော်ပေးတာမျိုးပါ။

(ဘာပဲဖြစ်ဖြစ် အရင်ကထက်စာရင် ကျွန်တော်တို့နှစ်ယောက်စလုံးခြိုးခြံချွေတာကြတာ အမှန်ပါ။ အဲ့ဒီကြားထဲကပဲ ကျွန်တော်တို့ရဲ့ ဘဏ္ဍာရေး အခြေအနေက လျင်လျင်မြန်မြန်ကျဆင်းနေခဲ့တယ်။)

''မင်းတို့ အခြေအနေကောင်းရဲ့လား ရသေ့နီ''

''အချစ်ရေး အခြေအနေကတော့ အိုကေပဲ။ ဘဏ္ဍာရေးအခြေအနေကတော့ မကောင်းဘူး ဂျွန်ဆီးနား''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဂျွန်ဆီးနားကို အမှန်အတိုင်းဝန်ခံလိုက်တယ်။ သူတို့နဲ့ ကျွန်တော် သုဝဏ္ဏနားက လက်ဖက်ရည်ဆိုင်မှာ ဖုန်းဆက်ချိန်းပြီး ဆုံလေ့ရှိတယ်။

''ငါတို့ အခွေကို အမြန်ဆုံးဖြန့်ချင်ပြီကွာ''

''ဖြန့်တော့မှာလား။ အပြတ်မရောင်းတော့ဘူးလား''

အစက ပေါ်ပေါ်ပဲ အရင်းအနှီးလေးနဲ့ထီထိုးသလို မျိုး ကံစမ်းချင်တဲ့ ထုတ်လုပ်သူနှစ်ဦး၊ သုံးဦးနဲ့ စကားပြောခဲ့ပါသေးတယ်။ ဒါကြောင့်လည်း အခွေဟာ လိုအပ်တာထက်ပိုပြီး ကြန့်ကြာနေခဲ့တာပါ။

''ဖြန့်ချိရေးပေးပြီး ဖြန့်လိုက်တော့ ဂျွန်ဆီးနားရာ။ အခွေမြန်မြန်ထွက်မှ လူသိပြီး လုပ်ရှားလို့ရလာမှာ။ တစ်ခုပဲရှိတယ်။ ကြော်ငြာတို့ ဝေါ်ရှိတ်တို့အတွက် ကုန်ကျစရိတ်။ အဲ့ဒါဘယ်လိုလုပ်မလဲ။ ငါလည်း ဘိုင်ပြတ်နေတယ်။''

ဂျွန်ဆီးနားက အကြာကြီးငြိမ်နေပြီးမှ ''ငါ ရှာမယ်ကွာ''လို့ပြောတယ်။ ဒီကောင်ဘယ်က ပွပေါက်တွေရှိနေပါလိမ့်လို့ စဉ်းစားနေတုန်းမှာပဲ . . . ''ငါ့ကောင်မလေးဆီက ဆွဲကြည့်မယ်''လို့ ထပ်ပြောပါတယ်။ သူ့ကောင်မလေးဆိုတာ ဗီယက်နမ်မလေးကို ပြောတာပါ။





အခွေကိုစွဆုံးဖြတ်ချက်ချပြီးတော့ ကျွန်တော့်ဘဝရပ်တည်ရေးအတွက် ဝိုင်းစဉ်းစားကြတယ်။ အာဆင်နယ်တို့ပါ ရောက်လာလို့ ကူစဉ်းစားပေးကြပါတယ်။ နောက်ဆုံး ကျွန်တော်နဲ့ပိုပို တိုင်ပင်ခဲ့သလိုမျိုး၊ ''အလုပ်တစ်ခုခုတော့ လုပ်မှ ဖြစ်မယ်'' ဆိုတဲ့ အဖြေပဲထွက်လာတယ်။

ဂီတအနုပညာကလွဲပြီး၊ ဘာမှမလုပ်ခဲ့ဖူးသလို၊ ဘာကိုမှလည်း လုပ်ချင်စိတ်မရှိခဲ့တဲ့ ကျွန်တော်ဟာ တွေ့ရာကြုံရာအလုပ်ကို ဝင်လုပ်နိုင်ဖို့ အတော်တော့ သတ္တိမွေးရပါလိမ့်မယ်။

''ငါတို့လည်း မင်းနဲ့သင့်တော်တဲ့ အလုပ်မျိုးကူရှာပေးမှာပါ။ သိပ်ပြီး စိတ်ပူမနေပါနဲ့''

အာဆင်နယ်က အားပေးပြီး၊ သီဟကတော့ အတွေးတမျိုးနဲ့ ဝင်ပြောပါတယ်။

''အလုပ်လုပ်ချင်တာတော့ ကောင်းပါတယ်။ ဒါပေမယ့် ကြွေ့ရာအလုပ်တော့ ဝင်လုပ်လို့မဖြစ်ဘူး ရသေ့နီ။ မင်းအဖိုးကြီးရဲ့ ဂုဏ်သိက္ခာကို ငဲ့ဖို့လိုသလို၊ မင်းကိုယ်တိုင်ရဲ့ ဂုဏ်သိက္ခာကိုလည်း ထိန်းဖို့လိုတယ်။ တော်ကြာ အိမ်က သဘောမတူတဲ့မိန်းမယူလိုက်လို့ မြောင်းထဲရောက်သွားပြီဆိုပြီး ဝိုင်းပြောလာရင် ငါတို့လည်း မခံချင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



''အဲ့ဒါတော့ ဟုတ်တယ် ရသေ့နီ''

ဂွန်ဆီးနားကပါ သီဟရဲ့စကားကို ထောက်ခံလာတယ်။ ကျွန်တော်ကတော့ ဂုဏ်သိက္ခာတွေဘာတွေ သိပ်တွေးမနေပါဘူး။ (အဲ့ဒါကြီးတွေက ဆိုင်မှာပြန်သွင်းလို့လည်း တစ်ဝက်ဈေးရနိုင်တာမျိုးမှ မဟုတ်ဘာ။)

လောလောဆယ် ကျွန်တော့်အနေအထားကို လန်းချင်တယ်၊ လေရှူချင်တယ်။ ဒါပါပဲ။ တစ်ခုတော့ရှိတာပေါ့။ ကျွန်တော်နဲ့ သိပ်ကီးမကိုက်တဲ့ အလုပ်မျိုးတော့ ဘယ်လုပ်ပါ့မလဲ။

အဲ့ဒီနောက် ကျွန်တော်တို့ ဆုံလေ့ရှိတဲ့ လက်ဖက်ရည်ဆိုင်ကနေ အသီးသီးလမ်းခွဲလိုက်ကြတယ်။ ကျွန်တော့်ကို ပြန်ပို့ပေးမယ်လုပ်တော့ မပို့နဲ့ ဝင်စရာရှိတယ်ဆိုပြီး ထွက်လာခဲ့တယ်။ တကယ်တော့ ဘာဝင်စရာမှ မရှိပါဘူးလေ။ သူငယ်ချင်းတွေ ကားကိုယ်စီနဲ့ ပြန်သွားချိန်မှာ ကျွန်တော် ဘတ်စ်ကားဂိတ်ကို ဖြည်းဖြည်းချင်းလျှောက်လာခဲ့တယ်။

◆◆◆



(၅)

''ဘာတွေလုပ်နေတာလဲ ပိုပို''

အိမ်ဘေးအုတ်ကန့်မှာ ခြင်ထောင်ကို တဖုံးဖုံးရိုက်လျှော်နေတဲ့ ပိုပို့ကိုလှမ်းမြင်လိုက်လို့ ကျွန်တော် အော်မေးလိုက်တာပါ။

ခြံတံခါးဖွင့်ဝင်ပြီး အနားရောက်သွားတော့၊ ခြင်ထောင်သာမကပဲ ကျွန်တော့်အဝတ်တွေပါ ဆပ်ပြာရည်စိမ်ထားတာ တွေ့လိုက်ရတယ်။

''ဟော့ ... တို့နှစ်ယောက် နှစ်ဦးသဘောတူညီထားတာကို မင်းမေ့သွားပြီလား''



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ယုရဲ့"

"ကိုယ့်အဝတ်ကိုယ်လျှော်ကြေးလေ။ စောင်လိုခြင် ထောင်လို နှစ်ဦးသုံးပစ္စည်းမျိုးဆိုရင်၊ နှစ်ယောက်အတူတူ လျှော်ကြေးဆိုတာလေ"

"မမေ့ပါဘူး ယုရဲ့။ ပိုလည်း အိမ်မှာ အားနေတာနဲ့ အလကားနေ အလကားပဲဆိုပြီး ထလျှော်လိုက်တာပါ။ ယုက အခွေကိစ္စ၊ အလုပ်ကိစ္စ ထွက်စုံစမ်းနေရတာ မဟုတ်လား"

"မဆိုင်ဘူးလေ ပိုရဲ့။ သဘောတူညီမှုက သဘောတူညီမှုပဲ"

"နောင် . . . ယုအလုပ်ထွက်လုပ်တော့ တို့ပဲလျှော်ရမှာမဟုတ်လားကွယ်"

"အဲ့ဒီအခါကျရင်တော့ တစ်မျိုးပေါ့ကွာ။ ကဲ . . . ပိုပိုဖယ်ပေး၊ ကိုယ်လျှော်မယ်၊ ဟော့ဒီမှာ ပိုက်ဆံအိတ်ယူထား"

ဘောင်းဘီနောက်အိတ်ထဲက သားရေပိုက်ဆံအိတ်ကို ထုတ်ပေးလိုက်ပြီး ကျွန်တော်ခြင်ထောင်ဝင်လျှော်တော့ ပိုပိုက 'အကျီဘောင်းဘီတွေလဲအုံးလေ'လို့ အော်တယ်။





"မလဲတော့ဘူး။ ဒါတွေလည်း လျှော်မှာပဲ။ ပြီးရင် ရေတစ်ခါတည်းချိုးလိုက်မှာ။ ကိုယ့်ကို လုံချည်တစ်ထည်ယူပေး"

သူမ ပိုက်ဆံအိတ်သွားထားပြီး လုံချည်တစ်ထည်ယူပြန်ထွက်လာတော့၊ ကျွန်တော့်အဝတ်အစားတွေ တစ်ဝက်လောက်လျှော်ပြီးနေပြီ။

"မြန်လှချည်လား"

"မြန်မြန်ပဲလေ"

တကယ်က ကျွန်တော်တို့နှစ်ယောက်စလုံး အဝတ်ကောင်းကောင်းမလျှော်တတ်ကြဘူး။ ဒါကြောင့် အမြဲလိုလို၊ ပြောင်တဲ့ဟာ ပြောင်ပြီး၊ ပေတဲ့ဟာ ပေဖြစ်နေတတ်တယ်။ အားများပြောင်တဲ့ရက်မှာ ကိုယ့်ကိုယ်ကို ချီးမွမ်းပြီး၊ အပြောင်သည်းတဲ့ရက်မှာ ဆပ်ပြာမှုန့်ကို အပြစ်တင်ပါတယ်။

"အလကား ဆပ်ပြာ။ ကြော်ငြာကောင်းလို့ အဟုတ်ထင်ပြီး ဝယ်သုံးကြည့်ပါတယ်။ ပြောင်လည်း မပြောင်ဘူး။ နောက် . . . ဒီဆပ်ပြာမှုန့်မျိုး မဝယ်နဲ့တော့"

"ဟုတ်တယ်။ ပိုလည်း စကာဒ်တစ်ထည်လျှော်တာ အားဝမပြောင်ဘူး သိလား"



www.burmeseclassic.com

www.burmeseclassic.com



(နေရင်းထိုင်ရင်းကြားထဲက ဆပ်ပြာမှုန့်က နာမည်ပျက်ရတော့တာပဲ။)

ကျွန်တော် အဝတ်လျှော်ပြီး ရေဆက်ချိုးချိန်မှာ သူမက ကျွန်တော့်အဝတ်တွေ လှမ်းပေးတယ်။ ခြင်ထောင်ကိုတော့ နှစ်ယောက်လှမ်းရတာပေါ့။ အားလုံးပြီးတော့ ကျွန်တော် ဗိုက်ထဲမှာ ဟာလာလို့ ဘာချက်လဲလို့မေးတော့ သူမက ခေါင်းရမ်းပါတယ်။

"ခု . . . မနက်စာကို ထမင်းဆိုင်မှာ သွားစားရို စိတ်ကူးထားလို့ တမင်ဘာမှမချက်တာယူရဲ့"

"ဆိုင်မှာ စားရတာ မတန်ပါဘူးကွာ"

အမှန်က အကုန်အကျများမှာကို စိုးရိမ်တာပါ။ ဒါပေမယ့် သူမက အဝတ်လဲခိုင်းပြီး ဆွဲခေါ်လာလို့ ယက်ကန်ယက်ကန်နဲ့ ပါလာရပါတယ်။ ကျွန်တော်တို့ လမ်းထိပ်မှာ ထမင်းဆိုင်နှစ်ဆိုင်ရှိတယ်။ တစ်ဆိုင်က ဈေးပေါပြီး၊ တစ်ဆိုင်ကတော့ ဈေးကြီးတဲ့ တရုတ်ဆိုင်ပါ။ သူမက ဈေးကြီးတဲ့ဆိုင်ဘက် ဦးတည်လိုက်လို့ ကျွန်တော်ဇဝေဇဝါဖြစ်သွားတယ်။

"ဒီနေ့ . . . မင်းမွေးနေ့လား ပိုနီတေးလ်"





"ဟင့်အင်း"

"ဒါဖြင့် . . . မင်းထီတွေဘာတွေများ ပေါက်ထားသလား"

"အံ့မာလေး။ ထမင်းလေးတစ်နပ်ဆိုင်မှာ ဝယ်ကျွေးမိပါတယ်။ လူကို မယုံသင်္ကာနဲ့"

သူမနှာခေါင်းရှုံ့ရင်း ခပ်တည်တည်ပြန်ပြောလာတာပါ။ ဒါပေမယ့် ကျွန်တော်ကတော့ ဇဝေဇဝါဖြစ်နေမိတုံးပဲ။ ဆိုင်ထဲရောက်တော့ ကျွန်တော်ကြိုက်တဲ့ ချိုချဉ်ကြော်နဲ့ ဝက်ကုန်းဘောင်ကို သူမမှာတယ်။ ဆိုင်က ကြော်လှော်နေတဲ့ အချိန်ကို အအေးတစ်လုံးစီ မှာသောက်ရင်း စောင့်နေလိုက်ကြတယ်။

"ကဲ . . . ပြောပါအုံး ပိုနီတေးလ်"

"ဘာကိုလဲ ယူရဲ့"

"ခုလို တရုတ်ဆိုင်မှာလိုက်ကျွေးရတဲ့အကြောင်းရင်းကိုပေါ့"

ပိုပို ပုခုံးတစ်ချက်တွန့်ရင်း ပြုံးစေ့စေ့နဲ့ လမ်းမဘက်ကို မျက်နှာလွှဲသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



''ယူ့ကို ဘာမှလည်း ဖုံးဖိထားလို့မရပါလား''

''လင်မယားချင်းတွေပဲ ပိုရဲ့။ ဘာမှ ဖုံးဖိကွယ်ဝှ
နေစရာမလိုပါဘူး။ ကဲပြောပါ။ ဘာအတွက် ကျေးတာလဲ''

''ဘာအတွက်မှ မဟုတ်ဘူး။ ပိုအလုပ်တစ်ခုလက်
လိုက်တာ၊ စရံငါးထောင်ရတယ်။ အဲ့ဒါ ယူ့ကို ဟင်းကောင်
ကောင်းစားစေချင်လို့''

ကျွန်တော် တအံ့တသြနဲ့၊ ဘာအလုပ်လဲလို့ အမေ
တကောမေးလိုက်တယ်။

''စာရိုက်တဲ့အလုပ်ပါ။ ယူ . . . မုန့်ဆိုင်လေးဖွင့်ထား
အိမ်က ဟိုအစ်မကြီးကို သိတယ်မဟုတ်လား၊ ခပ်ဝဝနဲ့လေ''

''ကိုယ်တို့ နှစ်အိမ်သုံးအိမ်ကျော်လောက်ကလား''

''ဟုတ်တယ်။ မနက်က မဲနယ်သွားဝယ်ရင်း စကာ
စပ်မိပြီး ပို ကွန်ပျူတာဆိုင်ဖွင့်ဖူးတဲ့အကြောင်းပြောဖြစ်တယ်
အဲ့ဒီတော့ အစ်မကြီးက ဘွဲ့လွန်အတွက် ကျမ်းပြုစုထားတာ
စာစီစာရိုက်ဖို့ ကွန်ပျူတာဆိုင်သွားမေးတာ အရမ်းတောင်း
အကြောင်းပြောတယ်။ အမှန်က ဆိုင်ကတောင်းတဲ့ဈေး
ပုံမှန်ပါပဲ။ ပိုက . . . ပိုသာဆိုရင် တစ်မျက်နှာကို ငါးဆယ်





ခြောက်ဆယ်လောက်လျှော့ပြီး ရိုက်ပေးနိုင်တယ်လို့ပြောလိုက်
တယ်''

''အဲ့ဒီတော့ . . . ''

''အဲ့ဒီတော့ . . . ညီမရယ် အစ်မကို ရိုက်ပေးပါဆို
ပြီးဖြစ်လာတော့တာပေါ့။ တောင်းတောင်းပန်ပန်နဲ့ အလုပ်
အပ်ပြီး (A-4) စက္ကူတစ်အုပ်ဝယ်ဖို့ စရံငါးထောင်အတင်း
ပေးလိုက်တာပေါ့ ယူရဲ့''

ကျွန်တော့်ရဲ့ဇနီးသည် တိုင်းရင်းသူလေးက အဲ့ဒီလို
မျိုး စီးပွားရေးအကွက်မြင်သူပါ။ (သူမ ကွန်ပျူတာသယ်လာ
တော့၊ လေဆာပရင်တာအပြင်၊ စကင်နာရော ယူပီအက်စ်
ပါ မချန်အကုန်သယ်လာတာပါ။ ဒါကြောင့် စာစီစာရိုက်ဆိုင်
လေးတစ်ဆိုင်တောင် ဖွင့်လို့ရလောက်ပါတယ်။)

ကျွန်တော်ဟာ ပိုပို့ရဲ့ စီးပွားရေးလဒ်မြင်မှုအတွက်
အထင်ကြီးလေးစားသွားသလို၊ အလုပ်တစ်ခု မယ်မယ်ရရ
မရှာနိုင်သေးတဲ့ကိုယ့်ကိုယ်ကိုအတွက်လည်း ရှက်ရွံ့ကြေကွဲ
သွားပါတယ်။

''ပို . . . အပျင်းပြေလုပ်ကြည့်ချင်လည်း လုပ်ကြည့်
လေ။ ဒါပေမယ့် . . . အဲ့ဒီအလုပ်လေးတွေလောက်နဲ့ကော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့ရဲ့ မီးဖိုချောင်ငွေထွက်ပေါက်ကို ပိတ်ဆို့မထားဆီး နိုင်ဘူးပိုရဲ့''

''ပိုနားလည်ပါတယ်။ မနက်ပိုင်းပဲပြုတ်ဖိုးလောက်ရ လည်း မဆိုးဘူးဆိုပြီး လက်ခံလိုက်တာ။ ကဲ ... ဟင်းတွေ ရောက်လာပြီ စားကြစို့။ ယူက ဝက်သားလုံးချိုချဉ်သိပ်ကြိုက် တာ မဟုတ်လား။ ရော့ ...''

ကျွန်တော့်ပန်းကန်ထဲကို ဟင်းတွေဖေါဖေါသီသီခပ် ထည့်ပေးပါတယ်။ ဘာပဲဖြစ်ဖြစ် ပိုပို့ရဲ့ ပထမဆုံးဝင်ငွေဟာ ကျွန်တော့်ကို ဟင်းကောင်းကောင်းနဲ့ ထမင်းတစ်နပ်ကျွေးနိုင် ခဲ့တာတော့ အမှန်ပါ။

အဲ့ဒီနေ့က ကျွန်တော်ကြိုက်တဲ့ဟင်းတွေချည်းဖြစ် ပေမယ့် ဘာကြောင့်မှန်းမသိဘူး။ ကျွန်တော် ကောင်းကောင်း မြိန်မကျနိုင်ခဲ့ဘူး။ ရာသီဥတုအပြောင်းအလဲကြောင့် မဟုတ်ရင် တော့ ယောကျ်ားတစ်ယောက်ရဲ့ သိမ်ငယ်စိတ်ကြောင့်ပဲ ဖြစ်ပါ လိမ့်မယ်။

◆◆◆



(၆)

'ကိုနေသစ်နီ'

နာမည်ခေါ်သံကြောင့် ကျွန်တော် လှပ်ခနဲရင်ဖိုသွား ပြီး ထိုင်ရာက ကမန်းကတန်းထရပ်လိုက်တယ်။ လူနာမည် အမည်စာရင်းကို ဘုရင့်စာချွန်တော်ကိုင်သလို ဟန်ပါပါကိုင် ထားတဲ့ နဲ့က အခန်းထဲဝင်ပါဆိုတာကို ပါးစပ်ကမပြောဘဲ၊ လက်မနဲ့ဆတ်ခနဲ ညွှန်ပြတယ်။ သွေးနုထင်ရောက်နေတဲ့ သကောင့်သားကို ပုံစံပေးလိုက်ချင်ပေမယ့်၊ ကိုယ့်စိတ်ကို အမြန်ဆုံးချိုးနှိမ်လိုက်ပါတယ်။

သည်းခံနေသစ်နီ။ စိတ်ကိုအေးအေးထား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အခန်းထဲကို အိန္ဒြေရရလှမ်းဝင်လိုက်တယ်။ နဖူးမှာ ချွေးစို့နေတဲ့ခပ်ဝဝလူကြီးက၊ ထုံးစံအတိုင်း အမည်၊ အသက်၊ အဖအမည်တွေ မေးတယ်။

''အီးမေဂျာနဲ့ပြီးတာနော်။ ကွန်ပျူတာ ရိုက်တတ်သလား''

''ဟုတ်ကဲ့... ကောင်းကောင်းတတ်ပါတယ်၊ အင်တာနက်လည်း ကျွမ်းကျင်ပါတယ်''

မျက်မှန်ကို ကျော်ပြီး သူကျွန်တော့်ကို ကြည့်တယ်။ ဈေးဘန်းထဲက ကန်စွန်းရွက်တစ်စည်းကို အပြစ်ကင်းမကင်း ကြည့်သလိုမျိုး။ စေ့စေ့စပ်စပ်ကိုကြည့်တာပါ။ ယောကျာ်းကြီးတစ်ယောက်ရဲ့ အကြည့်ကြောင့် ကျွန်တော်ရင်တွေ ဘာတွေ တောင်ဖိုသွားရပါသေးတယ်။

''ဟုတ်ပြီ၊ ဈေးကွက်သုတေသနမှာ အစမ်းခန့်သုံးလ လုပ်။ လိုအပ်ရင် အရောင်းမြှင့်တင်ရေးလိုက်ရမယ်။ နောက်ပိုင်း ... သင့်တော်တဲ့ ရာထူးမှာထားပေးမယ်။ မောင်ရင် လုပ်နိုင်မလား''

ပိုပို့ရဲ့စကားကို ငှားပြီးပြောရရင် ... လုပ်နိုင်တာ မဟုတ်ဘူး။ သိပ် ... သိပ်ကို လုပ်နိုင်တာပါလို့ပြောရမယ်။





ကျွန်တော်ခေါင်းကို ခပ်သွက်သွက်ညိတ်ပြလိုက်တော့ လူဝကြီးက စာရွက်မှာ တစ်စုံတစ်ရာရေးခြစ်လိုက်ပြီး၊ အခန်းဝကို ''နောက်တစ်ယောက်'' ... လို့ လှမ်းအော်လိုက်တယ်။ ကျွန်တော်နဲ့ တွေ့ဆုံမေးမြန်းခန်းပြီးပြီဆိုတဲ့သဘောပေါ့။

ကျွန်တော်စိတ်လက်ပေါ့ပါးစွာ အခန်းထဲက ပြန်ထွက်လာပြီး ကောင်တာက စာရေးမကြီး(အသက်လေးဆယ်ကျော်)ကို သတင်းသွားပို့တော့ ''နောက်နေ့အလုပ်စဆင်း'' တဲ့။ သေချာတဲ့အတည်ပြုချက်ရပြီးတဲ့နောက်မှာတော့ ကျွန်တော် အိမ်ပြန်ပါတယ်။

ဖြစ်နိုင်ရင် စူပါမင်းလို လေထဲကနေ ဝေါခနဲပျံသန်းပြီး အိမ်ကိုခပ်မြန်မြန်ရောက်ချင်ပေမယ့်၊ လက်တွေ့မှာ မဖြစ်နိုင်တာမို့ ဂီယာကို တုတ်ထောက်မောင်းရတဲ့ လိုင်ဘတ်စ်ကားအိုကြီးနဲ့ပဲ တရွေ့ရွေ့ပြန်လာရပါတယ်။

''ပိုပိုရေ... ဟေး... ပိုနီတေးလ်... တံခါးဖွင့်စမ်းပါ မြန်မြန်လေး''

အိမ်ဝအရောက် အမောတကော လှမ်းအော်လိုက်တဲ့ ကျွန်တော့်အသံကြောင့် ကျမ်းပြုစာသားတွေကို ကွန်ပျူတာ ရိုက်နေတဲ့ ပိုပိုက အလန့်တကြား ပြေးထွက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



''ဘာဖြစ်လို့လဲဟင် . . . ဘာဖြစ်လို့လဲ နေသစ်နီ။ အိမ်သာတက်ချင်လို့လား''

''မဟုတ်ပါဘူး''

''ဒါဆို ဘာဖြစ်တာလဲကွယ်။ လန့်လိုက်တာ''

''ဖွင့် . . . ဖွင့် တံခါးမြန်မြန်ဖွင့်''

တံခါးပွင့်သွားတာနဲ့ ကျွန်တော်အိမ်ထဲကို သုတ်ခနဲ ပြေးဝင်ပြီး သူမရဲ့ကိုယ်လုံးလေးကို ပွေ့ချီလိုက်တယ်။ ပြီးတော့ လေထဲမှာ နှစ်ပတ်သုံးပတ် လှည့်ပစ်လိုက်တယ်။

''ဟေး . . . ဘာလုပ်တာလဲ။ ဂါဝန်တွေတောင် လန်ကုန်တော့မယ်''

သူမက ဘုမသိဘမသိနဲ့ ရှက်ကိုးရှက်ကန်းအော်တယ်။ ကျွန်တော် သူမကို အောက်ပြန်ချပြီး၊ သူမရဲ့ပုခုံးနှစ်ဖက်ပေါ် လက်တင်လို့ ပြုံးပြုံးကြီး ပြောလိုက်တယ်။

''ကိုယ်အလုပ်ရပြီလေ''

''အလုပ်ရပြီ''

''ဟုတ်တယ်။ တီအင်အေ ကုမ္ပဏီမှာ တစ်လရှစ်





သောင်းနဲ့ အစပ်ခန့်သုံးလ။ ပြီးရင် လေ့ကျင့်ကာတွေကို တစ်ထစ်ချင်းနင်းတက်သွားရုံပဲ ခပ်မြင့်မြင့်တစ်နေရာမှာ ကိုယ့်အတွက် ကုလားထိုင်တစ်ခုက အဆင်သင့်စောင့်နေတယ်''

''အို . . . ဘုရားရေ . . . ။ အိုး . . . ဘုရားသခင်။ အလုပ်ရပြီ။ နေသစ်နီ အလုပ်ရပြီ။''

အဲ့ဒီနောက်တော့ . . . အလုပ်ရပြီဆိုတဲ့ စကားကို သီချင်းတစ်ပုဒ်လိုလုပ်ပြီး သူမတစ်နေကုန်ဆိုနေတော့တာပါပဲ။ ရိုက်လက်စ ကွန်ပျူတာသီတောင် ပြန်မသွားတော့ပါဘူး။

''ဟေး . . . ကွန်ပျူတာ သွားမရိုက်တော့ဘူးလား''

''မရိုက်တော့ဘူးပေါ့။ ဘာအရေးလဲ။ မပြီးသေးဘူးလားလို့လာမေးရင် ပြောပစ်လိုက်မယ်။ ကျွန်မယောက်ျားက ကုမ္ပဏီမှာ အရာရှိကြီးဖြစ်သွားပြီ။ ရှင့်ဥစ္စာကို အေးအေးဆေးဆေးမှပဲ ရိုက်ပေးနိုင်တော့မယ်လို့''

အဲ့ဒီနောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ကျွန်တော်တို့နှစ်ယောက်စလုံး ဝါးခနဲ ရယ်ချလိုက်ကြတယ်။ အိမ်ထောင်ဦးကာလမှာ ပထမဆုံးအကြိမ်အဖြစ် ဟက်ဟက်ပက်ပက်ရယ်မောလိုက်မိတာပါ။

◆



www.burmeseclassic.com

www.burmeseclassic.com



''ဒီနေ့ ထမင်းဘူးအတွက်၊ အမဲသားနှပ်နဲ့ ကြက်ဥမွှေကြော်။ စားလို့ဖြစ်တယ် မဟုတ်လားဟင်''

''သိပ်ဖြစ် . . . စားလို့ဖြစ်ရုံထက်တောင် ပိုနေသေးတယ်''

နောက်ပိုင်းကာလရဲ့ မနက်စောစောပိုင်းအချိန်တွေမှာ အဲ့ဒီလိုအသံမျိုးတွေကို ကျွန်တော်တို့မီးဖိုချောင်မှာ မကြာခဏ ကြားရလေ့ရှိတယ်။ တစ်ခါတလေ . . .

''ရုံးအပြန်ကော်ဖီမစ်နဲ့ ဆပ်ပြာမှုန့်ဝယ်လာခဲ့အုံး'' ဆိုတာမျိုး။

''ဟိုအစ်မကြီးရဲ့သူငယ်ချင်းအတွက် သီးဆစ်တစ်ခု ရိုက်နိုင်းနေပြန်ပြီ။ အေဖိုးစက္ကူတစ်ထုတ်လောက် ဆွဲခဲ့ပါကွာ'' ဆိုတာမျိုးတွေ ကြားရတတ်ပါတယ်။

လတ်တလော အခိုက်အတန့်မှာ ရာသီဥတုအခြေအနေက သာယာနေတယ်လို့ပြောရမှာပါ။ ပထမဆုံးလခထုတ်တဲ့နေ့က ကျွန်တော်တို့နှစ်ယောက် မြို့ထဲထွက်ပြီး ရုပ်ရှင်ကြည့်၊ ညစာစားဖြစ်ကြတယ်။ ပိုပိုက ကုန်ကျစရိတ်တွေအတွက် မိန်းမတွက်တွက်ပြီး စိုးရိမ်နေပါသေးတယ်။





''ရုပ်ရှင်ကြည့်ပြီး ဒင်နာစားရင် အနည်းဆုံးငါးထောင်လောက်ချော်မှာကွ''

''ဘာဖြစ်လဲကွာ။ တစ်ခါတလေပဲ။ အစမ်းခန့်ကာလပြီးရင် ကိုယ့်အတွက် သင့်တော်တဲ့ရာထူးတစ်ခုရမှာလေ။ အဲ့ဒီအခါကျရင် 'ကိုယ့်လစာက သိန်းကျော်သွားမှာအမိရဲ့' ကပါကွာ။ ထပြီး ရေမိုးချိုး၊ အဝတ်အစားလဲ၊ မြို့လယ်ခေါင်ကို ချီတက်ကြမယ်။ ပစ်ချာကြည့်ပြီး ဒင်နာစားကြမယ်''

အဲ့ဒီနေ့က ကျွန်တော်တို့နှစ်ယောက်စလုံးချစ်သူဖြစ်ကာစစုံတွဲလေးတွေလို သိပ်ပျော်ကြပါတယ်။ မရောက်တာကြာတဲ့ ချိုင်းနားတောင်းမှာ မစားရတာကြာတဲ့ အစားအစာတွေကလည်း အရသာရှိလှပါတယ်။

ပြန်ခါနီးနည်းနည်းစိတ်အနှောင့်အယှက်ဖြစ်ရတာဆိုလို့ ကျွန်တော့်ညီဝမ်းကွဲနှစ်ယောက် ဖိုးလပြည့်၊ ဖိုးပြည့်စုံတို့နဲ့ဆုံဖြစ်ခဲ့တာ တစ်ခုပဲ ပြောစရာရှိတယ်။ တုတ်ထိုးလာစားကြတဲ့ ဒီကောင်နှစ်ကောင်က ကျွန်တော့်ကိုတွေ့တော့ 'ကိုကိုနေသစ်နိ' ဆိုပြီး ပြေးလာကြတယ်။ ပထမတော့ နည်းနည်းအန်းတန်းတန်းဖြစ်သွားတာပေါ့။

နောက်တော့လည်း . . . အိန္ဒြေရရပဲ ပိုပိုနဲ့မိတ်ဆက်ပေးလိုက်ပြီး တည်တည်ငြိမ်ငြိမ် စကားပြောနိုင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အခုဘယ်မှာနေလဲ၊ ဘာလုပ်နေလဲ ဆိုတဲ့ မေးခွန်းတွေကို တော့ မဖြေဘူးပေါ့လေ . . . ။

"ကိုကို့ဘိုးတော်က ကိုကို့အကြောင်းအမြဲပြောတယ် ဗျ။ ဘွားတော်ကတော့ ထုံးစံအတိုင်းလွမ်းနေတာပေါ့လေ။ ငါ့သားလေး နေမှကောင်းရဲ့လား။ ဟင်းကောင်းကောင်းမှ စားရရဲ့လားဆိုပြီးတော့လေ . . . "

အမေနဲ့အဖေအပေါ် သတိတရစိတ်က ကျွန်တော့် ရင်ထဲမှာ လှိုက်တက်လာကြတယ်။ လမ်းခွဲခါနီးတော့ ဖိုးလ ပြည့်က "ဖုန်းမဆက်ချင်တောင် နေကောင်းတဲ့အကြောင်း အီးမေးလ်ဖြစ်ဖြစ် လှမ်းရိုက်လိုက်ပါအုံးဗျာ" . . . တဲ့။ အီးမေးလ် တော့ ကုမ္ပဏီကနေ လှမ်းရိုက်လိုက်ရင်လည်း ရပါတယ်။ ဒါပေမယ့် မရိုက်တော့ဖို့ ကျွန်တော် ချက်ချင်းပဲ ဆုံးဖြတ်လိုက် တယ်။ မေ့လက်စနဲ့ မေ့ထားကြတာပဲ ကောင်းပါတယ် ဆိုပြီး တော့လေ။

ညကျတော့ ဘယ်လူးညာလိမ့်နဲ့ ကျွန်တော် တော် တော်နဲ့ အိပ်မပျော်နိုင်ခဲ့ဘူး။ ကျွန်တော့်အပေါ်မှန်တစ်ချပ်လို အမြဲတမ်း အရိပ်တကြည့်ကြည့်နေခဲ့တဲ့ သူမက ချက်ချင်း ပဲ ရိပ်မိသွားပါတယ်။

"ယူ အိမ်ကို သတိရနေတာလား"





"မဟုတ်ပါဘူး"

"အီးမေးလ်ဖြစ်ဖြစ် ရိုက်လိုက်ပါလားကွယ်။ သူတို့ လည်း စိတ်အေးသွားရတာပေါ့"

"နေပါစေ၊ ခုလည်း သိပ်ပြီးစိတ်ပူနေကြမှာမှ မဟုတ် ဘာ။ ကဲ . . . အိပ်တော့ ပိုရာ၊ မနက်စောစော ထရအုံးမှာ။ ကိုယ်လည်း အိပ်တော့မယ်"

တကယ်တော့ ကျွန်တော်အိပ်မပျော်သလို၊ သူမ လည်း တော်တော်နဲ့ မအိပ်နိုင်ခဲ့ပါဘူး။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

# (၇)

အမှန်ကို ဝန်ခံရရင် ကျွန်တော် အိမ်ကို သတိရပါတယ်။ ဘိုးတော်နဲ့ ဘွားတော်အပြင် ကျွန်တော့်အစ်မကိုပါ သတိရနေမိတယ်။

သူတို့ကော ကျွန်တော့်ကို လွမ်းနေမလား။ ဒါမှမဟုတ် သူလမ်းသူရွေးသွားတာ သူဖြစ်တာ သူခံပေစေဆိုပြီး မေ့လျော့နေကြမလား။ ကျွန်တော် အိမ်ကို လွမ်းသလိုမျိုး ပိုပိုသည်း တစ်ခါတစ်ခါ လွမ်းနေမှာပါ။

ဒါပေမယ့် သူမက ဟန်ဆောင်ကောင်းတယ်။ တစ်ခါတလေ သူမ အစ်မအကြောင်း စကားစမိပြီးမှ ချက်ချင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



စကားလွှဲပစ်လိုက်နိုင်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် သူမရော ကျွန်တော်ပါ အကြောင်းတိုက်ဆိုင်တဲ့အခါ အိမ်ကို သတိ မိကြတာ၊ အပြစ်မဆိုသာပါဘူး။

ဘာလို့ဆိုတော့ ကျွန်တော်တို့နှစ်ယောက်စလုံးက ငယ်ကြသေးတာ မဟုတ်လား။ မိဘရဲ့ လောင်းရိပ်လို လုံခြုံအေးမြတဲ့ ကိုယ်ပိုင်လောင်းရိပ်တွေ မတည်ဆောက်နိုင် ကြသေးဘူး မဟုတ်လား။

ဒီတော့ အကြောင်းတိုက်ဆိုင်တဲ့ တစ်ခါတစ်ရံ ဥပမာ အသပြာကိစ္စ အဆင်မပြေတဲ့အခါ၊ အဝတ်အစားအသစ်တွေ တွေ့ပြီး ငမ်းငမ်းတက် လိုချင်ပေမယ့် မဝယ်နိုင်ကြတဲ့အခါ အိမ်ကို သတိရမိကြပါတယ်။

အာဆင်နယ်တို့ ကျွန်ဆီးနားတို့ဆီ ဖုန်းဆက်ချင်လို့ သုံးလေးအိမ်ကျော် မုန့်ဆိုင်လေးမှာ ဖုန်းသွားပြောကြရ အခါလည်း အတိတ်က အခြေအနေတွေနဲ့ ယှဉ်ပြီး အိမ် သတိရမိကြတာပါပဲ။

ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက်စလုံး ခေါင်း စွာ ချက်ချင်းပြန်လည်မေ့ပစ်နိုင်ခဲ့ကြတယ်။ တစ်ယောက် အိမ်ကို လွမ်းစိတ်ဝင်တဲ့အခါမျိုးမှာ ကျန်တစ်ယောက်က အ စိတ်ကို ပြောင်းလဲပေးနိုင်ခဲ့ကြတယ်။





''ဟော့ . . အိမ်အကြောင်း မပြောကြေးနော်၊ အိမ်ကို သတိရတဲ့လူ ညစာစားပြီးရင် ပန်းကန်ဆေးပေးကြေး''

ကျွန်တော် နည်းနည်းငိုင်သွားတဲ့အခါမျိုးမှာ ပိုပိုက အဲဒီလိုမျိုး ကြွေးကြော်တတ်ပါတယ်။ ဒီတော့လည်း နောက်ဟယ် ပြောင်ဟယ်နဲ့ပဲ အိမ်လွမ်းစိတ်က လျှော့ကျကွယ် ပျောက်သွားတတ်ပါတယ်။

''ယူ . . . အိမ်ကို သတိရတာ မဖြစ်နိုင်ဘူး။ ယူတို့ အိမ်နားက ကောင်မလေးတစ်ယောက်ယောက်ကို သတိရတာ ဖြစ်ရမယ်''

''ဟော့ . . .ကိုယ့်စိတ်နဲ့နှိုင်းပြီး မရိုင်းနဲ့ကွာ၊ ပိုပိုသာ''

''ဘာဖြစ်လဲ ပိုပိုကတော့ ရှင်းရှင်းပဲ တစ်ခါတစ်ခါ ကြယ်ခေါင်က လူကို သတိရတယ်''

''မင်းကလေ . . . ဟုတ်လား ပိုပို''

''ဒါပေါ့ . . . သူနဲ့သာဆို ခုလို ချို့ချို့တဲ့တဲ့နေရမှာ မဟုတ်ဘူးလို့ တွေးမိတယ် ဆရာ၊ ဟင်းကောင်းစားရမယ် ကားကောင်းစီးရမယ်''

တစ်ခါတစ်ခါ ပိုပိုက အတည်ပေါက်နဲ့ အဲဒီလိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



နောက်တတ်ပါတယ်။ အဲ့ဒီအခါ ကျွန်တော်က ခုလိုမျိုး ပြန်ပြောလိုက်တယ်။

''ဘာပဲဖြစ်ဖြစ် မင်းညဘက် အိပ်မပျော်တဲ့အခါ အဲ့လူက ကိုယ့်လိုမျိုး သီချင်းဆိုပြီး သိပ်တတ်မှာ မဟုတ်ဘူး ပိုပို''

ကျွန်တော့်စကား ကြားတော့ ပိုပို့မျက်လုံးတွေ ပြူးကျယ်သွားတယ်။ ပြီးတော့ ကျွန်တော့်ကို တအားပြေးဖက်ပြီး . . .

''မှန်တယ် နေသစ်နီ သိပ် သိပ်ကို မှန်ပါတယ်ကွယ်'' လို့ တတွတ်တွတ် ရေရွတ်ပါတော့တယ်။

ကျွန်တော်တို့နှစ်ယောက်စလုံး အိမ်လွမ်းစိတ်ကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေဖျက်ခဲ့ကြတာပါ။ ဒီကြားထဲမှာ လွမ်းစရာအကြောင်းတွေက ဖန်လာပြန်ပါသေးတယ်။

တစ်ရက် ကျွန်တော့်အိမ်နဲ့ တစ်လမ်းကျော်လောက်ကို ကျွန်တော် ရောက်သွားတယ်။ တကယ်က တစ်လမ်းကျော် မပြောနဲ့ တစ်ရပ်ကွက်ကျော်လောက်ကိုတောင် မသွားချင်တာ အမှန်ပါ။





ဒါပေမယ့် ကျွန်တော့်ရဲ့ ရေးလက်စ ရက်(ပ်)မက်တယ် (Rap Metal) သီချင်းနှစ်ပုဒ်ကို ဖွင့်ပြတိုင်ပင်ရမယ့်လူက အဲဒီလမ်းထဲမှာနေတဲ့ ပိုင်ကြီးတစ်ယောက်ပဲ ရှိတာမို့ သူ့ဆီကို ရောက်သွားရတာပါ။

သူ့အိမ်က စက်ထဲမှာ ကျွန်တော့်သီချင်းတွေ ထည့်ဖွင့်ပြ။ ဘယ်နေရာမှာ ဘာလုပ်ရင် ကောင်းမလဲ တိုင်ပင်။ အဲ့ဒီနောက် ဟိုအကြောင်း ဒီအကြောင်း ဟိုအတင်း ဒီအတင်းတွေလေဖောပြီး၊ ကျွန်တော် ပြန်ဖို့ ပြင်တော့ ပိုင်ကြီးက သူ့ကားနဲ့ လိုက်ပို့မယ်လို့ ပြောတယ်။

တကယ်က ပိုင်ကြီးကားနဲ့သာ ပြန်ပို့ခိုင်းရင် ဘိုးတော်နဲ့ တွေ့ဖြစ်မှာ မဟုတ်ဘူး။ ဒါပေမယ့် ခေါင်းမာတဲ့ ငမိုက်သား ကျွန်တော်က သူ့ရဲ့ ရက်ရက်ရောရော ကမ်းလှမ်းမှုကို အတင်းငြင်း။ ကိုယ့်အစီအစဉ်နဲ့ ကိုယ် ရွက်လွှင့်မယ်ဆိုပြီး လမ်းလျှောက်ထွက်လာခဲ့တယ်။

ဒါကြောင့်လည်း လမ်းထိပ်ရောက်တော့ ဘိုးတော်ကားနဲ့ တည့်တည့်တိုးပါတော့တယ်။ စက်သံညက်ညောလှတဲ့ ငွေရောင်ကားကြီး ကျွန်တော့်ရှေ့ကို လျှောခနဲ ထိုးဆိုက်လာကတည်းက ကျွန်တော့်မျက်လုံးတွေ ပြာဝေသွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန်လှည့်ပြေးရင် ကောင်းမလားလို့ တွေးလိုက်ပေမယ့် မဖြစ်နိုင်တော့တာမို့ ဒီတိုင်း ရပ်နေလိုက်ရတယ်။

ဖြည်းဖြည်းချင်း နီမှိန်ဆင်းသွားတဲ့ ဖိုတိုဂရေး ပြတင်းမှန်ရဲ့ နောက်က ဖေဖေရဲ့ သံမဏိမျက်နှာတပ် မျက်နှာက ခပ်တင်းတင်းပေါ်လာတယ်။

''ဘယ်ကို လာတာလဲ နေသစ်နီ''

ဖေဖေ့အသံကတော့ ထုံးစံအတိုင်းပါပဲ။

အေးစက်မြဲ၊ တင်းမာမြဲ ပြီးတော့ အသံဩဇာနဲ့ ပြည့်ဝမြဲပါပဲ။

''ဒီလမ်းထဲက ပိုင်ကြီးဆီလာတာပါ ဖေဖေ။ ကျွန်တော် အကူအညီတောင်းဖို့ အိမ်ကို အလည်လာတာ မဟုတ်ပါဘူး''

ကျွန်တော့်ရဲ့ နောက်ဆက်တွဲစကားကြောင့် ဖေဖေ့ မျက်နှာ ကွက်ခနဲ ပျက်သွားတယ်။

''ငါကလည်း မင်းအိမ်ကို လာလိမ့်မယ်လို့ မျှော်လင့်မထားပါဘူး။ ကဲ ... ကားပေါ်တက်ကွာ''

ဖေဖေ့ အမိန့်သံတွေနဲ့ အမြဲတမ်း ရင်းနှီးနေကျမို့





'ဟုတ်ကဲ့' လို့ ယောင်ပြီး ခေါင်းညိတ်မိမလို ဖြစ်သွားပါသေးတယ်။ ဒါပေမယ့် ချက်ချင်းပဲ ကျွန်တော့်ကိုယ် ကျွန်တော် ထိန်းလိုက်နိုင်ပါတယ်။

''ဘာအတွက်လဲ ဖေဖေ''

''မင်းကို လိုက်ပို့ပေးမလို့လေ''

''နေပါစေ ဖေဖေ၊ ကျွန်တော် ဝင်စရာတွေ ရှိသေးတယ်''

ကျွန်တော် ခပ်တည်တည် ငြင်းလိုက်တော့ ဖေဖေ စကားဆက်ဖို့ ခက်သွားပါတယ်။ ဖေဖေ့ယာဉ်မောင်း ဦးလေးကြီးကတော့ ကားပေါ်တက်စေချင်တဲ့သဘောနဲ့ မျက်နှာရိပ်မျက်နှာကဲ လုပ်ပြပေမယ့် ကျွန်တော် မမြင်ချင်ယောင်ဆောင်လိုက်တယ်။

''မင်း အဆင်ပြေရဲ့လား နေသစ်နီ''

''ပြေပါတယ် ဖေဖေ''

''ကျန်းမာရေးကော''

''ဟုတ်ကဲ့ ... ကောင်းပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



''မင်း မနက်ဖြန် ဖေဖေ့ရုံးကို ခဏလာနိုင်မလား။ ပြောစရာရှိလို့''

''ဟုတ်ကဲ့ . . .လာခဲ့မယ် ဖေဖေ''

ကျွန်တော် မြန်မြန်ဆန်ဆန် ကတိပေးလိုက်နိုင်လို့ ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြသွားရပါတယ်။ ဘာကြောင့်ပါလဲ။ အကြောင်းကတော့ ရှင်းပါတယ်။ ကျွန်တော် ဖေဖေ့ဆီ တကယ်သွားမှာ မဟုတ်လို့ပါပဲ။

''နေ့လယ်စာ မစားခင် ရောက်အောင်လာကွာ''

''ဟုတ်ကဲ့ ဖေဖေ''

''ဒါဖြင့် ဖေဖေသွားမယ်''

မော်တော်ကား ပြတင်းမှန် ဖြည်းဖြည်းချင်း ပြန်တက်သွားတယ်။ ကားကြီးကလည်း ကျွန်တော့်ရှေ့က ဖြည်းဖြည်းချင်း မောင်းထွက်သွားပါတယ်။

ကျွန်တော်ကတော့ နောက်တစ်နေ့ ဖေဖေ့ဆီကို ဖြည်းဖြည်းချင်း သွားမတွေ့ခဲ့ပါဘူး။ တွေ့စရာလည်း မလိုဘူးလေ။





ပိုပို့ကတောင် မိန်းကလေးတန်မဲ့ သူ့အိမ်နဲ့ ပြတ်သားနိုင်ခဲ့သေးတာ မဟုတ်လား။ ကျွန်တော်က ဖေဖေ့ရုံးခန်းကို သွားပြီး 'အို . . . ချစ်သော . . . ဒယ်ဒီ' လုပ်နေဖို့ မသင့်ဘူးလေ။ ပိုပို့အပေါ် သစ္စာဖောက်ရာ ကျမယ့်ကိစ္စမျိုးဆို ကျွန်တော် ဘာမှ မလုပ်ချင်ဘူး။ ဒါကြောင့် ဖေဖေ့ဘက်က အပစ်အခတ် ရပ်စဲရေး စေ့စပ်ဆွေးနွေးချင်တာဆိုရင်တောင် ကျွန်တော့်ဘက်က လက်မခံခဲ့ပါဘူး။

ပိုပို့ကိုတော့ အဲဒီအကြောင်း ဘာမှ ပြန်မပြောဖြစ်ခဲ့ဘူး။ ပြောလိုက်ရင် သွားတွေ့ဖို့ အတင်းတိုက်တွန်းနေမှာ စိုးလို့ပါ။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## (၈)

အဲ့ဒီအတော်အတွင်း ဂျွန်ဆီးနားက ကျွန်တော်တို့နှစ်ယောက်ရဲ့ အခွေကို ဖြန့်နိုင်ဖို့ အားသွန်ခွန်စိုက် လုံးပန်းနေတယ်။ အခွေအကြောင်းသတင်းတွေ ဂျာနယ်တချို့မှာ တစွန်းတစပါလာတယ်။

ယောမင်းကြီးတို့ကလည်း သူတို့ပွဲရှိတိုင်း၊ ကျွန်တော်တို့နှစ်ယောက်ကို ပရိသတ်နဲ့ မိတ်ဆက်တဲ့အနေနဲ့ အားဖြည့်ဆိုခိုင်းလေ့ရှိတယ်။ ဘဝရပ်တည်ရေးအတွက် လတ်တလောအလုပ်တစ်ခုရထားသလို၊ အခွေကလည်း ထွက်တော့မှာမို့ ကျွန်တော့်ရဲ့စိတ်ဓာတ်တွေ တက်ကြွနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင် ကမ္ဘာမြေပေါ်က ရှိရှိသမျှ တံခါးတွေ အားလုံးပွင့်ပြီး ကျွန်တော့်ကို လက်ကမ်းကြိုဆိုလာကြလိမ့်မယ်လို့တောင် မြင်ယောင်လာပါသေးတယ်။ ''ဝဲလ်ကမ်း နေသစ်နီ... ကြိုဆိုပါတယ် ဂီတသူရဲကောင်း'' ဆိုတာမျိုးပေါ့။

အဲ့ဒီရက်တွေအတွင်း ကျွန်တော့်အတွက် အနည်းငယ် စိတ်ကသိကအောက်ဖြစ်စရာဆိုလို့၊ ပိုပိုတစ်ယောက် အစားအသောက်ပျက်ပြီး နည်းနည်းပိန်လာတာ တစ်ခုပဲ ပြောစရာရှိပါတယ်။

''ပိုပို မင်းနေကောင်းရဲ့လား''

''ကောင်းပါတယ် ယူရဲ့။ ဘာဖြစ်လို့လဲ''

''ခုတလော၊ မင်းကို ကြည့်ရတာ အရင်ကထက် ပိန်လာသလိုပဲ''

''အစားအသောက် ပျက်လို့ပါ။ ပြီးတော့ အိမ်ထောင်ကျသွားတဲ့ မိန်းကလေးတွေက ဒီလိုပဲနဲ့တူပါတယ်''

အရေးမကြီးသလို ခပ်ပေါ့ပေါ့ပြန်ပြောလာလို့ ကျွန်တော် ဘာမှဆက်မမေးဖြစ်တော့ဘူး။ သူတို့ရဲ့ မိန်းကလေးတွေ သဘာဝကို ကိုယ်ကလည်း ဂဃနဏ သိတာမှ မဟုတ်ပဲ။ ဒါပေမယ့်၊ စိတ်ထဲမှာတော့ သူမကိုယ်ဝန်ရှိချင်လာလို့များလားလို့ တွေးလိုက်မိတယ်။





ပိုပိုကတော့ ကျွန်တော့်အထင်ကို ငြင်းပါတယ်။

''မဟုတ်ပါဘူးကွယ်။ ဟုတ်ရင် ပို... ပြောမှာပေါ့''

''ဒါဖြင့်လည်း ဒီနေ့ကစပြီး ထမင်းများများစားကွာ။ တခြားစားချင်တာရှိလဲပြော။ ကိုယ်သွားဝယ်မယ်''

ကျွန်တော် စိတ်ကျေနပ်အောင် သူမ ထမင်းတော့ ကြိုးစားပြီး စားပြပါရဲ့။ ဒါပေမယ့် ကျွန်တော့် စိတ်ထဲမှာတော့ သူမကို ပိန်နေဆဲပဲလို့ ထင်မိတယ်။ အရင်ကထက်စာရင် တက်ကြွလန်းဆန်းမှုလည်း နည်းလာသလိုပါပဲ။

ဝင်းဝါနုညက်တဲ့ မျက်နှာပြည့်ပြည့်လေးက ချောင်ကျလာသလို၊ အမြဲနီစွေးစိုလက်နေတတ်တဲ့ နှုတ်ခမ်းပါးလေးတွေက ဖြူဖျော့လာတယ်လို့ ကျွန်တော်ထင်မိတယ်။

''ပိုပို... မင်းကိုကြည့်ရတာ ကိုယ်အားမရဘူးကွာ။ ဆေးခန်းလေး၊ ဘာလေးပြကြည့်မလား။ ကိုယ်နားမလည်တဲ့ အမျိုးသမီးကိစ္စတွေ ဘာတွေဆိုရင်လည်း၊ ဆရာဝန်တွေက နားလည်နိုင်တယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



''မလိုပါဘူးကွယ်။ ထမင်းစားနည်းပြီး အစားအသောက်ပျက်လို့ပါ''

''ဟုတ်ပြီလေ၊ ဘာဖြစ်လို့ အစားအသောက်ပျက်ရတာလဲ''

ကျွန်တော် ထပ်ဆင့်မေးလိုက်တော့ သူမစဉ်းစားတွေဝေသလို ခပ်ငိုင်ငိုင်ဖြစ်သွားပြီးမှ . . .

''အားဆေးမသောက်ဖြစ်လို့ . . . ထင်တာပဲ''

''ဘာလဲ အရင်က မင်းအမြဲသောက်ရတယ်ဆိုတဲ့ အားဆေးကိုပြောတာလား။ မင်းအစ်မ တစ်ခါဝယ်ပေးတဲ့ အားဆေးတွေလေ''

ကျွန်တော် သတိတရနဲ့မေးလိုက်တော့၊ သူမ ခေါင်းကို ခပ်ဖြည်းဖြည်းညိတ်တယ်။

''ဒါဖြင့် . . . ပိုပို အဲ့ဒီအားဆေးပြတ်တာကြာပြီပေါ့။ မင်းအိမ်ကထွက်လာကတည်းက မသောက်ဖြစ်တော့တာ မဟုတ်လား''

''ဟုတ်တယ်။ ပိုတော့ အဲ့ဒါကြောင့် အစားအသောက်ပျက်တာလို့ ထင်တာပဲ''





''ဖြစ်နိုင်တယ်၊ ကိုယ့်အဖေလည်း ဂျာမဏီအားဆေးတွေ ဝယ်သောက်ပြီး၊ ဖြတ်လိုက်တော့ အိပ်မပျော်တာတွေ စားမကောင်းတာတွေ ဖြစ်ဖူးတယ်။ အားဆေးဆိုတာ မှန်မှန်စွဲသောက်လာရင် ရုတ်တရက်ဖြတ်ဖို့ ခက်တယ်တဲ့။ အားဆေး ကြောင့်ဆိုရင်တော့ စိတ်မပူနဲ့ ပို။ ကိုယ်ရအောင် ရှာဝယ် မယ်''

''အဲ့ဒီအားဆေးတွေက ပေါပေါပဲပဲမဟုတ်ဘူး ယူရဲ့၊ ဈေးကြီးတယ်''

ပိုပို့စကားကြောင့် ကျွန်တော် ထောင်းခနဲ ဖြစ်သွားတယ်။

''ဈေးကြီးတော့ကော ဘာဖြစ်သလဲ။ ကိုယ်မရရအောင် ဝယ်မှာပေါ့။ ကိုယ့်မှာရှိတဲ့ ငွေနဲ့မလောက်ရင် သူငယ်ချင်းတွေဆီက ခဏချေးပြီး ဝယ်မှာပေါ့။ မင်းအားဆေးနာမည်သာပြော။ ဒါမှမဟုတ်ရင် စာရေးပေးလိုက်''

ခပ်ဆတ်ဆတ်တုန့်ပြန်လိုက်တဲ့ ကျွန်တော့် လေသံကြောင့် ပိုပို မျက်နှာတစ်ချက်ပျက်သွားပြီး ငိုင်သွားတယ်။ ပြီးမှ . . . သက်ပြင်းတစ်ချက်ချရင်း ပြောတယ်။

''ဆေးနာမည် ပို မမှတ်မိတော့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် . . ."

"နဂိုကမှ ပိုက အင်္ဂလိပ်စာဆို သိပ်အားသန်တာ မဟုတ်ဘူး။ ဆေးနာမည်ကလည်း ခက်တော့ မှတ်မထားမိ လိုက်ဘူးကွယ်"

ဇာတ်လမ်းကတော့ တစ်ခန်းရပ်သွားပြီလို့ ပြောရမှာ ပါ။ ဒါပေမယ့် . . . သူမက အဲ့ဒီအားဆေးသောက်မှဖြစ်မယ် ဆိုရင် ကျွန်တော် တနည်းတဖုံကြံရတော့မှာပေါ့လေ။

◆◆◆



(၉)

"ဦးလဟယ်တို့ မိသားစု စမ်းချောင်းမှာပဲ ရှိသေး တယ် နေသစ်နီ။ သူတို့နယ်မပြန်ကြသေးဘူး။ ကြည့်ရတာ ပိုပို လာဆက်သွယ်နိုးနဲ့ စောင့်နေကြတာ ဖြစ်နိုင်တယ်"

အာဆင်နယ်ရဲ့စကားကြောင့် ကျွန်တော် လှစ်ခနဲ ဝမ်းသာသွားတယ်။ ဒါဆိုရင် ပိုပို့အတွက် အားဆေးရဖို့ သိပ်မခက်ခဲတော့ဘူးလို့ ကျွန်တော် နားလည်လိုက်တယ်။ အာဆင်နယ်ကိုလည်း အားဆေးကိစ္စ အရိပ်အမြွက်ရှင်းပြ လိုက်ပါတယ်။

"ဒါဖြင့် ပိုပိုက အဲ့ဒီအားဆေးသောက်မှ အစားအ သောက်မှန်တယ်ဆိုတော့ မင်းက အဲ့ဒီအားဆေးကို ရှောင်း ပေးစေချင်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘူးခွံလောက်ရရင်တောင် ဖြစ်တယ်ကွာ။ ဘူးခွံပြပြီး လိုက်ရှာဝယ်လို့ရတယ်။ ခုဟာက ဘာဆေးမှန်းမသိ၊ ဘာနာမည်မှန်းမသိဆိုတော့ တော်တော်ဒုက္ခရောက်နေတယ်"

"ဒါဖြင့်လည်း ငါသွားတောင်းပေးမယ်လေ။ မင်းမလိုက်နဲ့ ငါ့ဘာသာ မိပဲကို အကျိုးအကြောင်းပြောပြပြီး ရှာယူနိုင်းလိုက်မယ်"

အာဆင်နယ်က သူငယ်ချင်းကောင်းပီသစွာ ပြောလာတယ်။

"ငါလည်း လိုက်ပါ့မယ် အာဆင်နယ်"

"ဒါဖြင့် လိုက်ချင်လည်းလိုက်ပေါ့။ ဒါပေမယ့် . . . ကားပေါ်ကပဲ စောင့်နေ။ ဟိုမှာ ဘာရှော့ခ်တွေရှိမှန်းမသိဘူး။ မင်းကိုတွေ့ရင် တစ်မျိုးဖြစ်နိုင်တယ်"

ဒီလိုနဲ့ စမ်းချောင်းရောက်တော့ ကျွန်တော်က လမ်းထိပ်မှာရပ်ထားခဲ့တဲ့ ကားပေါ်မှာပဲ စောင့်ကျန်ခဲ့ပြီး၊ အာဆင်နယ်က ပိုပိုတို့ တိုက်ခန်းရှိရာကို ထွက်သွားပါတယ်။ မိနစ်နှစ်ဆယ်၊ အစိတ်လောက်ကြာတော့ အာဆင်နယ်ပြန်ရောက်လာတယ်။ လက်ထဲမှာ ဆေးဘူးနဲ့တူတာဆိုလို့ နာရှူဆေးတောင် ပါမလာလို့ ကျွန်တော်စိတ်ဓာတ်ကျသွားတယ်။





"အာဆင်မပြောဘူးလား အာဆင်နယ်"

"မပြေတပြေပဲ ရသေ့နီ။ တိုက်ခန်းမှာ မိုမိုရောက်နေတယ်။ မင်းနဲ့တွေ့ချင်တယ် . . . တဲ့။ ဆေးဘူးကိုတော့ မပေးလိုက်ဘူး။ မင်းနဲ့တွေ့ရင်ပေးမယ်။ သူ့မှာဝယ်ပြီးသား သုံးလေးဘူး ရှိတယ်ပြောတယ်"

သူဘာဖြစ်လို့ ငါ့ကိုတွေ့ချင်တာလဲလို့ အာဆင်နယ်ကို မေးတော့ ဝေါ်က ပုခုံးတွန့်ပြတယ်။ သူလည်း မပြောတတ်ဘူးဆိုတဲ့ သဘောပေါ့။

အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော် မိုမိုကို သံသယ ရှိမိတယ်။ ပထမတစ်ခေါက် သူနဲ့ဆုံပြီး သိပ်မကြာခင်၊ တစ်ဖက်က စေ့စပ်ချင်တယ်ဆိုတဲ့ ဇာတ်လမ်းဖြစ်ပေါ်လာခဲ့တာ မဟုတ်လား။

အတိအကျ စွပ်စွဲနိုင်တာမျိုးမဟုတ်ပေမယ့် စိတ်ထဲမှာ ခိုးလိုးခုလုတော့ ဖြစ်ခဲ့ရတာအမှန်ပါ။

ပိုပိုကတော့ . . . မိုမိုက ကျွန်တော်တို့ဘက်မှာ ရပ်တည်တဲ့လူပါလို့ အသေအချာ ပြောပါရဲ့။

ဒါပေမယ့် . . . တွေ့သင့်၊ မတွေ့သင့် ကျွန်တော် ဇဝေဇဝါဖြစ်နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အာဆင်နယ်ကတော့ သူပြောစရာ တစ်ခုခုရှိနေလို့ ဖြစ်မှာပေါ့။ တွေ့လိုက်ပါလို့ အကြံပေးတယ်။

''ဒါပေမယ့်... သူ့တိုက်ခန်းမှာတော့ သွားမတွေ့နဲ့။ သူ့ဖုန်းနံပါတ် ငါယူလာတယ်။ မင်းတွေ့ချင်ရင် တစ်ဆိုင်ဆိုင်မှာချိန်းလိုက်မယ်''

နောက်ဆုံးတော့ အာဆင်နယ်ရဲ့ အစီအစဉ်နဲ့ပဲ မိုမို့နဲ့ လူရှင်းတဲ့ဆိုင်တစ်ဆိုင်မှာ တွေ့ဖြစ်ခဲ့ပါတယ်။

မိုမိုက ကျွန်တော့်ကို မြင်တာနဲ့ သူ့ညီမအကြောင်းကို ပျာပျာသလဲ မေးပါတော့တယ်။ လိုအပ်တာထက် ပိုပြီးစိုးရိမ်မှုတွေ လွှမ်းကဲနေတဲ့အသံမျိုးနဲ့ပါ။

''ပိုပို နေမကောင်းဘူးလား နေသစ်နီ''

''ကောင်းပါတယ်၊ အားဆေးပြုတ်ပြီး အစားအသောက်ပျက်နေလို့ ဆေးဘူးနမူနာလာတောင်းတာပါ။ ကျွန်တော့်ဘာသာ ဝယ်ဆိုလည်း ဝယ်ပါ့မယ်။ ဆေးဘူးနမူနာလေးပဲပေးလိုက်ပါ''

''အားဆေးဟုတ်လား''

''သူ... ဟိုအရင်ကတည်းက စွဲသောက်နေရတယ်ဆိုတဲ့ အားဆေးလေ''

''ဟဲ့ ... ဒါဆို ... နင်ဘာမှမသိသေးဘူးပေါ့။ ဟုတ်လား နေသစ်နီ''

တအံ့တသြမေးလာတဲ့ သူ့အမေးကြောင့် ကျွန်တော်လည်း တအံ့တသြဖြစ်သွားခဲ့ရတယ်။ ကျွန်တော်က ဘာကိုသိရမှာလဲ။ ဘာများ အဆန်းတကြယ်သိစရာအကြောင်းတွေ ရှိနေလို့ပါလဲ။

''ငါက နင်သိပြီးလို့ ဆေးလာတောင်းတယ်မှတ်နေတာ။ ဒါကြောင့် နင့်သူငယ်ချင်းနဲ့ ဆေးမပေးလိုက်ဘဲ။ သူ့အကြောင်းမေးချင်လို့ နင့်ကို တမင်ချိန်းလိုက်တာ။ ရော့.. ခက်တာပဲ ပိုပိုရယ်''

''ဘာတွေလဲ မိုမို။ ကျွန်တော်က ဘာကိုသိရ မှာလဲ။ ကျွန်တော် နားလည်အောင် ရှင်းရှင်းပြောပြစမ်းပါ''

''သူ့ရောဂါအကြောင်းပေါ့ နေသစ်နီရဲ့။ သူ့မှာ သွေးကင်ဆာလိုမျိုး ရောဂါရှိတာ နင့်ကို ပြောမပြလိုက်ဘူးလား။ အဲ့ဒီရောဂါကြောင့် သူဆေးတွေ စွဲသောက်လာခဲ့ရတာပေါ့''

''ဗျာ''

ကမ္ဘာကြီးတစ်ခုလုံး အိုးထိန်းစက်ပမာ ချာချာလည်





www.burmeseclassic.com

www.burmeseclassic.com



သွားတာမျိုးကို ပထမဆုံးအကြိမ်အဖြစ် ကျွန်တော်ကြုံလိုက်ရတယ်။

ကျွန်တော့် ခန္ဓာကိုယ်ထဲက သွေးတွေ ရုတ်ချည်း ရပ်တန့်သွားကြသလို ကျွန်တော့် ရင်ခုန်မှုတွေလည်း ရပ်ဆိုင်းသွားကြတယ်။

ကြည့်နေဆဲမှာပဲ ကျွန်တော့်ရှေ့က မိုမိုပျောက်ကွယ်သွားပြီး၊ သူ့စကားသံတွေကိုလည်း ကြားတချက်မကြားတချက်နဲ့ပါ။ မိုမိုကတော့ ဖြည်းဖြည်းချင်းပြောနေလေရဲ့။

"အရင်ကဆိုရင် သူ့အခြေအနေက တော်တော်ဆိုးတယ်။ သုံးလေးလတစ်ကြိမ်လောက် သွေးသွင်းပေးခဲ့ရတာ။ နောက်ပိုင်း အခုပြတဲ့ ဆရာဝန်ကြီးနဲ့ ပြောင်းပြတော့မှ သွေးသွင်းရတဲ့အကြိမ်တွေ ကျဲသွားတော့တာ။ အခု နင်က အားဆေးလို့ပြောနေတဲ့ဆေးက အဲ့ဒီဆရာဝန်ကြီးညွှန်းတဲ့ဆေးပဲ။ သွေးမသွင်းရအောင်၊ သွေးပျက်စီးမှုကို ဟန့်တားတဲ့ဆေး။ အဲ့ဒီဆေးလေးမှန်မှန်သောက်နေခဲ့လို့ သူ့ရောဂါက ပိုမဆိုးဘဲ တန့်နေခဲ့တာလေ။ သူထွက်သွားတုန်းက သောက်စရာဆေး တစ်ပတ်စာလောက်ပဲ ပါသွားခဲ့တာ။ အဲ့ဒီတုန်းက ငါကလည်း ဆေးထပ်ဝယ်မထားမိဘူး။ အဲ့ဒါကြောင့် ငါ သူ့အတွက် စိတ်ပူနေခဲ့ရတာပဲ နေသစ်နီ"





စကားလုံးတွေသာ အဆိပ်လူးမြားတွေဆိုရင် ကျွန်တော့် တစ်ကိုယ်လုံးက အဆိပ်ကြောင့် မဲနက်ပြာနှမ်းနေလောက်ပါပြီ။ အဲ့ဒီမြားတွေဟာ တစ်စင်းပြီး တစ်စင်း၊ ကျွန်တော့် နှလုံးသားကို ထိုးဖောက်ဖြတ်သန်းသွားကြတယ်။ (သူမ ဘာကြောင့်မပြောတာလဲ။ ပိုပို ဘာဖြစ်လို့ မပြောခဲ့ရတာလဲ။)

အံ့ဩမယုံကြည်နိုင်မှုနဲ့အတူ ကျွန်တော့်တစ်ကိုယ်လုံးဟာ လောင်ကျွမ်းပြာကျသွားတော့မယ့်ပမာ ပူပြင်းလောင်မြိုက်နေတယ်။ (ဒါကြောင့်များ လက်ထပ်ဖို့ ကိစ္စကို သူမတွေဝေနှောင့်နှေးနေခဲ့တာလား . . .)

"ဟဲ့ . . . နေသစ်နီ"

ခေါ်သံစူးစူးကြောင့် ကျွန်တော့်အသိစိတ်ဟာ ကျွန်တော့်ခန္ဓာကိုယ်ထဲကို ပြန်လည်ဝင်ရောက်လာပါတယ်။

"ဘာလဲ မမိုမို"

"အခု ပိုပို ဘယ်လိုနေသလဲ။ သိပ်အခြေအနေဆိုးနေသလား"

"ဟင့်အင်း . . . ကောင်းပါတယ်။ ထူထူထောင်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပါပဲ၊ အစားအသောက်ပျက်ပြီး နည်းနည်းပိန်သလို ထင်ရတာတစ်ခုပါပဲ''

''အဲ့ဒါ . . . ဆေးပြတ်သွားလို့ဖြစ်မယ်။ ငါ အခု ဆေးတွေပေးလိုက်မယ်။ နင် မှန်မှန်တိုက်။ ဆေးတွေက ဈေးကြီးပြီး ရှာရခက်တော့ နောက်တစ်ခါလည်း ငါပဲဝယ်ထားပေးမယ်။ လိုရမယ်ရ ဆရာဝန်ကြီးနဲ့ပြတဲ့ လူနာမှတ်တမ်းစာအုပ်လည်း ယူလာတယ်။ အရေးအကြောင်းဆိုနင် သွားပြလို့ရတာပေါ့''

မိုမိုက သူ့လက်ပွေ့အိတ်ထဲက ဆေးဘူးတွေနဲ့ လူနာမှတ်တမ်းစာအုပ်ကို လှမ်းပေးတယ်။ အိပ်မက်မက်နေသူတစ်ယောက်လို အသိမဲ့စွာ ကျွန်တော်လှမ်းယူလိုက်တယ်။

''သူ . . . သူ ဘာဖြစ်လို့ ကျွန်တော့်ကို မပြောတာလဲ မိုမို။ ဘာကြောင့် ဖုံးကွယ်ထားခဲ့ရတာလဲ''

မိုမို ကျွန်တော့်ကို ခပ်ကြောင်ကြောင်ပြန်ကြည့်တယ်။ ပြီးမှ စဉ်းစားသလိုလုပ်ရင်း ကျွန်တော့်ရင်ကို နင့်သွား စေတဲ့ စကားတစ်ခွန်းပြောတယ်။

''နင် . . . စိတ်မကောင်းဖြစ်မှာစိုးလို့ ပေါ့ဟာ''

◆





အဲ့ဒီနေ့က မိုမိုနဲ့ လမ်းခွဲပြီးမှပဲ ကျွန်တော် ကုမ္ပဏီကို သွားဖြစ်ပါတော့တယ်။ အာဆင်နယ်က ကျွန်တော်တို့နှစ်ယောက်ကို ဆုံပေးပြီးကတည်းက ပြန်သွားတာမို့ မိုမိုရဲ့ရောဂါအကြောင်းတောင် သိမသွားလိုက်ပါဘူး။

ကုမ္ပဏီအသွားလမ်းမှာ မိုမိုရဲ့စကားတွေကိုသာ ကျွန်တော် ပြန်လည်ကြားယောင်နေမိတော့တယ်။

နင်တို့နှစ်ယောက် ချစ်သူဖြစ်နေကြပြီလို့ သူငါ့ကို အသိပေးကတည်းက ရောဂါအကြောင်းနင့်ကို ပြောပြဖို့ငါ တိုက်တွန်းခဲ့ဖူးတယ်။ အဲ့ဒီတုန်းကတည်းက သူက မပြောဘူး ငါလည်း မပြောရဘူးဆိုပြီး ပိတ်ခဲ့တာဟ။ ဒါကြောင့် သူ သောက်ရတဲ့ဆေးတွေကို အားဆေးတွေလို့ နင့်ရှေ့မှာ ငါ တမင်ပြောခဲ့တာ။

အခုလည်း ငါသူ့ကို လိုက်ကြည့်ချင်ပေမယ့် ငါ့ကို တွေ့ရင် ရောဂါအကြောင်းပြောလိုက်ပြီလားလို့ သူ သံသယဝင်အုံးမယ်။ ငါ့ကို ခေါ်လာရမလားဆိုပြီး နင့်ကိုလည်း စိတ်ဆိုးအုံးမယ်။

ဒါကြောင့် . . . ဒီတစ်ခေါက်တော့ မလိုက်သေးဘူးဟာ၊ အကျိုးအကြောင်း ငါ့ကိုဖုန်းဆက်၊ ငါ ရန်ကုန်မှာ တစ်ပတ်လောက်ရှိအုံးမယ်။



www.burmeseclassic.com

www.burmeseclassic.com



သောကတွေနဲ့ လေးလံနေတဲ့ ကျွန်တော်ဟာ ထမင်းစားချိန်လောက်မှ ကုမ္ပဏီကို ရောက်သွားပါတယ်။ အလုပ်ထဲရောက်တော့လည်း အစစအရာရာ အဆင်မပြေပါဘူး။ ပြောရရင်တော့ အဆင်မပြေတာထက်ကို ဆိုးလှပါတယ်။

မနက်ဆယ်နာရီလောက်မှာ ပိုပို့ရဲ့ ရောဂါအကြောင်း သိရလို့ ရင်ပူနေခဲ့တဲ့ ကျွန်တော့်ကို နေ့လယ်နှစ်နာရီလောက်မှာတော့ ရင်ဆူအောင်လုပ်ကြတော့တာပါပဲ။

ကျွန်တော့်ကို အလုပ်ခန့်ခဲ့တဲ့ မန်နေဂျာလူဝကြီးက သူ့အခန်းကို ခေါ်ပြီး ကျွန်တော့်ကိုမေးတယ်။ ဦးသာထွန်းအောင်ကို သိသလားတဲ့။ ဖေဖေ့ရဲ့ မိတ်ဆွေမို့ သိတယ်လို့ ခေါင်းညိတ်လိုက်တော့ ဦးသာထွန်းအောင်က ကုမ္ပဏီရဲ့ B.O.D ဒါရိုက်တာတစ်ယောက်လို့ ပြောတယ်။

ဒါဟာ ကောင်းတဲ့သတင်းဖြစ်ပေမယ့် လူဝကြီးရဲ့ပုံက စိတ်မသက်မသာဖြစ်နေပုံပါ။

''မနေ့တုန်းက ကုမ္ပဏီရဲ့လူလျှော့တဲ့ စာရင်းထုတ်တော့ ဦးသာထွန်းအောင်က မောင်ရင့်နာမည်ကို အဲဒီစာရင်းထဲမှာ ထည့်ခိုင်းလိုက်တယ်''

''ဗျာ''





ကျွန်တော် ဟာခနဲဖြစ်သွားပြီး၊ ခန္ဓာကိုယ်တစ်ခုလုံး ခြောက်ကမ္ဘာထဲ ပြုတ်ကျသလို ခံစားလိုက်ရတယ်။

''ဘာကြောင့်လဲ . . . အန်ကယ်။ ဘာဖြစ်လို့လဲ''

''သူကပြောတယ်။ မောင်ရင်က အဖေနဲ့ စိတ်ဆိုးပြီး အိမ်ပေါ်က ဆင်းလာတာတဲ့။ ကိုယ့်ဘဝကိုယ်ကျောင်းလို့ အဆင်မပြေရင် အချိန်မရွေး အိမ်ပြန်သွားလိမ့်မယ်။ အဲ့ဒီလို လူမျိုးကို အလုပ်ပေးထားတာဟာ၊ အဆိပ်ပင်ရေလောင်းသလိုပဲ၊ ဖခင်ချင်းကိုယ်ချင်းစာတဲ့အနေနဲ့ မောင်ရင်အိမ်မြန်မြန်ပြန်ဖြစ်အောင် လူလျှော့တဲ့စာရင်းထဲ ထည့်လိုက်တာလို့ သူကပြောတယ်''

''ဘာဆိုင်လို့လဲဗျာ။ ဘာဆိုင်လို့လဲ အန်ကယ်ရယ်''

ကျွန်တော် စိတ်ထိခိုက်ခံပြင်းစွာ ရေရွတ်လိုက်တယ်။ လူဝကြီးက ကျွန်တော့်ကို အားတုံ့အားနာကြည့်ရင်း အနေရခက်နေတယ်။

''အန်ကယ်လည်း စိတ်မကောင်းပါဘူးကွာ။ အစမ်းခန့်ကာလပြီးလို့ ပါမင့်နင့်ဖြစ်ရင် မောင်ရင့်ကို နေရာကောင်းကောင်းပေးဖို့တောင် အန်ကယ် စဉ်းစားထားတာပါ''

လူဝကြီးရဲ့စေတနာကို ကျွန်တော်နားလည်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်... ဦးသာထွန်းအောင်ရဲ့စေတနာကိုတော့ ဘယ်လိုမှ နားမလည်နိုင်ဘူး။ တကယ်လို့များ ကျွန်တော့်မှာ ရောဂါသည်ဇနီးတစ်ယောက်ရှိမှန်းသာသိရင် သူဒီလိုလုပ်ရက်ပါ့မလား။

မျက်ရည်ခံထိုးတာ ဝါသနာမပါတဲ့ ကျွန်တော်ဟာ အသနားခံဖို့ကိုလည်း မစဉ်းစားပါဘူး။ ကုမ္ပဏီက ပေးလိုက်တဲ့ နစ်နာကြေး (လူဝကြီးကတော့ ဂရုဏာကြေးလို့ ပြောတာပဲ) သုံးလစာကိုယူပြီး ကျွန်တော်လှည့်ထွက်လာခဲ့တယ်။

တအောင့်ကြာတော့ ကျောပိုးအိတ်တစ်လုံးနဲ့ ကျွန်တော်ဟာ၊ လမ်းမတွေပေါ်မှာ ခေါင်းငိုက်စိုက်နဲ့ လျှောက်လှမ်းနေပါပြီ။ ရင်ဘတ်ထဲမှာတော့ ကျောပိုးအိတ်တစ်လုံးစာမကတဲ့ သောကတွေအပြည့်နဲ့ဆိုပါတော့။

အရင်ကဆိုရင် တစ်နေ့လုံး ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း အိမ်ပြန်ချိန်ဆိုရင်၊ ကျွန်တော်ဟာ အမြဲတမ်း လန်းဆန်း တက်ကြွနေလေ့ရှိသလို အိမ်ပြန်ဖို့ကိုလည်း အမြဲ စိတ်စောနေလေ့ရှိတယ်။

ဒါပေမယ့် အခုတော့ ကျွန်တော်ဟာ အိမ်ကို မပြန်ချင်အောင် စိတ်ဓာတ်တွေ ကျနေမိပြီး အိမ်ပြန်လမ်းဟာ ဆူးကြမ်းတွေ အပြည့်နဲ့လို့ ခံစားနေရတယ်။ နားထဲမှာလည်း





''ပိုပို့မှာ သွေးကင်ဆာရှိတယ်''

''မောင်ရင့်ကို လူလျှော့စာရင်းမှာ ထည့်လိုက်ပြီ''

ဆိုတဲ့ စကားသံတွေကို ဗုံးကွဲသံတွေလို တဝုန်းဝုန်းနဲ့ ကြားယောင်နေမိတယ်။

ဖြစ်နိုင်ရင် ကျွန်တော် အိမ်မပြန်ချင်သေးဘူး။

ပိုပြီး ဖြစ်နိုင်ရင် ဒီနေ့ တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်နှစ်ခုစလုံးကို ကျွန်တော့်ဘဝထဲက ထုတ်ပစ်လိုက်ချင်ပါတယ်။ ကျွန်တော် ဘာလုပ်သင့်ပါသလဲ။

ကျွန်တော့်ချစ်သူမှာ ဆိုးဝါးတဲ့ရောဂါတစ်ခု ရှိနေပြီး၊ ကျွန်တော့်မှာ အလုပ်လက်မဲ့ ဖြစ်နေတဲ့ အခါမျိုးမှာ ကျွန်တော် ဘာလုပ်သင့်သလဲ။

ကျွန်တော်ဟာ လမ်းဘေးက ကြုံရာ တယ်လီဖုန်းကနေ ဖေဖေ့ဆီ ဆက်ဖို့တောင် စိတ်ကူးလိုက်ပါသေးတယ်။

ကျွန်တော် အလုပ်ပြုတ်သွားရတဲ့ကိစ္စမှာ ဖေဖေ့ ပယောဂပါလား ဆိုတာရယ်။ ပိုပို့နဲ့ ပတ်သက်ပြီး ဘာလုပ်သင့်သလဲဆိုတာရယ် မေးမြန်းဖို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကျွန်တော့် ချက်ချင်းပဲ စိတ်လျှော့လိုက်ပါတယ်။ ကျွန်တော် ဖေဖေ့ဆီကို ဖုန်းမဆက်သင့်ဘူး။ အထူးသဖြင့် ခုလို အခြေအနေမျိုးမှာတော့ မဆက်သင့်သေးဘူး။

အခုပေး တယ်လီဖုန်းတစ်ခုကို ငေးကြည့်နေမိရာကနေ ကျွန်တော် လှည့်ထွက်လိုက်တယ်။ အားကစားသမားတွေလို ပင့်သက်တစ်ချက်ကို ရှိုက်သွင်းရင်း ကျွန်တော့် ကိုယ်ကျွန်တော် ပြန်လည်အားပေးလိုက်တယ်။

မင်း . . . ဟန်ဆောင်ရမယ် နေသစ်နီ။

ဘာပဲဖြစ်ဖြစ် . . . ပိပိရိရိ ဟန်ဆောင်ရလိမ့်မယ်။ စိတ်ခါတ်တွေကို သံပါတ်ပေးပြီး ကားမှတ်တိုင်ရှိရာဘက်ကို ကျွန်တော် ဦးတည်လိုက်ပါတယ်။

◆◆◆



(၁၀)

''ယူ . . . ဘာဖြစ်နေတာလဲ၊ နေကောင်းရဲ့လား''

ညစာစားပြီးချိန်မှာတော့ ကျွန်တော့်မျက်နှာကို အမြဲတမ်းမှန်လိုကြည့်နေခဲ့တဲ့ မိန်းကလေးက မေးပါတယ်။

ကျွန်တော့် ခေါင်းထဲမှာ အချက်ပေးခေါင်းလောင်းသံတွေ ဆူညံသွားကြတယ်။ မသိစေနဲ့။ မရိပ်မိစေနဲ့လို့ ကိုယ့်ကိုယ်ကို မောင်းနှင်ထားခဲ့တယ်မဟုတ်လား။

''နေ့လယ်က အပူရှပ်သွားတယ်နဲ့တူတယ်။ ကောင်းကောင်းနေလို့ မကောင်းဘူး''

''ကိုယ်ပူလားဟင်၊ ပါရာသောက်လိုက်ပါလား''



www.burmeseclassic.com

www.burmeseclassic.com



''မပူပါဘူး။ ခေါင်းအုံရုံလောက်ပါ''

''ဒါဖြင့် ဒီည ကွန်ပျူတာမှာ ထိုင်ပြီး သီချင်းတွေလုပ်မနေနဲ့တော့၊ စောစောနားလိုက်။ မှန်းနပ်ဖူးစမ်း ကြည့်ရအောင်''

သူမကိုယ်ပူ မပူစမ်းပြီးဆေးတိုက်ဖို့ ကော်ဖီထဖျော်တယ်။ ပါရာစီတမော တစ်ခြမ်းကို ကော်ဖီနဲ့ အတင်းသောက်ခိုင်းတယ်။ တကယ်က အမှန်တကယ် ဆေးတိုက်သင့်သူဟာ ကျွန်တော်ဖြစ်ပြီး ဆေးသောက်ဖို့ လိုအပ်နေသူက သူမ မဟုတ်လား။ ပြောင်းပြန်တွေ ဖြစ်နေရတဲ့ အခြေအနေကို တွေးမိပြီး ကျွန်တော် ကြေကွဲသွားတယ်။

ကျွန်တော့်ရင်ထဲမှာ မြိုချထားရတဲ့ အရာနှစ်ခု ရှိပါတယ်။ တစ်ခုက သူမရဲ့ရောဂါအကြောင်းဖြစ်ပြီး၊ နောက်တစ်ခုကတော့ ကျွန်တော်အလုပ်ပြုတ်တဲ့အကြောင်းပါ။ နှစ်ခုစလုံးကို သူမမသိအောင် မြိုသိပ်ထားချင်ပေမယ့် ပိပိရိရိ ဖုံးကွယ်နိုင်ဖို့ကတော့မလွယ်ဘူး မဟုတ်လား။

ဒါကြောင့် အလုပ်ကိစ္စအကြောင်း အရိပ်အမြွက် ပြောပြထားဖို့ ကျွန်တော်စဉ်းစားလိုက်မိတယ်။ ဒါမှ နောက်နေ့တွေ သူမရောဂါအကြောင်း တွေးမိပြီး ကျွန်တော် မျက်နှာပျက်ရင် အလုပ်ကိစ္စကြောင့် စိတ်ညစ်နေတာလို့





သူမတွေးထင်မိမှာ မဟုတ်လား။ ကျွန်တော့်အတွေးတွေ မဆုံးသေးခင်မှာပဲ။ အလွန် ပါးနပ်လှတဲ့ သူမက ကျွန်တော့် မျက်နှာပေါ်က လျှို့ဝှက်ချက်ကို ဖတ်မိသွားပါတယ်။

''ယူ . . . တစ်ခုခုဖြစ်လာပါတယ်ကွယ်။ ပိုပို သိတာပေါ့၊ ဘာတွေ စိတ်ရှုပ်စရာကြုံလာခဲ့လို့လဲ''

ကျွန်တော် သက်ပြင်းတစ်ချက်ကို မသိမသာ ခိုးချနေရာက၊ ထင်သာမြင်သာချဖြစ်သွားတော့တယ်။

''အလုပ်ကိစ္စပါကွာ။ ကုမ္ပဏီက လကုန်ရင် လူတွေ လျှော့ပစ်မယ်လို့ အသံတွေ ထွက်နေတယ်''

ကျွန်တော့်စကားမဆုံးခင်မှာပဲ သူမရဲ့မျက်နှာလေး ညှိုးကျသွားတယ်။ ဒါပေမယ့် ခဏလေးပါ။ အချိန် ခဏလေးအတွင်းမှာပဲ သူမအိန္ဒြေဆယ်လိုက်ပါတယ်။

''လျှော့လည်းလျှော့ပေါ့ကွယ်။ ဘာအရေးလဲ။ မြန်မာပြည်မှာ အဲ့ဒီကုမ္ပဏီတစ်ခုတည်း ရှိတာမှ မဟုတ် တာ။ သူတို့မလျှော့လို့ ဆက်လုပ်ရရင်လည်း ယူက တစ်သက်လုံး လုပ်မှာမှ မဟုတ်တာ။ သိပ်မကြာခင်ပြန် ထွက်ရမှာပဲ''

''ဘာကြောင့်လဲ ပိုရဲ့''



www.burmeseclassic.com

www.burmeseclassic.com



''ယူ့အခွေထွက်တော့မယ်လေ၊ ရှေ့အပတ်လောက်ဆိုရင်တောင် ဂျွန်ဆီးနားတို့က တီဗွီကြော်ငြာ စရိုက်တော့မှာ အခွေထွက်ပြီးရင် ယူက အဆိုတော် နေသစ်နီဖြစ်သွားပြီ ကုမ္ပဏီဝန်ထမ်း နေသစ်နီမဖြစ် သင့်တော့ဘူး''

ဘယ်လောက်များ ချစ်စရာကောင်းလိုက်တဲ့ ကျွန်တော့်ရဲ့ကောင်မလေးလဲ။ သောကတွေနဲ့ လေးလံစိတ်ကျနေတဲ့ ကျွန်တော့်ကို မျှော်လင့်ချက်နဲ့ ပေါ့ပါးတက်ကြွလာအောင် အားပေးလိုက်တာပါ။

''ဒါဖြင့် လူလျှော့တဲ့စာရင်းထဲ ကိုယ့်နာမည်ပါသွားလည်း အရေးမကြီးဘူးပေါ့။ ဟုတ်လား ပို''

''ဒါပေါ့ ယူရဲ့၊ ခုထက် ပိုကောင်းတဲ့ အလုပ် ရချင်လို့ဖြစ်မှာပေါ့''

ဘယ်လောက်များ အကောင်းမြင်တတ်တဲ့ ကျွန်တော့်ရဲ့တိုင်းရင်းသူလေးလဲ။ ကျွန်တော်ကြေကြေကွဲကွဲနဲ့ သူမရဲ့လက်မောင်းနုစ်ဖက်ကို ဖျစ်ညှစ်လိုက်တယ်''

''ကိုယ် အလုပ်ပြုတ်သွားပြီ ပို၊ သူတို့ရဲ့ လူလျှော့တဲ့စာရင်းထဲမှာ ကိုယ့်နာမည်ကို ထည့်လိုက်ကြတယ်''

''အို''





သူမခပ်ငေးငေးဖြစ်သွားပြီးမှ အရာရာကို ကြံ့ကြံ့ခိုင်နိုင်တဲ့မျက်နှာပေးနဲ့ ကျွန်တော့်ကို လှမ်းကြည့်တယ်။

''ပြုတ်သွားတာလည်း ကောင်းပါတယ်ကွယ်။ ပိုက တက်လမ်းရှိတယ်ဆိုလို့သာ သည်းခံနေရတာ။ ယူ့အလုပ်က မိုးလင်းကတည်းက သွားရပြီး၊ ညနေကျတော့လည်း မှောင်ခါနီးမှ ပြန်ရောက်ရတာ။ ပို့မှာ တစ်နေကုန်တစ်ယောက်တည်းရယ် လင်မယားချင်းတွေ့ချိန်ရယ်လို့လည်း ဟုတ်တိပတ်တိမှမရှိတာ''

အရှုံးထဲကနေ အမြတ်တွေကိုပဲ ဆွဲထုတ်ပြတတ်တဲ့ သူမကို ငေးကြည့်ရင်း၊ ကျွန်တော် တည်ငြိမ်စပြုလာတယ်။ ဒါကြောင့် ဒုတိယမြောက် အကြောင်းအရာကို စကားစတင်ဖို့ စဉ်းစားလိုက်ပါတယ်။

ပြောသင့်သလောက်သာပြောဖို့နဲ့ တဆင့်ချင်း ပြောပြဖို့တော့ ကျွန်တော် အထူးသတိထားလိုက်တယ်။ တစ်ညနေလုံး စိတ်ကူးနဲ့လုပ်ကြံဖန်တီးထားတဲ့ ဇာတ် လမ်းလေးအတိုင်းပဲ ပြောပြလိုက်ပါတယ်။

''ကိုယ် . . . မိပဲနဲ့တွေ့ခဲ့တယ်''

''မိပဲ . . . ဟုတ်လား။ ဘုရားရေ ဘယ်မှာတွေ့တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



''စမ်းချောင်းမှာပဲပေါ့။ သူတို့က မင်းပြန်လာ နိုးစောင့်ရင်း အဲ့ဒီမှာပဲ ဆက်နေကြတာလေ။ ကိုယ်က မင်းသောက်တဲ့ အားဆေးဘူးခွံလိုချင်လို့ ယူပေးနိုင်မလားလို့ မေးတော့ ခဏစောင့်ဆိုပြီး သူသွားယူလာပေးတယ်''

''ဒါဖြင့် ရခဲ့တယ်ပေါ့''

''ရခဲ့တယ်။ အဲ့ဒီဘူးခွံနဲ့ ဆေးဆိုင်တွေမှာ လိုက်ရှာတာ ဆေးနှစ်ဘူးရခဲ့တယ်''

''နှစ်ဘူးတောင် ဟုတ်လား။ ယူ ဘယ်က ပိုက်ဆံနဲ့ ဝယ်တာလဲ''

သူမ ကျွန်တော့်ကို မယုံသင်္ကာဖြစ်သလိုလို၊ ဒါမှ မဟုတ် ကျွန်တော့်မျက်နှာပေါ်မှာပဲ လျှို့ဝှက်ချက် တစ်ခု ရှိနေသလိုလို ခပ်စူးစူးစိုက်ကြည့်ရင်း မေးလာတာပါ။

''အရင်တုန်းကတောင် သောင်းကျော်တာ၊ ခုချိန်ဆို တစ်ဘူးကို နှစ်သောင်း၊ နှစ်သောင်းခွဲတော့ ပေးရမှာပဲ။ ယူ မနက်တုန်းက ပိုက်ဆံလည်း ယူမသွားပါဘူး''

''ကုမ္ပဏီက သူတို့လျှော့လိုက်တဲ့လူတွေကို နစ်နာကြေးပေးတယ် ပိုရဲ့၊ ဒါကြောင့် ကိုယ်ဝယ်လာနိုင်တာပေါ့''

ကျောပိုးအိတ်ထဲက အားဆေးဘူးနှစ်ဘူးကို သွားယူ

ညဏ်ဝင်းစာပေ



ရင်း ကျွန်တော် ပြန်ပြောလိုက်တယ်။ တဆက်တည်း။ စကားပြတ်လိုပြတ်ငြား ခုတစ်ခါတည်း သောက်လိုက်ဆိုပြီး ရေတစ်ခွက်သွားခပ်လိုက်တယ်။ ရေခွက်နဲ့ အတူပြန်ရောက်လာတဲ့ ကျွန်တော့်လက်ထဲက ဆေးဘူးကို သူမငေးကြည့်ရင်း

''ဆေးဆိုင်က ယူ့ကိုဘာပြောလိုက်သေးသလဲ''

''ဘာကိုလဲ''

''ဒီဆေးအကြောင်းလေ''

''ထွေထွေထူးထူးမပြောပါဘူး။ နောက်ပိုင်း ဈေးတွေ တက်လိမ့်မယ်ဆိုတာလောက်ပါပဲ။ ဒီဆေးက အရမ်းကောင်းတဲ့ သွေးအားကောင်းဆေးလို့ သူတို့ချင်း ပြောသံကြားတာပဲ''

ဆေးအပေါ်စိတ်ဝင်စားမှု မရှိတဲ့ပုံနဲ့ ကျွန်တော် ပြောလိုက်တော့ သူမ သက်ပြင်းတချက်ကို ခိုးချတယ်။ အဲ့ဒီနောက် ကျွန်တော်ပေးတဲ့ ရေနဲ့ဆေးတစ်လုံး ယူသောက်ပါတယ်။ ဆေးသောက်နေတဲ့ သူမကို ငေးကြည့်ရင်း ကျွန်တော် သက်ပြင်းဖွဖွချလိုက်တယ်။

ဘာကြောင့် မပြောချင်ရတာလဲ ပိုနီတေးလ်။ အေးအတူ ပူအမျှ လင်မယားဘဝကို ရှိပြီးတာတောင် ဘာဖြစ်လို့ လျှို့ဝှက်ထားချင်ရတာလဲ။

ညဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတူဆိုးဘက်ဆိုတဲ့ အခွင့်အရေးကို မင်းတမင် မပေးချင်လို့လား။ ဒါမှမဟုတ် အကောင်းတွေပဲ ဝေမျှပြီး အဆိုးတွေကို မြိုသိပ်ထားချင်တာလား။

ရင်ထဲက လှိုက်တက်လာတဲ့ စကားလုံးတွေဟာ လည်ချောင်းတစ်လျှောက်မှာပဲ ပျောက်ရှခြေပျက်သွားကြပါတယ်။ ကျွန်တော် ဘာမှမသိသေးဘူးဆိုတဲ့အသိနဲ့ သူမကိုယ်သူမ ယုံကြည်စိတ်ချမှု။ ချစ်သူကို စိတ်မကောင်းဖြစ်စရာ အကြောင်းတွေ မသိအောင် ဖုံးကွယ်ထားနိုင်ခဲ့တယ်ဆိုတဲ့ အတွေးနဲ့ သူမရဲ့ကျေနပ် ကြည်နူးမှု . . . ။

အဲ့ဒါတွေကို ကျွန်တော် ရိုက်ချိုးမပစ်ရက်ပါဘူး။ အထူးသဖြင့် . . . ခုလောလောဆယ်မှာတော့ ကျွန်တော် ရိုက်မချိုးရက်သေးဘူး။

◆◆◆



# (၁၁)

''မင်း မှန်တယ်ထင်သလား''

''မှားချင်လည်း မှားနိုင်ပါတယ်။ ဒါပေမယ့် ငါ ဘာမှမသိသေးဘူးဆိုပြီး သူ့ရင်ထဲမှာဖြစ်နေတဲ့ ကျေနပ်ကြည်နူးမှုလေးကိုတော့ ဖျက်ဆီးမပစ်ရက်ဘူးကွာ။''

ဂျွန်ဆီးနား ခေါင်းကိုဖြည်းဖြည်းချင်းခါရမ်းတယ်။ သူသဘောမတူနိုင်တာကို ကျွန်တော်နားလည်ပါတယ်။

အဲ့ဒီလိုပဲ ကျွန်တော့်ရဲ့ ခံစားမှုကိုလည်း ကျွန်တော့်ပိုပြီးနားလည်တယ်။



www.burmeseclassic.com

www.burmeseclassic.com



''မင်းတို့နှစ်ယောက်စလုံး လိုအပ်တာထက် စိတ်ကူးယဉ်ဆန်နေသလိုပဲ။ ငါလည်း မဝေဖန်တတ်တော့ဘူး။ မင်းကလည်း မင်းရဲ့အချစ်ကို မင်းနည်းမင်းဟန်နဲ့ပြချင်တယ်။ ပိုပိုကလည်း ဒီလိုပဲ။ ဟိုတလောက ငါ့ကို အီးမေးလ်ရိုက်ခိုင်းဟာပဲ ကြည့်လေ။''

''ဘယ်ကိုရိုက်ခိုင်းတာလဲ''

ကျွန်တော်မေးလိုက်တော့ ဂျွန်ဆီးနားက သားရေပိုက်ဆံအိတ်ထဲက စာရွက်ခေါက်လေးကို ရှာရင်း

''မင်းဖတ်ချင်ရင် သူရေးပေးလိုက်တဲ့ စာလေးတောင်ရှိသေးတယ်ရော့'' ဆိုပြီး လှမ်းပေးတယ်။

ဖြန့်လိုက်တော့ ပိုပို့ရဲ့ လက်ရေးသေးသေးလေးတွေနဲ့ . . .

*အန်ကယ်နှင့်အန်တီ . . .*

*ကျွန်မ နေသစ်နီရဲ့ ဇနီးပိုပိုပါ။ ကျွန်မတို့နှစ်ယောက်စလုံး ကျန်းမာပျော်ရွှင်ကြပါတယ်။ အနေအထိုင် လည်း မရှို့တဲ့ကြပါ။ နေသစ်နီလည်း ရှိုးတွေ လိုက်ဆို*





*နေရပါတယ်။ အထူးသဖြင့် အန်တီ့ကို သိစေချင်သည်မှာ အစား ကောင်းကြိုက်သော နေသစ်နီကို ကျွန်မ မကြာခဏ ဖွယ်ဖွယ်ရာရာချက်ပြုတ်ကျွေးပါတယ်။ သူ့အခု အစားအသောက်လည်း ဂျီးမများတော့ပါ။ အန်ကယ်နဲ့အန်တီ စိတ်ပူမှာစိုး၍ နေသစ်နီ ကိုယ်စား စာပို့လိုက်တာပါ။*

*( ပိုပို )*

စာဖတ်ပြီး ကျွန်တော် လိုက်ခနဲ ခံစားလိုက်ရတယ်။ ဒါဟာ ချိုင်းနားတောင်းမှာ ဖိုးပြည့်စုံတို့နဲ့ တွေ့ပြီး နောက်ပိုင်း ဂျွန်ဆီးနားကို သူမရိုက်ခိုင်းလိုက်တဲ့ အီးမေးလ် . . . ပါ။

''ငါတော့ . . . မင်းတို့နှစ်ယောက်ကို ခုထက်ပိုပြီး လက်တွေ့ဆန်စေချင်တယ်။ ပိုပြီး ပွင့်လင်းကြစေချင်တယ်''

ဂျွန်ဆီးနားရဲ့စကားက ကျွန်တော့်ကို နည်းနည်းတော့ ငေးငိုင်သွားစေပါတယ်။

◆



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ အခက်ခဲဆုံးနဲ့ အပင်ပန်းဆုံးအလုပ်ဟာ ဟန်ဆောင်ခြင်းဖြစ်တယ်လို့ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်။

မသိတာကို သိသလို ဟန်ဆောင်ရတာဟာ မပင်ပန်းပေမယ့် ခက်ခဲတယ်။ သိထားတာကို မသိသလို နေရတာကျတော့ မခက်ဘူး။ ဒါပေမယ့် သိပ်ပင်ပန်းတယ်။

စဉ်းစားကြည့်လေ။ သိလျက်နဲ့ မသိသလို ပိပိရိရိနေနိုင်ဖို့ဆိုတာ တော်ရုံထိန်းချုပ်မှုနဲ့ မရဘူးမဟုတ်လား။

မိုးလင်းလို့ မျက်စေ့နှစ်လုံးဖွင့်ပြီ ဆိုကတည်းက အပြောမမှားဖို့၊ အပြုအမူမမှားဖို့ အမြဲသတိထားနေရတာပါ။

သူမရဲ့ ကျန်းမာရေးကို အမြဲမပြတ်သတိထား စောင့်ကြည့်နေပေမယ့် အလွန်အကျူးစိုးရိမ်တဲ့ပုံမျိုးပေါက် မသွားဖို့ကိုလည်း ဂရုစိုက်ရပါသေးတယ်။

ဥပမာ သူမက "နေလို့ မကောင်းချင်ဘူးကွာ" လို့ပြောပြီဆိုပါတော့။

အဲဒီအခါ ကျွန်တော်က ...





"ဘာဖြစ်တာလဲ။ ဘာဖြစ်လို့လဲ။ ဆေးရုံသွားရအောင်။ ကားငှားလိုက်မယ်" ဆိုပြီး ပြူးပြူးပြာပြာ မဖြစ်ဖို့လိုပါတယ်။ လိုအပ်တာထက် ပိုပြီး စိုးရိမ်နေတာမျိုးကို သူမ သံသယဝင်သွားနိုင်တယ် မဟုတ်လား။

ဒါကြောင့် သာမာန် စိုးရိမ်ပုံမျိုးလောက်ပဲဖြစ်အောင် သတိထားပြီး မေးရမြန်းရပါတယ်။

အဲဒီအခါ ကျတော့လည်း မိန်းကလေးတို့သဘာဝ ကိုယ်တွေ့ လက်တွေ့ကိုက်ခဲ့တဲ့ ကာလမို့ အကိုက်အခဲပျောက်ဆေး ပြေးဝယ်ပေးရုံလောက်နဲ့ ပြီးချင်ပြီးသွားတတ်တယ်။

ကျွန်တော် သူမကို ဂရုတစိုက်စောင့်ကြည့်ခဲ့သလို၊ ဆေးတွေကိုလည်း အချိန်မှန်တိုက်ပါတယ်။

ဆေးမှန်မှန်ပြန်သောက်လို့ ထင်ပါရဲ့။

ပိုပို အစားအသောက်မှန်ပြီး၊ မျက်နှာလေးပြန်ပြည့်လာတယ်။ သူမပြန်ကျန်းမာလာတာကြောင့် ကျွန်တော့်စိတ်တွေ နည်းနည်းအေးသွားတယ်။

ပုံမှန်နီးပါးပြန်ဖြစ်ချိန်မှာတော့ ကျွန်တော်မြို့ထဲ ပြန်ထွက်ပြီး အလုပ်လေးဘာလေး လိုက်စ နည်းနာရတော့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပိုပိုက အိမ်မှာပဲ လုပ်လို့ရတဲ့အလုပ်မျိုးဆိုကောင်းမယ်လို့ တမ်းတရင်း တစ်မနက်ခုလိုမေးပါတယ်။

"ယူ့ အဖေက စာရေးဆရာဆိုတော့ ယူကော စာရေးဆရာတွေနဲ့ မသိဘူးလား"

"သိတာပေါ့ အများကြီးပဲ"

"ဒါဖြင့် သူတို့ဆီက စာမူတောင်းပါလား"

"ပိုပို ထုတ်ချင်လို့လား"

"မဟုတ်ဘူး။ ကွန်ပျူတာရိုက်ချင်လို့။ ဝတ္ထုစာမူတွေကို အိမ်ယူပြီး ရိုက်ပေးရင် ယူ့အပြင်ထွက်ပြီး အလုပ်ရှာစရာမလိုတော့ဘူးပေါ့။ တို့စာရိုက်တာ ဘယ်လောက်ကျွမ်းသလဲ ယူသိပါတယ်"

ပိုပိုဆိုလိုချင်တဲ့ အဓိပ္ပါယ်ကို ကျွန်တော် သဘောပေါက်လိုက်မိသလို၊ အလုပ်ဖြစ်နိုင်တယ်လို့လည်း တွေးလိုက်မိတယ်။ စာပေနယ်ဆိုတာ ကျွန်တော်နဲ့ မစိမ်းတဲ့နယ်မြေပါ။

ပြီးတော့ ကျွန်တော်နဲ့ သိတဲ့ ထုတ်ဝေသူတွေ၊ စာရေးဆရာတွေ အများကြီးရှိတာမဟုတ်လား။

"မင်းပေးတဲ့ အကြံ၊ အလုပ်ဖြစ်နိုင်တယ် ပိုပို၊ မနက်





ဖြန် ကိုယ့်အသိထုတ်ဝေသူတွေဆီသွားပြီး ကွန်ပျူတာစာစီမယ့်စာမူတွေ လိုက်တောင်းကြည့်မယ်"

ကျွန်တော် ပထမဆုံး ဟောင်ကောင်မင်းသားနဲ့ ခပ်ဆင်ဆင်တူတဲ့ ထုတ်ဝေသူဆီသွားပါတယ်။

သူ့မှာက လစဉ်ထွက်နေတဲ့ ဝတ္ထုတွေ စာရေးဆရာတွေ အများကြီး မဟုတ်လား။ အကုန်မဟုတ်ဘဲ တစ်ဝက်လောက်ရရင်ကို ကျွန်တော်တို့အတွက် သိပ်အဆင်ပြေမှာပါ။ ဒါပေမယ့် . . .

"ကိုယ်က မင်းအဖေကို အရမ်းလေးစားတာကွ။ တော်ကြာ သူတစ်မျိုးထင်မှာလည်း စိုးရတယ်"

"ဘာကိုလဲ အစ်ကို"

"မင်းနဲ့ မင်းအဖေက တိုက်ပွဲဖြစ်နေကြတာ မဟုတ်လား။ မင်းကို ကွန်ပျူတာ စာစီအလုပ်အပ်လိုက်ရင် အားပေးအားမြှောက်လုပ်ပြီး မြှောက်ပေးနေတယ်လို့ ထင်သွားမှာလဲ စိုးရတယ်"

"ဘာဆိုင်လို့လဲ အစ်ကိုရာ"



www.burmeseclassic.com

www.burmeseclassic.com



''အေးပါ။ ဒါဆိုလည်း တစ်ပတ်လောက်တော့ ကိုယ့်ကို စဉ်းစားဖို့အချိန်ပေးပါ''

ကျွန်တော် သိတယ်။ သူစဉ်းစားတော့မှာ မဟုတ်ဘူး။ ဒါကြောင့် နှုတ်ဆက်ပြီး ထပြန်လာခဲ့တယ်။

သူ့ကိုလည်း အပြစ်တော့ တင်လို့မရဘူး။ ဘာလို့လဲ ဆိုတော့ ဖေဖေက ကေသရာဇာကြီးမဟုတ်လား။

ခြင်္သေ့ကြီးနဲ့တော့ ဘယ်သူမှရန်မဖြစ်ချင်ကြဘူးလေ။ ဖေဖေ စိတ်ငြိုငြင်မှာကိုတော့ စိုးရိမ်ကြမှာပဲ မဟုတ်လား။

အဲ့ဒီနေ့က တခြားထုတ်ဝေသူတစ်ယောက်စီကတော့ စာမူတစ်ချို့ရခဲ့တယ်။ မီးဖိုချောင်စရိတ်မကာမိတောင် ဆန်ဖိုးလေးတော့ ကာမိနိုင်ပါတယ်။

ကြက်ခြေထောက်၊ ခေါင်းချက်စားပေမယ့်လည်း ကြက်သားဟင်းလို့ ပြောလို့ရနိုင်တာပဲ မဟုတ်လား။

အဲ့ဒီနေ့က ကျွန်တော်လည်း အလုပ်ဖြစ်ခဲ့တယ် ပြောပါတော့။

◆◆◆



(၁၂)

''ပိုပို . . . ကက်ဆက်ပိတ်တော့လေကွာ''

''ဒီတစ်ခေါက်ပြီးရင် ပိတ်မယ်ကွာ။ ဒီတစ်ခါတည်း ပါ''

ပိုပိုက ကျွန်တော်နဲ့ ဂျွန်ဆီးနားရဲ့ အခွေကို နား ထောင်နေတာပါ။ အခေါက်ခေါက် အခါခါဖွင့်လွှန်းလို့ ကာယ ာ်ရှင်ဖြစ်တဲ့ ကျွန်တော်တောင် နားငြီးလာပါတယ်။

ပြီးခဲ့တဲ့ အပတ်က ကျွန်တော်တို့ရဲ့ အခွေစဖြန့်တယ်။ ဖြန့်တဲ့နေ့မှာ လက်မှတ်ထိုးပေးတာတို့၊ ပထမဆုံးလာဝယ်တဲ့ အယောက်ငါးဆယ်ကို ကျွန်တော်နဲ့ ထမင်းလက်ဆုံစားခွင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးတာတို့ မလုပ်တော့ပါဘူး။ နာမည်ကြီးတွေ မဟုတ်တော့ ဘယ်သူကမှလည်း အလုအယက်ဖြစ်မနေကြပါဘူး။

ဟိုလိုလို ဒီလိုလိုနဲ့ ဖြန့်လိုက်တာပါပဲ။ ဝယ်တဲ့ လူတွေကလည်း၊ တိုးတိုးခွေ့ခွေ့လုပ်မနေကြဘဲ၊ ဟိုလိုလို၊ ဒီလိုလိုနဲ့ ဝယ်သွားကြတာပါပဲ။

နားထောင်ပြီးတဲ့ လူတွေကတော့ ကြိုက်ကြပါသတဲ့။ (အသံတွေပြန်ကြားရတာပဲ။) ဒါပေမယ့် ငွေကြေးအရတော့ မမြတ်ဘူးပေါ့။

စီးရီးတစ်ခု ဝုန်းခနဲထပေါက်ပြီး ငွေကြေးမြတ်စွန်းနိုင်ဖို့ဆိုတာ လွယ်တာမှတ်လို့။

ပြီးတော့ ကျွန်တော်တို့ လိုင်းမှာ တကယ်ယုံကြည်လို့၊ နားလည်တတ်ကျွမ်းလို့ မဟုတ်ဘဲ သံချပ်ထိုးချင်ရုံ သက်သက်နဲ့ ဟစ်ဟော့ထအော်တဲ့ ငနဲတွေကလည်း အများကြီးမဟုတ်လား။

ဘာပဲဖြစ်ဖြစ် နားထောင်ပြီးတဲ့ လူတစ်ချို့လက်ခံတယ်ဆိုလို့ ဝမ်းသာရပါတယ်။ အဲ့ဒီထဲကမှ လက်အခံဆုံးနဲ့ အားအပေးဆုံးကတော့ ကျွန်တော့်ရဲ့ပိုပိုပါ။

"ဒီအခွေမှာ သီချင်းရေးတဲ့လူကို ပိုကြိုက်တယ်"





တစ်ခွေလုံး ကျွန်တော်တစ်ယောက်ထဲ ရေးထားတာပါ။

"ဂီတပံ့ပိုးမှုလည်း ကောင်းတယ်ကွ"

ဂျွန်ဆီးနားနဲ့ ကျွန်တော်တီးတာ။

"ဖီးချားရင်း မယ်လိုဒီဝင်ဆိုတဲ့ တစ်ယောက်ကို ခရေစီ အဖြစ်ဆုံးပဲ"

ဟစ်ဟော့စာသားအပြင် ဖီးချားရင်းကို ကျွန်တော်ဆိုပါတယ်။ ခြုံပြီးပြောရရင် ကျွန်တော်တို့အခွေဟာ ပိုပို့ဆီမှာ ပေါက်ပါတယ်။

သူမအတွက် ဖေးဘရိတ်အခွေတစ်ခွေပေါ့။ (တခြားလူတွေ ဂီတအပေါ် ပိုပို့လောက်နားလည်ရင် ကောင်းမယ်လို့တောင် တွေးမိပါသေးတယ်။)

"ဒီအခွေမှာ ကိုယ်ပိုင်ဟန်ရှိတယ် ယူရဲ့။ စာသားတွေက အာရှတိုက်သားမြန်မာလူမျိုးတစ်ယောက်ရေးထားတယ်ဆိုတာ သိသာတယ်။ ဖြတ်ညှပ်ကပ် မြူးဇစ်တွေမပါဘူး။ တစ်ယောက်ယောက်ကို ထေ့တာရိတာမပါဘူး။ ဟစ်ဟော့ဆန်ဆန်အောင် တမင်လုပ်ထားတာမပါဘူး။ မိန်းကလေးတွေကြိုက်အောင် ငိုသံကြီးနဲ့လုပ်ဆိုထားတာမျိုး မပါဘူး။ အတွင်းစိတ်ကို ဖွင့်ပြထားတာ သက်သက်ပဲ။ တစ်ချို့သီချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေက ဆိုးလ်မြူးဇစ်ဆန်တယ်။ ဒီအခွေပေါက်ရမယ်ကွာ။ လောင်းမလား''

ပိုပိုက အဲ့ဒီလို အာမခံတယ်။

ဂျွန်ဆီးနားကတော့ ''မင်းရှုံးနိုင်တယ်။ မလောင်းနဲ့'' တဲ့။

ဘာပဲပြောပြော . . .

အခွေထွက်သွားတဲ့ရလဒ်အဖြစ် ကျွန်တော်တို့ကို ပရိသတ်သိသွားပြီး ဟိုပွဲဒီပွဲမှာ လာဆိုဖို့ တကူးတက ဖိတ်ကြားခံရတယ်။ စုပေါင်းစပ်ပေါင်း အခွေတစ်ချို့မှာ ဝင်ဆိုခွင့်ရလာတယ်။

အရင်ကထက်စာရင် နည်းနည်း လူရာဝင်လာပြီလို့ ပြောရမယ်။ ပိုပြီး စိတ်ချမ်းသာစရာကောင်း တာတစ်ခုက အတွဲခွေထဲက သီချင်းလေးတစ်ပုဒ်ကြောင့် လူ သိများလာ တာပါ။

ကျွန်တော်တို့ အဖွဲ့နာမည်ကို မကြားဖူးတဲ့လူတွေ တောင် အဲ့ဒီသီချင်းလေးကြောင့် ကြားဖူးလာကြတယ်လို့ဆို တယ်။





အဲ့ဒီနောက်ပိုင်း သူမက လမ်းသွားရင် ဘောလ်ပင် တစ်ချောင်း အမြဲဆောင်သွားဖို့ ခပ်တည်တည်ပြောလာတယ်။

''ဘာအတွက်လဲ ပိုရဲ့''

''အော်တိုတွေ ထိုးပေးဖို့ပေါ့''

သူမစကားအဆုံးနှစ်ယောက်စလုံးရယ်မောလိုက်မိ တယ်။ ကျွန်တော်အလုပ်ရတုန်းကလို ဟက်ဟက်ပက်ပက် ရယ်မောကြတာပါ။

သိပ်မကြာခင် အခြေအနေတွေ ကောင်းမွန်လာလိမ့် မယ်လို့ ကျွန်တော်တို့နှစ်ယောက်စလုံး ယုံကြည်ကြပါတယ်။ ကျွန်တော့်အတွက် တံခါးပေါက်တွေ ပြန်ပွင့်လာတော့မှာပါ။ ကျွန်တော့်ကို ကြိုဆိုဖို့ အလံတွေလှုပ်ရမ်းနေကြတာတောင် စိတ်ကူးနဲ့မြင်ယောင်မိပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

(၃၆) လမ်းက အလိုင်းမြူးဇစ် ပရိုဒပ်ရှင်းရောက်တော့ ကျွန်တော့်ကို ချိန်းတဲ့ ဂျွန်ဆီးနားက မရောက်သေးဘူး။

ကိုမင်းချစ်သူကို ထေက်တို့က အထဲမှာ စီးတီးအက်ဖ်အမ်က သူသူတို့နဲ့ စကားပြောနေတာမို့ အေးဆေးပြောပါ။

ပြီးမှ ဝင်ခဲ့မယ်ဆိုတဲ့ သဘောနဲ့ လက်ပြလိုက်တယ်။ ကိုမင်း ချစ်သူက လာထိုင်လေကွာဆိုပြီး လှမ်းခေါ်လို့။

ရတယ်အစ်ကို။ ဂျွန်ဆီးနားကို စောင့်လိုက်ဦးမယ်

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ကျွန်တော် ပြန်ထွက်လာလိုက်တယ်။ တအောင့်ကြာတော့ ဂျွန်ဆီးနားတစ်ယောက် ဒိုက်စိုက်ဒိုက်စိုက်နဲ့ ရောက်လာလို့ 'လာကွာ' ဆိုပြီး ခပ်လှမ်းလှမ်းက လက်ဖက်ရည်ဆိုင်လေးကို ဆွဲခေါ်လာခဲ့တယ်။

လက်ဖက်ရည်သောက်ချင်တာထက် ဂျွန်ဆီးနားကို အကျိုးအကြောင်း မေးကြည့်ချင်လို့ပါ။

"ဆိုပါဦး၊ ဘာအတွက် ဒီမှာ ချိန်းတာလဲ ဂျွန်ဆီးနား ကိုမင်းချစ်သူတို့က တို့နှစ်ယောက်ကို ဘာလို့ တွေ့ချင်တာလဲ"

ဂျွန်ဆီးနားက ချက်ချင်းမဖြေသေးဘဲ လက်ဖက်ရည်ပူပူကြီးကို တဖူးဖူး မှုတ်သောက်နေလို့ ကျွန်တော် အတော်သည်းခံစောင့်ဆိုင်းနေလိုက်ရတယ်။ ခဏကြာမှ မချိမချဉ်ပြုံးပြရင်း . . .

"စီးတီးအက်ဖ်အမ်၊ ရေဒီယိုအစီအစဉ်အတွက်တဲ့"

"ဘာအစီအစဉ်လဲ"

"စတားအွန်လိုင်း၊ တယ်လီဖုန်းပြောတဲ့ အစီအစဉ်လား၊ ပေါ်ပြူလာသျှိုက် သီချင်းရွေးတဲ့ အစီအစဉ်လား၊ တစ်ခုခုဖြစ်မှာပေါ့"





ဂျွန်ဆီးနားရဲ့ စကားက မရေမရာနိုင်လှပေမယ့် ကျွန်တော်ကတော့ လှပ်ခနဲ ရင်ဖိုသွားပါတယ်။

အက်ဖ်အမ် ရေဒီယိုမှာ ပါခွင့်ရဖို့ဆိုတာ နည်းတဲ့အခွင့်အရေးမှ မဟုတ်တာ။ ကျွန်တော်တို့နှစ်ယောက် လူရာဝင်လာတဲ့ သဘော၊ အခြေအနေကောင်းလာတဲ့ သဘောလို့ ပြောရမယ်။

"ဘယ်လိုလဲ နေသစ်နီ၊ သဘောတူလား"

"မတူဘူး"

"ဘာကွ"

"သဘောတူတာ မဟုတ်ဘူး"

"ငါသိပြီ။ သိပ် . . . သိပ် . . . သဘောတူတယ်လို့ ပြောမလို့ မဟုတ်လား"

စကားအဆုံး ဂျွန်ဆီးနားက တခွီးခွီး ထရယ်တယ်။ ဒီကောင် အူမြူးနေတုန်း ကိုထေက် ရောက်လာလို့ မေးကြည့်လိုက်တော့ စတားအွန်လိုင်းအတွက် မဟုတ်သလို ပေါ်ပြူလာသျှိုက်အတွက်လည်း မဟုတ်ပါဘူး . . တဲ့။

ဒါပေမယ့် ကျွန်တော်တို့အတွက် အကျိုးရှိမယ့်



www.burmeseclassic.com

www.burmeseclassic.com



တခြား အစီအစဉ်တစ်ခု အတွက် လို့ ပြောတယ်။

ဘာအစီအစဉ်ပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ သဘောတူပြီးသားပါ။

အဲဒီနောက် ကိုမင်းချစ်သူနဲ့တွေ့ အသံသွင်းဖို့၊ ထုတ်လွှင့်ဖို့ အစီအစဉ်တွေ ညှိနှိုင်းပြီး ကျွန်တော်တို့ နှစ်ယောက် အလိုင်းမြူးဇစ်ကနေ ထွက်ခွာလာခဲ့ကြတယ်။

အနော်ရထာလမ်းပေါ်ရောက်တော့ ဖန်စီပစ္စည်းတွေ ရောင်းတဲ့ ဆိုင်တစ်ဆိုင်မှာ ဘောလ်ပင်လှလှလေးတွေ တွေ့လို့ ဂျွန်ဆီးနားကို ပြောလိုက်တယ်။

''ဘောလ်ပင်ကောင်းကောင်းတစ်ချောင်းလောက် ဝယ်ချင်တယ်ကွာ''

''ဘာအတွက်လဲ နေသစ်နီ။ သီချင်းရေးဖို့လား''

''သီချင်းရေးတာများ။ ပါးစပ်ကရွတ်ပြီး စက်ထဲ သွင်းထားရင် ဖြစ်တာပဲ။ အော်တိုရေးဖို့ကွ''

''ဘာ ...''

''အော်တိုလေ၊ ပိုပို က ငါ့ကို ဘောလ်ပင် ဆောင် ထားဖို့ အကြံပေးတယ်''





ဂျွန်ဆီးနားက ကျွန်တော့်မျက်နှာကို တအံ့တသြ ကြည့်ပြီး တဟားဟား ရယ်ပါတယ်။

ပြီးမှ တော်းလို့ ပြစ်ပြစ်နှစ်နှစ် ရေရွတ်တယ်။

''ဘာလဲ ... မဝယ်ရဘူးလား''

''မဟုတ်ဘူး ဝယ်ပါ၊ ဝယ်မယ့်ဝယ် နှစ်ချောင်းဝယ် ကွာ''

''ဘောလ်ပင်နှစ်ချောင်း ဘာလုပ်ရအောင်လဲ''

''တစ်ချောင်းက ငါ့အတွက်လေကွာ''

ဒီတစ်ခါရယ်မောသူကတော့ ကျွန်တော်ပါ။

ဒါပေမယ့် ... သူ့လိုတော့ တော်းလို့ မရေရွတ်လိုက် ပါဘူး။ မင်း ငါ့လောက် နီးနီးတော်လာပြီလို့ပဲ ချီးကျူး လိုက်တယ်။

◆



www.burmeseclassic.com

www.burmeseclassic.com



''တီရှပ်နက်ပြာရောင်ကြီး မဝတ်ပါနဲ့ကွာ ''

''ဘာဖြစ်လို့လဲ ပိုရဲ့၊ ဒီတီရှပ်က ကြည့်ကောင်းပါတယ်''

''ကြည့်ကောင်းပေမယ့် . . . ယူဆိုရမယ့် ပွဲက ညပွဲလေ။ နက်ပြာဆိုတာက အမှောင်ထဲမှာပျောက်နေမှာပေါ့။ အဖြူရောင်ဝတ်သွား။ အဖြူကမှ မီးထိုးရင် ထင်းနေမှာ''

ရှိုးပွဲဆိုဖို့ အဝတ်အစားရွေးနေတဲ့ ကျွန်တော့်ကို ပိုပိုက ညွှန်ကြားချက်ပေးနေတာပါ။

သူမသာ ဝင်သတိမပေးရင် အလင်းအမှောင်သဘောကိုရော အရောင်သဘောကိုပါ နားမလည်တဲ့ ကျွန်တော်ဟာ ညိုညစ်ညစ်ကာလာတွေပဲ ဝတ်သွားမိမှာပါ။

သူမ ပြောမှ ညပွဲနဲ့ သင့်တော်မယ့် အရောင်တွေကို မှန်ကန်စွာ ရွေးချယ်ဖြစ်သွားပါတယ်။

''မင်း သိပ်တော်တာပဲ ပိုပို။ ဘာဖြစ်လို့ ဒီလောက်တောင် တော်နေရတာလဲ''

သူမကို ဂုဏ်ပြု အနမ်းဆုချရင်း ကျွန်တော်မေးလိုက်တော့ ပိုပိုက မနို့တရို့ ပြုံးတယ်။





''ယူ့ရဲ့ ဇနီးဖြစ်နေလို့ပေါ့ကွယ်''

ဘယ်လောက်မှန်လိုက်တဲ့အဖြေလဲ။ ကျွန်တော် သဘောကျစွာ ရယ်လိုက်မိတယ်။

''မင်းကတော့ တော်ပြီးရင်း တော်နေတော့တာပဲ။ ကဲ . . ပိုလည်း အဝတ်လဲလေ''

''ဘာအတွက်လဲဟင်''

''ကိုယ်နဲ့ လိုက်ခဲ့ဖို့ပေါ့၊ ဒီ . . . အသုံးမကျတဲ့ပွဲကို မင်းမပါဘဲ ကိုယ်တစ်ယောက်တည်း သွားလိမ့်မယ်လို့ မင်းထင်သလား''

''မထင်ပါဘူး။ ယူ . . ကျွန်ဆီးနားနဲ့ နှစ်ယောက်သွားမှာပဲဟာ''

''ဘာပဲဖြစ်ဖြစ် လိုက်ခဲ့ပါကွာ၊ ပို . . ပါတော့ ကိုယ် အားရှိတာပေါ့။ ကိုယ့်ရဲ့ ပထမဆုံး ရှိုးပွဲကို ပို လိုက်ချီးမြှင့်သင့်တယ်။ ဟိုရောက်ရင် ပိုကြိုက်တဲ့ နိုးအဖွဲ့နဲ့တောင် တွေ့ချင်ပေ့ခွ့ရနိုင်တယ်''

ကလပ်မှာ ဖျော်ဖြေမယ့်ပွဲကို ပိုပိုက မလိုက်ချင်ဘူး ငြင်းပေမယ့် ကျွန်တော်အတင်းခေါ်လို့ နောက်ဆုံးတော့ အလျှော့ပေးလာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ဒါပေမယ့်... ဒီတစ်ပွဲပဲ လိုက်မယ်ကွာ"

"ဘာဖြစ်လို့လဲ၊ ဘာလို့ အမြဲမလိုက်ချင်တာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ယူ့ကို အမြဲသဝန်တို မဖြစ်ချင်လို့ပေါ့ နေသစ်နီရဲ့"

အဲဒီစကားကို သူမက ပြုံးပြုံးလေး ပြောလာတာပါ။ ပိုပိုရဲ့ စကားအဓိပ္ပါယ်ကို နားလည်ဖို့ ကြိုးစားနေတုန်းမှာပဲ သူမက ဆက်ပြောတယ်။

"ယူ့ကို ကောင်မလေးတွေ သည်းသည်းလှုပ် အားပေးတာကို တို့က. မနာလိုဘူးလေ"

အရိပ်ပြမှ အကောင်မြင်တဲ့ ကျွန်တော်ဟာ ကောင်မလေးတွေ သိပ်မရှိပါဘူး ပိုရယ်။

ပရိသတ်ရဲ့ တစ်ဝက်သာသာလောက်ပါလို့ ပြောတော့ သူမက ကျွန်တော့်ဗိုက်ကို မနာအောင် ဆွဲလိမ်ပါတယ်။

အဲဒီအချိန်မှာပဲ ဂျွန်ဆီးနားရဲ့ အောင်မြင်ခံ့ညားတဲ့ ဒေါ့ဂျ် ကားဟွန်းသံကြီး ခြံဝက ထွက်လာတာမို့ ကျွန်တော်တို့ နှစ်ယောက် အဝတ်အစားလဲတာကို မြန်မြန် လက်စသတ်ပြီး ဂျွန်ဆီးနားနဲ့အတူ ကလပ်ကို ထွက်လာခဲ့ကြတယ်။





ကလပ်ရောက်တော့ ခဏတဖြုတ် ဟိုငေးဒီငေးလုပ်။ လာချပေးတဲ့ ဖျော်ရည်ကျဲကျဲတစ်ခွက်စီ သောက်ပြီး၊ နာမည်မကြီးသေးတဲ့ ကျွန်တော်တို့ဟာ အရင်ဆုံး စင်ပေါ်တက်ရပါတယ်။

ပရိသတ်ရဲ့ သွေးကြောထဲက ဂီတသံစဉ်တွေ ပိုမိုမြူးကြွလာအောင် ဖြားယောင်းသွေးဆောင်ဖို့နဲ့ နာမည်ကြီးအဆိုတော်တွေ ဖျော်ဖြေတဲ့အခါ အဆင်သင့်နှူးပြီး နှပ်ပြီးဖြစ်အောင် ဆွဲဆောင်ဖို့ပါ။

စစ်မြေပြင်စကားနဲ့ ပြောရင်တော့ ဒါဟာ... ရှေ့ပြေးမိုင်းရှင်းရတဲ့သဘောပါ။ ပိုပိုက စင်ထောင့်လိုက်ကာ အကွယ်ကနေ အားပေးပါတယ်။ ခပ်မြူးမြူးနှစ်ပုဒ်လောက်ဆိုပြီး ပိုပိုကြိုက်တဲ့ နှင်းစက်ကကြိုးဆိုတဲ့ သီချင်းကို သီဆိုလိုက်တယ်။

သီချင်း အဓိပ္ပါယ်က မြေပြင်ပေါ်ကျလာတဲ့ နှင်းစက်တွေဟာ ပုံသဏ္ဌာန်တစ်ခုထဲနဲ့ မရပ်တည်နိုင်ကြဘူး။

ရောင်နီလာတဲ့အခါ အရည်ပျော်စီးဆင်းရပြီး ကကြိုးကကွက်တွေအဖြစ် သရုပ်ဖော်ကြရတယ်။ သူတို့ရဲ့ ကကြိုးဟာ ဝမ်းနည်းမှုကို ဖော်ကျူးတဲ့ ကကြိုးကကွက် တွေဖြစ်တယ်ဆိုတဲ့ အဓိပ္ပါယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



''ဒီသီချင်းဟာ လူ့ဘဝကို ထင်ဟပ်ပြတဲ့ သီချင်းပဲ နေသစ်နီရဲ့။ တို့တတွေ လူအဖြစ် မွေးဖွားလာတာကိုက နောင်တစ်ချိန်မှာ သေဆုံးပျက်စီးဖို့ပဲ မဟုတ်လား။ ရှင်သန်ခြင်းဆိုတာ နုပျိုမှုတွေကို အရည်ပျော်စီးဆင်းရင်း အိုမင်းရင့်ရော်ခြင်း၊ သေဆုံးခြင်းဆီကို ရွေ့လျားကြရတာပဲလေ''

သီချင်းကို နားထောင်ပြီး ပိုပိုက အဲဒီလိုမျိုး ဒဿနတွေ ထုတ်ပြခဲ့ဖူးတယ်။

သူမ သိပ်ကြိုက်တဲ့သီချင်းမို့ သီချင်းဆုံးတော့ ပိုပိုရဲ့ အားပေးမှုကို သိချင်လို့ ကျွန်တော် ဖြတ်ကနဲ လှည့်ကြည့်လိုက်တယ်။

လိုက်ကာအကွယ်မှာ ပိုပို ရှိမနေတော့ဘူး။ ဘေးဘီဝဲယာကို ကြည့်လိုက်တော့လည်း သူမကို ဘယ်မှာမှ မတွေ့ရပါဘူး။ ပိုပို ဘယ်ရောက်သွားပါလိမ့်။

ရုတ်တရက် စိုးရိမ်ပူပန်ပြီး၊ ကျွန်တော့်တစ်ကိုယ်လုံး ထူပူလာတယ်။ ကျွန်တော် တွေးမိတာက ဒီလိုပါ။

ကျွန်တော်က နာမည်ကြီး အဆိုတော်မဖြစ်သေးပေမယ့် ကျွန်တော် ဘယ်ပွဲမှာ သီဆိုမလဲဆိုတာကို တကယ်





စုံစမ်းချင်သူအတွက်ဆိုရင် မခက်ဘူး မဟုတ်လား။

ဒီတော့ ပိုပိုရဲ့ ဖေဖေက အဲ့ဒီနည်းနဲ့ ဒီပွဲကို ရောက်လာမယ်။ ပိုပို့ကို ဇွတ်ကနဲ ပြန်ခေါ်သွားမယ်ဆိုရင် ဖြစ်နိုင်တာပဲ မဟုတ်လား။ ကျွန်တော့် အာခေါင်တွေ ခြောက်ကပ်လာတယ်။

နောက်တစ်ပုဒ်ဆိုစရာရှိသေးပေမယ့် ကျွန်တော် ဆက်မဆိုချင်တော့ဘူး။ ဒါကြောင့် မိုက်ကို သွားထားလိုက်ပြီး ဂျွန်ဆီးနားကို တိုးတိုးလေး ကပ်ပြောလိုက်တယ်။

'ခုတစ်ပုဒ်တော့ မင်းတစ်ယောက်ထဲပဲ ကျဲတော့ ဂျွန်ဆီးနား ငါ . . ပိုပို့ကို ဆင်းရှာလိုက်ဦးမယ်''

ဂျွန်ဆီးနားကြောင်ပြီး ကျန်ရစ်ခဲ့ပေမယ့် ကျွန်တော် ဂရုမစိုက်တော့ဘူး။ စင်ပေါ်က ခပ်မြန်မြန်ဆင်းလာလိုက်တယ်။ စင်အောက် ပရိသတ်ထဲမှာရော စင်နောက်ဘက်မှာပါ ဘယ်မှာမှ ရှာမတွေ့လို့ ကျွန်တော် ပိုပြီး ထူပူလာတယ်။ စိုးရိမ်စိတ်တွေနဲ့ ပေါက်ကွဲတော့မယ့် မီးတောင်တစ်လုံးလို ကျွန်တော့်ရင်တစ်ခုလုံး တငွေ့ငွေ့ လောင်မြိုက်လာတယ်။ ကျွန်တော်စိုးရိမ်သလိုများ ဖြစ်ခဲ့ပြီလား။

ကျွန်တော်တို့ ဝင်လာတုန်းက နေရာချပေးတဲ့ လုံခြုံ



www.burmeseclassic.com

www.burmeseclassic.com



ရေးတစ်ယောက်တွေ့တော့ ကျွန်တော်နဲ့ပါလာတဲ့ ကောင်မလေးတစ်ယောက်များ တွေ့မိသလားလို့ မေးလိုက်တယ်။

သူက ခေါင်းညိတ်ပြီး ကော်ရစ်တာတစ်လျှောက် လက် ညွှန်ပြတယ်။ အဲဒီဘက်ထွက်သွားတယ်ပေါ့။ ကော်ရစ်တာ အဆုံးဟာ ကလပ်အပြင်ကို ရောက်တာမို့ ကျွန်တော် ထိတ်ခနဲ ဖြစ်သွားတယ်။

သေချာပါပြီ။ ကျွန်တော်စိုးရိမ်တဲ့အတိုင်း ဖြစ်ခဲ့ပြီပေါ့။

ကော်ရစ်တာတစ်လျှောက် ကျွန်တော် ခပ်မြန်မြန် ပြေးလာခဲ့တယ်။ တစ်ဝက်လောက် အရောက်မှာပဲ 'နေသစ်နီ' ဆိုတဲ့ ခေါ်သံတစ်ခုကြောင့် ကျွန်တော် ဖြတ်ကနဲ လှည့်ကြည့် လိုက်တယ်။

ကျွန်တော့်ရဲ့ ပိုပိုပါ။ သူမဟာ သန့်စင်ခန်းထဲက ထွက် လာပြီး နံရံကိုမှီကာ ရပ်နေတယ်။ မျက်နှာသစ်ထားပုံရတာ ကြောင့် ပိုပို ငိုထားသလားလို့ ဇဝေဇဝါဖြစ်နေတုန်း နှာခေါင်း တစ်ဝိုက်မှာ သွေးစနည်းနည်း တွေ့လိုက်ရတယ်။

''ပိုပို . . . မင်းဘာဖြစ်တာလဲ''

''ဘာမှ မဖြစ်ပါဘူး''





''ဒါပေမယ့် . . . မင်း နှာခေါင်းမှာ သွေးတွေ မဟုတ် လား''

သူမမျက်နှာကွက်ကနဲ ဖြစ်သွားပြီးမှ မညိတ်ချင်ညိတ် ချင်နဲ့ ခေါင်းညိတ်တယ်။

''နှာခေါင်းသွေးလျှံတာပါ''

''ဘာကြောင့်လဲ . . . ဘာဖြစ်လို့ လျှံတာလဲ''

''ဒီလိုပါပဲ။ ပင်ပန်းတဲ့အခါ စိတ်လှုပ်ရှားတဲ့အခါ တစ်ခါတလေ အဲဒီလိုပဲ လျှံတတ်တယ်။ လူတွေ အများကြီး ကို မြင်ပြီး တီးလုံးသံတွေကြောင့် စိတ်လှုပ်ရှားသွားတာ ထင်တယ်။ ခု . . . ကောင်းသွားပါပြီ။ ဘာမှမဖြစ်တော့ပါဘူး။

နှမ်းလျသံနဲ့ အရေးမကြီးသလို ပြန်ပြောပေမယ့် ကျွန်တော်ကတော့ သူမရဲ့ မျက်နှာကိုသာ စိုးရိမ်တကြီး စိုက် ကြည့်နေတယ်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

ပိုပိုက ဘာမှ မဖြစ်ဘူးလို့ ပြောပေမယ့် ကျွန်တော်က သိပ်မယုံလှဘူး။

ဒါပေမယ့် . . . သူမရဲ့ ကျန်းမာရေးကတော့ အဲဒီနောက်ပိုင်း မျက်လှည့်ပြသလို အကောင်းအတိုင်း ပြန်ဖြစ်နေခဲ့တယ်။

အဲဒီညက ပွဲပြီးလို့ တရုတ်တန်းမှာ ကြေးအိုးသွားစားတော့တောင် ရယ်ရယ်မောမော ဖြစ်နေပါသေးတယ်။ စိုးရိမ်နေတဲ့ ကျွန်တော့်ကိုလည်း သူမက နှစ်သိမ့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



''အရေးမကြီးပါဘူး နေသစ်နီရယ်။ တို့တကယ် ပြောတာပါ။ တချို့လူတွေဟာ ဒီလိုပဲ တစ်ခါတလေ နှာခေါင်း သွေးလျှံတတ်တာပဲ မဟုတ်လား''

''ကိုယ်တော့ တစ်ခါမှ မလျှံဖူးပါဘူး''

''ဒါကတော့... ယူက သိပ်ပြီး ကျန်းမာနေလို့ ဖြစ်မှာပေါ့''

''ဒါဖြင့် ပိုက... မကျန်းမာဘူးဆိုတဲ့ သဘောလား''

''ဟင့်အင်း အားနည်းတာပါ။ ဝိ–နဲ့ဖြစ်တဲ့ တစ်ခါတလေ ဒီလိုပဲ ဖြစ်တတ်တာပဲ။ စိတ်မပူပါနဲ့''

ဆေးခန်းဝင်ပြဖို့ ကျွန်တော် ပြောပေမယ့်လည်း ပိုပို ငြင်းပါတယ်။ အဲ့ဒီနောက်ပိုင်း ပိုပိုရဲ့ အခြေအနေက လန်းလန်း ဆန်းဆန်းမို့ ကျွန်တော် စိတ်အေးသွားခဲ့တယ်။

ဒါကြောင့် ရှိုးပွဲတွေဆိုလိုက်၊ အတွဲခွေတွေမှာ ပါခွင့် ရရေးအတွက် လုံးပန်းလိုက်နဲ့ ကျွန်တော် အလုပ်ရှုပ်နေ တယ်။ ကျွန်တော်တို့အလုပ်ကလည်း ငွေကြေးနည်းနည်း ဆိုတာနဲ့ အိမ်ကပ်ခွင့် များများ ဆုံးရှုံးရတာမျိုး မဟုတ်လား။

ပိုပိုကတော့ နားလည်စွာနဲ့ လိုက်လျောပါတယ်။

ဉာဏ်ဝင်းစာပေ



''ယူက အဆိုတော် ဖြစ်နေပြီပဲ၊ သွားရမှာပေါ့ကွယ်။ အိမ်မှာ နေလို့ ယူ့အသံကို ဘယ်သူက လာနားထောင်မှာ လဲ။ အိမ်မှာ ပိုတစ်ယောက်တည်း နေရပါတယ်။ အရေးကြီး တာက ယူ မြန်မြန်အောင်မြင်ပြီး အဆင်ပြေဖို့ပဲ။

အဲ့ဒီတော့မှ ယူကြိုက်တဲ့ ဟင်းတွေ စပါယ်ရှယ် ချက်ကျွေးမယ်''

''ခုလည်း စပါယ်ရှယ် စားနေရသားပဲ''

''ဒါပေမယ့် ... အဲ့ဒါတွေက ဟင်းကောင်းတွေမှ မဟုတ်ဘဲ''

''ကိုယ့်အတွက်တော့ ပို ချက်တဲ့ ဟင်းမှန်သမျှက ဟင်းကောင်းတွေချည်းပဲ''

ပိုပို ပြုံးတယ်။ အဓိပ္ပါယ်က ... မလိမ်ပါနဲ့ကွယ် ဆိုတဲ့ သဘောပါ။ ကျွန်တော် မလိမ်ပါဘူး။

ဒါပေမယ့် ... ဖုံးကွယ်တာကို လိမ်ညာတာလို့ သတ်မှတ်မယ်ဆိုရင်တော့ ကျွန်တော်တို့ နှစ်ယောက်စလုံး ဟာ လိမ်ညာသူတွေ ဖြစ်တယ်လို့ ပြောရမယ်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လည်းဆိုတော့ ရက်အနည်းငယ်အတွင်းမှာပဲ ပိုပိုရဲ့ ဖုံးကွယ်လိမ်ညာမှုတွေဟာ တစ်စတစ်စ အရည်ပျော်စပြုလာလို့ပါ။

◆

''ပို ... ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား''

ကျွန်တော်အပြင်ကပြန်ရောက်လာတော့၊ အနွေးထည်လေးဝတ်ထားတဲ့ သူမကို တွေ့လိုက်တာကြောင့် ပြာပြာသလဲမေးလိုက်တယ်။

''ကောင်းပါတယ်။ နည်းနည်းကိုယ်နွေးသလို ဖြစ်ချင်လို့ပါ''

ကျွန်တော် နဖူးကို စမ်းကြည့်တော့ သိပ်မပူလှပါဘူး။ ဆေးစမ်းသွားမလားမေးတော့ ခေါင်းရမ်းတယ်။

''ရေချိုးမှားသွားလို့ဖြစ်မှာပါ။ ကိစ္စမရှိပါဘူး''

''ဆေးတွေရောသောက်ရဲ့လား ပို။ မင်းရဲ့အားဆေးတွေလေ''

''သောက်သားပဲ။ သောက်နေပါတယ်''





သူမ ... ဆေးပုံမှန်သောက်နေတာတော့ အမှန်ပါ။ ဒါပေမယ့် နေမကောင်းဘူးဆိုတာကြောင့် စိတ်ကထင်သွားလို့လားမသိဘူး။ သူမရဲ့မျက်နှာလေးက ချောင်ကျပြီး ဖြူရော်ရော်ဖြစ်နေသလိုပဲ။ စိုးရိမ်စိတ်က လှည့်စားတာလည်း ဖြစ်နိုင်ပါတယ်။

ဘာပဲဖြစ်ဖြစ် အဲ့ဒီနေ့ကော နောက်နေ့တွေပါ ကျွန်တော့်အပြင်မထွက်တော့ဘဲ သူမကို ပြုစုတယ်။ အဖျားကျသွားပေမယ့်၊ မျက်နှာကတော့ ကောင်းကောင်းမလန်းပါဘူး။ လူကလည်း အားနည်းသလိုဖြစ်နေတယ်။ သူမသိပ်ကြိုက်တဲ့ကြေးအိုးကို တကူးတကသွားဝယ်ပေးတော့လည်း ဟုတ်တိပတ်တိမစားဘူး။

''စားလေ ... ပိုရဲ့။ ဒါ ... ပိုကြိုက်တဲ့ သုဝဏ္ဏဆိုင်က ကြေးအိုး၊ အသားတွေများများထည့်စား''

''စားပါတယ်။ ပို ရင်ပြည့်နေလို့ပါ။ ယူလည်းစားလေ''

သူမက ကျွန်တော့်ကိုပြန်ခွံကျွေးတယ်။ ဒါကြောင့် ကြေးအိုးတစ်ပွဲက ကုန်တော့သွားပါရဲ့။ ဒါပေမယ့် ကျွန်တော့် ဗိုက်ထဲကိုတော့ များများပိုရောက်သွားတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



''ညနေ . . . ဘာစားချင်သလဲ ပိုနီတေးလ်''

''ယူ ချက်ကျွေးမှာလား''

''ကိုယ် . . . ဆိုင်က သွားဝယ်မှာပေါ့''

''နေပါစေကွယ်၊ ယူပင်ပန်းပါတယ်''

''အို . . . ပင်ပန်းစမ်းပါစေ။ ကိုယ် . . . ဆိုက်ကား ငှားစီးသွားမှာပေါ့''

''ဘာမှ စားချင်စိတ်မရှိပါဘူး။ နေမကောင်းလို့ ခံတွင်းပျက်သွားတာနဲ့ တူပါတယ်။''

''မစားလို့တော့ ဘယ်ဖြစ်မလဲ ပိုရဲ့။ ခဏနေရင် ကိုယ်အပြင်ထွက်ပြီး တစ်ခုခုသွားဝယ်မယ်။ ကြက်ကင်ဖြစ်ဖြစ် ဆိတ်သားကင်ဖြစ်ဖြစ်ပေါ့၊ ပို . . . အကင်ကြိုက်တာပဲ။ ကြိုးစားစားကြည့်ပေါ့''

ကျွန်တော် ကျေနပ်အောင် ပိုပိုခေါင်းညိတ်တယ်။ တကယ့်တကယ် ဝယ်ပေးတော့လည်း မစားနိုင်ပါဘူး။ ကြက်ပေါင်လေးတစ်ခုကို ဟိုဖွဲဒီဖွဲနဲ့ တစ်ဝက်လောက်ကုန်ဖို့တောင် အကြာကြီးကြိုးစားနေရတယ်။





ကျွန်တော်ကတော့ အဲဒီလောက်အချိန်ဆိုရင် ကြက်ပေါင်ငါးချောင်းလောက်တော့ အသာလေးပဲ။

''တော်ပြီကွာ။ ဆက်မစားချင်တော့ဘူး''

တစ်ဝက်လောက် ကြိုးစားစားပြီး ပိုပို လက်လျှော့လိုက်တယ်။ ဖြူဖတ်ဖြူရော် မျက်နှာလေးကိုကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ ပြင်းပြင်းထန်ထန် စိုးရိမ်လာပါတယ်။

ဒါဟာ ရိုးရိုးနေမကောင်းဖြစ်တာကော ဟုတ်ရဲ့လား။ သူမရောဂါရဲ့ ခြိမ်းခြောက်မှုတွေများလား။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ကျွန်တော့်ရဲ့ တငွေ့ငွေ့လောင်မြိုက်နေတဲ့ စိုးရိမ်မှုတွေကို အာဆင်နယ်နဲ့ ဂျွန်ဆီးနားတို့က ဝုန်းခနဲ တောက်လောင်လာစေပါတယ်။

သူတို့က အမြန်ဆုံးဆေးခန်းပြဖို့ အကြံပေးလာကြတယ်။

"ဒီရောဂါမျိုးဆိုတာ ဆေးသောက်နေရုံနဲ့ပြီးတာမျိုး မဟုတ်ဘူး နေသစ်နီရဲ့။ ဆရာဝန်နဲ့ မကြာခဏပြသပြီး အစစ်ဆေးခံနေဖို့လည်း လိုသေးတယ်လေ။ အခုဆို သူ ဆရာဝန်ကြီးနဲ့ ပြန်မပြတာ ဘယ်လောက်ကြာပြီလဲ။"



www.burmeseclassic.com

www.burmeseclassic.com



''အင်း . . . တော်တော်ကြာပြီထင်တယ်၊ တို့လက် ထပ်တာတောင် ခြောက်လကျော် ခုနစ်လရှိနေပြီပဲ''

''အရင်က သုံးလတစ်ကြိမ် ပုံမှန်ပြခဲ့တယ်လို့ သူ့အစ်မ ပြောတယ် မဟုတ်လား။ အဲ့ဒီတော့ . . . ဆရာဝန်ကြီးနဲ့ အမြန်ဆုံးပြန်ပြကွာ။''

''သူ့ရောဂါကို ငါသိတဲ့အကြောင်း ဖွင့်ပြောလိုက်ရမှာ ခက်နေတယ်ကွာ''

''ခက်မနေနဲ့ ရသေ့နီ။ မင်းရဲ့ခပ်ကြောင်ကြောင် စိတ်ကူးတွေကို ပြတိုက်ထဲပို့လိုက်။ အမြန်ဆုံးလက်တွေ့ကျကျ ဆုံးဖြတ်နိုင်အောင်ကြိုးစား။''

ပိုပို ခမျာသူ့ရောဂါကို ကျွန်တော်မရိပ်မိအောင် ပိပိရိရိ ဟန်ဆောင်ခဲ့ရတာပါ။

ဒါကို . . . ကျွန်တော်က ခပ်လွယ်လွယ် ဖွင့်ပြောလိုက်သင့်ပါသလား။ အာဆင်နယ်တို့ကတော့ ဖွင့်ပြောရမယ်။ မင်းတို့ပွင့်လင်းဖို့လိုတယ်လို့ အကြံပေးတယ်။ တစ်ပတ်လောက်ကြာတဲ့အခါမှာတော့ ကျွန်တော် မသိမသာ စကားစကြည့်တယ်။

''ပို . . . ဆေးခန်းသွားပြကြည့်ရအောင်ကွာ''





''ဘာအတွက်လဲ ယူရဲ့''

''မင်းခုလို အစားအသောက်ပျက်ပြီး အားနည်းနေတဲ့ အတွက်ပေါ့''

''မလိုပါဘူးကွယ် . . . အစားအသောက်ပျက်တာမျိုး က ပို ဖြစ်နေကျပါ။ တစ်ရက်နှစ်ရက်နေရင် ကောင်းသွားမှာပါ''

ပိုပိုက ယုံကြည်စိတ်ချဟန်အပြည့်နဲ့ ငြင်းဆန်ဆယ်။

ဒါပေမယ့် . . . တစ်ရက်နှစ်ရက်နေတော့လည်း ထူးထူးခြားခြားသက်သာမလာပါဘူး။ စနေနေ့မနက် အိပ်ရာထချိန်မှာတော့ သူမ သိသိသာသာ မရွှင်မလန်းဖြစ်နေတယ်။

သူမ ကြည့်ရတာ အနေရအထိုင်ရ ခက်နေပုံပါ။

''ဒီနေ့တော့ ဆေးခန်းသွားပြကြရအောင် ပိုရာ''

''ဘယ်လိုဆေးခန်းမျိုးပြမှာလဲ . . . ဟင်''

''အထူးကုဆေးခန်းတစ်ခုခုပေါ့။ ဥပမာ . . . စိမ်းလန်းစိုပြေ . . . အထူးကုဆေးခန်းလိုမျိုး''

သူမ မျက်နှာတစ်ချက်ပျက်သွားတယ်။ စိမ်းလန်းစို



www.burmeseclassic.com

www.burmeseclassic.com



ပြေ... ဆိုတာ သူမအရင်က ပြနေကျဆေးခန်းမဟုတ်လား။ အဲ့ဒီက ဆရာဝန်ကြီးကပဲ သူမကိုဆေးတွေ ညွှန်းခဲ့တာပါ။

''ပိုက်ဆံတွေ သိပ်ကုန်မယ် ယူရဲ့''

''ကုန်ပါစေ။ ကိုယ် အတွဲခွေမှာဆိုဖို့ စရံရထားတာပဲ။ အကုန်ခံနိုင်ပါတယ်''

သူမ ကျွန်တော့်မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်တယ်။ တစ်စုံတစ်ရာ အကဲခတ်အဖြေရှာသလိုမျိုး အကြာကြီးစိုက်ကြည့်နေတာပါ။ နောက်ဆုံးမှ သက်ပြင်းမောတစ်ချက်ကို ဖြည်းဖြည်းလေးချပြီး ပြောတယ်။

''ဒါဖြင့်လည်း သွားကြတာပေါ့ကွယ်''

''အိုကေ . . . ပို အဝတ်လဲအုံးမလား''

''မလိုပါဘူး။ အနွေးထည်လေးပဲ ထပ်ဝတ်သွားမယ်''

ဟန်ဆောင်ထိန်းချုပ်ထားမှုတွေကို လျှော့ချလိုက်လို့နဲ့တူပါရဲ့။ သူမအသံက မောပန်းနေပြီး သူမရဲ့အသွင်သဏ္ဍာန်က ပိုပြီးနွမ်းလျလာတယ်။

ကျွန်တော့်ရဲ့ အဝတ်အစားဘီဒိုထဲ မှာ ဖွက်ထားတဲ့





သူမရဲ့ဆေးမှတ်တမ်းစာအုပ်ကို ပြေးယူပါတယ်။ ပြီးတော့ ပိုက်ဆံအတော်များများယူတယ်။

အဲ့ဒီအချိန်မှာပဲ ဒေါ့ဂျ်(Dodge)ပစ်ကပ်ကားကြီးနဲ့ ဂျွန်ဆီးနားရောက်ချလာလို့ ကျွန်တော်တို့ အဆင်ပြေသွားတယ်။ စိမ်းလန်းစိုပြေကိုသွားမယ့်အကြောင်း ဂျွန်ဆီးနားကို ပြောပြပြီး သူမကို ကားဆီတွဲခေါ်လာတယ်။ သူမက ရှေ့ခန်းမှာ မစီးချင်ဘူးလို့ဆိုတယ်။

''ပိုတို့ . . . ခိုးပြေးလာတုန်းကလို နောက်ခန်းမှာပဲ လေတဟူးဟူးနဲ့ စီးချင်တယ်ကွယ်''

''အိုကေ . . . ဒါဆိုလည်း နောက်ခန်းပေါ့''

ပိုပို့ကို ပွေ့ချီပြီးနောက်ခန်းပေါ်တင်လိုက်တော့ သူမရဲ့ကိုယ်လုံးလေးက ပေါ့ပေါ့လေးဖြစ်နေလေရဲ့။ ကားစထွက်တော့ သူမက တိုးတိုးလေးမေးတယ်။

''ယူ . . . ပျော်ရဲ့လားဟင်''

ကျွန်တော် ဘယ်လိုဖြေရမှာပါလဲ။ သူမရဲ့ ဖြူဖျော့ဖျော့မျက်နှာလေးကို စိတ်မကောင်းစွာ စိုက်ကြည့်နေတုန်းမှာပဲ။ သူမက ထပ်မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မပျော်ဘူးလား . . . ဟင်"

"အို . . . ပျော်ပါတယ်"

"တကယ်လား"

"တကယ်ပေါ့ . . . ကိုယ်ပျော်တယ် ပိုရဲ့။ ကိုယ်သိပ်ကိုပျော်ပါတယ်"

◆◆◆



(၁၆)

အထူးကုဆရာဝန်ကြီးရဲ့ လူနာဆိုတော့လည်း ဂရုစိုက်ကြပါတယ်။ ချက်ချင်းပဲ စမ်းသပ်စစ်ဆေးမှုတွေလုပ်လိုက်ကြတာ အစုံပါပဲ။

သွေးတွေလည်း ဖောက်စစ်ပါတယ်။ ပြီးတော့ အခန်းတစ်ခန်းပေးပြီး ဆေးရုံတက်ခိုင်းတယ်။ သွေးသွင်းဖို့လိုလို့ အိမ်မပြန်နဲ့တော့ဆိုပြီး ချက်ချင်းတက်ခိုင်းတာပါ။

သူမကို သွင်းရမယ့် သွေးအမျိုးအစားက ရှားတယ်လို့ဆိုတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် . . . နောက်တော့လည်း အဆင်ပြေသွားတယ်။ ကုသစရိတ်အတွက် စပေါ်တင်ပါဆိုလို့ အိတ်ထဲမှာပါတဲ့ ငွေသုံးသိန်းထုတ်ပေးလိုက်တာ မဟုတ်လား။

ဆရာဝန်ကြီးရဲ့ လက်ထောက်ကိုတော့ လိုတာတွေ အကုန်လုပ်ပေးပါ။ ကျွန်တော် အကုန်ခံနိုင်ပါတယ်လို့ ပြောလိုက်တယ်။

ပါးသိုင်းမွေးစိမ်းစိမ်းတွေနဲ့ ခပ်နွဲ့နွဲ့ဆရာဝန်က စိတ်ချပါလို့ပြောတယ်။

'သူ့သွေးတွေက တော်တော်ပျက်စီး နေကြတာလေ။ ဒါကြောင့် သွေးသွင်းပြီး ဆေးနဲ့ဆွဲချနေရတယ်။ ဒီရောဂါမျိုးက တစ်ရာရာခိုင်နှုန်းပျောက်ကင်းဖို့ဆိုတာ မဖြစ်နိုင်ဘူး။

ဒါကြောင့် သက်သာတဲ့ အနေအထား တစ်ခုရောက်အောင်လုပ်ပြီး အဲ့ဒီအဆင့်ကနေ ပိုမဆိုးဖို့ ဆေးနဲ့ထိန်းထားရမှာ။ မပူပါနဲ့။ ဆရာကြီးက ဒီရောဂါမျိုးတွေကို ကောင်းကောင်းကုနိုင်ပါတယ်''

ဒါဆိုလည်း . . . ဘာဖြစ်လို့ ကျွန်တော့်ကို ရှင်းပြနေရသေးလဲ . . . လို့ ဘုတောလိုက်ချင်ပေမယ့် မကောင်းတတ်လို့ငြိမ်နေလိုက်ရတယ်။ ဂျွန်ဆီးနားက ပိုပို့ကို ဆေးရုံတင်





ရပြီဆိုတော့ မင်းငွေလိုမှာပေါ့။ ငါညနေကျရင် ရှာလာခဲ့မယ်လို့ ပြောပြီးပြန်သွားတယ်။

ကျွန်တော်တို့အတွက် လိုတာတွေ ဒဂုံအိမ်မှာ ဝင်ယူလာခဲ့မယ်လို့လည်း ပြောတယ်။ ငါတို့ဆိုထားတဲ့အခွေနဲ့ ကက်ဆက်လေးတော့ မမေ့ပါနဲ့ကွာလို့ ကျွန်တော်သတိပေးလိုက်တယ်။

ပိုပိုက ကျွန်တော့် သီချင်းတွေကို သိပ်ကြိုက်တာ မဟုတ်လား။ ခုလိုအခြေအနေမျိုးမှာ သူနားထောင်ချင်မှာပေါ့။

''သိပ်မစိုးရိမ်ပါနဲ့ကွယ်။ ပို . . . နေကောင်းသွားမှာပါ''

ဆေးအရှိန်နဲ့ မှိန်းနေရာကနေ သူမ တိုးတိုးလေးလှမ်းအားပေးတယ် ကျွန်တော် စကားမပြောနိုင်လို့ ခေါင်းကိုပဲ ခပ်သွက်သွက်ညိတ်ပြလိုက်ရတယ်။

ပိုက်ထဲကို တစ်စက်ချင်းကျနေတဲ့ သွေးစက်တွေကို ငေးကြည့်ရင်း ကျွန်တော့်ရင်တွေပူနေတယ်။

အမှန်ပြောရရင်တော့ တစ်ကိုယ်လုံးကို ပူနေတာ ပါ။ လေအေးစက် ပေးထားတဲ့ အခန်းထဲမှာ သက်ပြင်းချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ ရင်ဘတ်ထဲက လေပူတွေကြောင့် အခန်းတစ်ခုလုံး ပူနွေးသွားသလို တောင် ထင်ရပါတယ်။

သွေးရောင်မရှိလို့ ဖြူရော်ဝါဖျော့နေတဲ့ ပိုပိုရဲ့ လက်ဖဝါးလေးကို ပါးနဲ့အပ်ထားရင်း

''ပိုပို . . . ဘာမှမဖြစ်ပါစေ နဲ့'' လို့ ကျွန်တော် ဆုတောင်းနေမိတယ်။

ပိုပိုရဲ့ဘုရားသခင်ဆီမှာရော၊ ကျွန်တော့်ရဲ့ ဘုရားဆီမှာပါ ဆုတောင်းနေမိတာပါ။

ညနေပိုင်းဆရာဝန်ကြီးရောက်လာတော့ ပိုပိုမျက်လုံး ဖွင့်ကြည့်တယ်။ နေကောင်းသလားလို့မေးတော့ သူမခေါင်းလေးပဲ ညိတ်ပြနိုင်တယ်။

သူမရောဂါအကြောင်း ကျွန်တော် သိနေပြီမို့ စိတ်ကို လျှော့ချလိုက်တာလား။ ဒါမှမဟုတ် သူမယုံကြည်တဲ့ ဆရာဝန်ကြီးရှေ့မှာမို့ ဟန်မဆောင်တော့တာလား မသိဘူး။

သူမ ဟာ လေလျှော့သွားတဲ့ မီးပုံးပျံလိုမျိုး ခပ်ယဲ့ယဲ့ပဲရှိတော့တယ်။ စကားတစ်ခွန်းတစ်လေပြောဖို့တောင် အနိုင်နိုင် အားယူနေရလို့ ကျွန်တော်စိတ်ပူလာပါတယ်။





ဆရာဝန်ကြီးပြန်သွားတော့ ပိုပိုတိုးတိုးလေးပြောတယ်

''ယူ့ကို ဟင်းကောင်းတွေ စပါယ်ရှယ်ချက်ကျွေးချင်တယ်''

''ဖြစ်လာမှာပေါ့ ပိုရဲ့၊ လောလောဆယ် မြန်မြန်နေကောင်းလာအောင် အနားယူလိုက်အုံး''

''ယူ့သီချင်းတွေ နားထောင်ချင်တယ်''

''တော်ကြာ ဂျွန်ဆီးနားတို့ရောက်လာရင်၊ အခွေနဲ့ကက်ဆက်ပါလာလိမ့်မယ်။ အဲ့ဒီကျတော့ ကိုယ်ဖွင့်ပေးမှာပေါ့။ ကဲ . . . တရေးလောက် မှိန်းလိုက်အုံး ပို။ ဆရာဝန်ကြီးက စိတ်ငြိမ်ဆေးပေးသွားတယ် မဟုတ်လား''

''ဒါပေမယ့် . . . အခု နားထောင်ချင်တာယူရဲ့။ နှင်းစက်ကကြီးဆိုတဲ့ သီချင်းလေ။ ယူဆိုပြပါလား''

ကျွန်တော် သက်ပြင်းရှိုက်ရင်း ခပ်သွက်သွက် ခေါင်းညိတ်ပြလိုက်တယ်။ တကယ်တော့ ကျွန်တော့်တို့ သီချင်းမျိုးက အတီးမပါဘဲ ဒီအတိုင်း အခြောက်တိုက် ဆိုပြနိုင်ဖို့ ဆိုတာ မလွယ်ဘူး။

ဒါပေမယ့် ပိုက တခြားလူမှ မဟုတ်ဘဲ ကျွန်တော့်ရဲ့ အထူးစပါယ်ရှယ် ပရိသတ်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့လည်း ပို သိပ်ကြိုက်တဲ့ နှင်းစက်ကကြိုးနဲ့တဲ့ သီချင်းကို ကျွန်တော် တိုးတိုးလေး ဆိုပြလိုက်တယ်။

အိပ်မက်ထဲမှာ နှင်းစက်တွေ ကနေကြ . . .လို့တယ်

နှင်းဆိုတာ အေးမြတဲ့မျက်ရည်တစ်မျိုးလို့ ဆိုကြတယ်

စသဖြင့် သီချင်းဆုံးတဲ့အထိ တီးလုံးမပါဘဲ ကျွန်တော် တိုးတိုးလေး ဆိုပြလိုက်တာပါ။ ဆိုနေရင်း ရင်ထဲမှာ နင့်လာလို့ မျက်နှာမပျက်အောင် သတိထားရပါသေးတယ်။ ပိုက–

"အမှုအရာပါ လုပ်ပြကွယ်"

လို့ တောင်းဆိုလာလို့ စင်ပေါ်မှာ ဆိုသလိုမျိုး ခြေလှုပ်၊ လက်လှုပ်၊ လက်ညှိုးတထိုးထိုးနဲ့ ဆိုပြရတယ်။

သီချင်းက အဆွေးသီချင်းမဟုတ်တာ သိပ်ကို သေချာပါ တယ်။ ဒါပေမယ့် . . . သီချင်းအဆုံးမှာ ကျွန်တော် မျက်ရည်ကျပါတယ်။

ကိစ္စမရှိတော့ပါဘူး။ အဲ့ဒီအချိန်မှာ ပိုပိုက အိပ်ပျော် သွားပြီ မဟုတ်လား။

◆





ဆေးရုံတစ်ရုံလုံးဟာ အပ်ကျသံကြားရမတတ် တိတ် ဆိတ်နေတယ်။ လင်းထိန်နေတဲ့ခန်းမကျယ်ကြီးထဲမှာ ကျွန်တော်တစ်ယောက်တည်းထိုင်နေရတာ ခြောက်ခြားစရာ တောင် ကောင်းလာပါတယ်။

ခပ်ဝေးဝေးက ကောင်တာမှာ လူနာလက်ခံတဲ့ စာရေးမတစ်ယောက်တော့ရှိပါရဲ့။

ဒါပေမယ့် သူအိပ်ငိုက်နေတယ်။ ခန်းမကျယ်ကြီး ထဲက ခုံတန်းတစ်ခုပေါ်မှာ ကျွန်တော် တိတ်တိတ်ဆိတ် ဆိတ်ထိုင်နေမိတယ်။

အခန်းနံပါတ် (၁၀၁)ထဲ မှာတော့ ပိုပို နှစ်နှစ်ခြိုက် ခြိုက် အိပ်ပျော်နေပါတယ်။ သူမ ဘေးနားမှာ ဟန်ဆောင် မျက်နှာနဲ့နေနေရတာ မွန်းကြပ်လာတာနဲ့ ကျွန်တော် အပြင် ထွက်လာမိတာပါ။

"သွေးပျက်စီးမှုတွေကို တတ်နိုင်သမျှ တားဆီးနေပါ တယ်။ အရင်အခြေအနေအတိုင်း ပြန်ရောက်လိမ့်မယ်လို့ မျှော်လင့်ရတာပဲ။ တကယ်လို့ ပြန်ရောက်လာရင်လည်း ပုံမှန် ဂုသမှုတော့ ခံယူရလိမ့်မယ်။ မကြာခဏသွေးသွင်းပေးရ မယ်။ ဆေးကို ဂရုတစိုက်မှီဝဲရလိမ့်မယ်။ ပျောက်နိုင်သလား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ခင်ဗျားရဲ့မေးခွန်းကိုဖြေရရင်တော့ မပျောက်နိုင်ဘူး။ ဒီရောဂါမျိုးက စိတ်ရှည်ရတယ်။ ရောဂါပိုမတိုးအောင် ဆေးနဲ့ထိန်းထားရတယ်။ သွေးပျက်စီးမှုတွေကို နှေးကွေးသွားအောင်လုပ်တဲ့သဘောပေါ့''

ဆရာဝန်ကြီးရဲ့စကားသံက ကျွန်တော့်နားထဲမှာ ပဲ့တင်ထပ်စွာ ကျယ်လောင်နေတယ်။

ပျက်စီးတာတော့ ပျက်စီးမှာပဲ။ နှေးအောင်ပဲ လုပ်လို့ရမယ်... ဆိုတဲ့ အဓိပ္ပါယ်က ကျွန်တော့်ကို ခြောက်လှန့်နေကြတယ်။

ဘုရားမလို့ ဆရာဝန်ကြီးရဲ့ ကုထုံးတွေ ထိရောက်အောင်မြင်ပါစေလို့ ကျွန်တော်ဆုတောင်းနေမိတယ်။ ခုချိန်မှာ သူမရဲ့ရောဂါကို ပျောက်ကင်းအောင် ကုပေးနိုင်တဲ့လူရှိရင် ကျွန်တော် ဘာတွေပဲ ပေးရပေးရ ပေးဆပ်ဖို့အသင့်ပါ။

ကျွန်တော့်ရဲ့ပိုင်ဆိုင်မှု။ ကျွန်တော့်ရဲ့အောင်မြင်မှု။ နောင်ရရှိကောင်းရရှိလာနိုင်တဲ့ နာမည်ကျော်ကြားမှု။

အားလုံးကို ကျွန်တော် စွန့်လွှတ်ရဲပါတယ်။ သူမသာ ကျွန်တော့်ရဲ့ဘေးနားမှာ ကျန်းမာပျော်ရွှင်စွာ ရှိနေမယ်ဆိုရင် ဘာတွေပဲရင်းရရင်းရ ကျွန်တော်ရင်းရဲပါရဲ့။





ဒါပေမယ့်... အခြေအနေက မဆိုးသလောက်လေး နောက်ကျနေခဲ့တယ် ထင်ပါတယ်။ ဆရာဝန်ကြီးနဲ့ သူ့လက်ထောက်တို့ အပြန်အလှန်ပြောကြတဲ့ ဆေးပညာစကားလုံးတွေထဲမှာ (Serious)ဆိုတဲ့ စကားတစ်လုံးကိုတော့ ကျွန်တော် နားလည်ပါရဲ့။

ဆီးရီးယတ်စ်ဆိုတာ အရေးကြီးတယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ မဟုတ်လား။ ပိုပိုရဲ့အခြေအနေက အရေးကြီးနေတယ်။ လွယ်လွယ်ကူကူမဟုတ်ဘူးလို့ ဆိုလိုချင်တာပဲ မဟုတ်လား။

''နေသစ်နီ''

ကျွန်တော် အတွေးတွေထဲမှာ ဘယ်လောက်ကြာအောင်နစ်မျောနေမိတယ် မသိဘူး။ ကျွန်တော့်နာမည်ကိုခေါ်သံကြားမှ ဖျတ်ခနဲခေါင်းမော့ကြည့်လိုက်တော့ ကျွန်တော့်ရှေ့မှာ တစ်စုံတစ်ယောက် မတ်တပ်ရပ်နေတာကို တွေ့လိုက်ရတယ်။

အမြဲတမ်း အရယ်အပြုံးမရှိတဲ့ သံမဏိမျက်နှာနဲ့ ပုဂ္ဂိုလ်။ နွေးထွေးပေမယ့် အေးစက်တဲ့အကြည့်စူးစူးတွေကို ပိုင်ဆိုင်တဲ့ပုဂ္ဂိုလ်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းပါဘူး သားရယ် ... ဆိုတဲ့ စကားနဲ့ နောက်ဆုံးနှုတ်ဆက်ခဲ့တဲ့ ပုဂ္ဂိုလ် ... ။

ကျွန်တော့်ရဲ့ချစ်သော ဖေဖေပါ။ ဖေဖေ့ကို တွေ့လိုက်ရတာဟာ ကျွန်တော့်အတွက် ကြေကွဲစရာလား။

ဒါမှမဟုတ် ... အားတက်စရာလား။

ဖေဖေ ကျွန်တော့်ကို ခပ်စူးစူးစိုက်ကြည့်နေတယ်။ အဲ့ဒီအကြည့်တွေထဲမှာ ကြေကွဲရိပ်တွေကို ကျွန်တော် လှမ်းမြင်နေရပါတယ်။

"မင်း ... ဘာဖြစ်လို့ ဖေဖေ့ကို မပြောတာလဲ"

ရေခဲတမျှ အေးစက်နေဆဲဖြစ်ပေမယ့် ဖေဖေ့အသံတွေကအက်ကွဲနေကြတယ်။ ပိုပို့ကိစ္စကို ဖေဖေဆိုလိုတာပါ။

"ဖေဖေ သိပြီးပြီ ထင်လို့ပါ"

ခြောက်ကပ်ကပ်စကားသံတွေ ပါးစပ်ဖျားက ပြုတ်ကျလာအောင် ကျွန်တော် အတော်ကြိုးစားလိုက်ရတယ်။ ညဝတ်အင်္ကျီပျော့ပျော့ပေါ်မှာ ဗွီရှိတ်ဆွယ်တာပါး ထပ်ဝတ်ထားတဲ့ ဖေဖေဟာ ဘောင်းဘီအိတ်ထဲကို လက်နှစ် ဖက်ထိုးထည့်ရင်း သက်ပြင်းချတယ်။





ညနှစ်နာရီဆိုတဲ့အချိန်မှာ ဖေဖေဘာလို့မအိပ်သေးတာလဲ။ ဘာဖြစ်လို့ ညဝတ်အင်္ကျီနဲ့ ကျွန်တော့်ရှေ့ကို ရောက်ရှိလာခဲ့ရတာလဲ။

"ထုံးစံအတိုင်းဆိုရင်တော့ ဖေဖေသိရမှာပေါ့။ သိလည်း သိသင့်တာပေါ့။ အာဆီယံစာရေးဆရာများ နှီးနှောဖလှယ်ပွဲကို ဖေဖေ သွားနေရတယ်။ မနေ့ကမှ ပြန်ရောက်တယ်သား။ အခု ... သိသိချင်း ဖေဖေထွက်လာတာပဲ။ မင်းကောင်မလေးဘယ်လိုနေသေးလဲ"

"ကျွန်တော့် ဇနီးပါ ဖေဖေ"

"အဲ ... မင်းဇနီး ဘယ်လိုနေလဲ။ နေကောင်းရဲ့လား"

"သက်သာပါတယ်။ အခု အိပ်ပျော်နေတယ်"

"သူ့အဖေနဲ့အစ်မဆီကော အကြောင်းကြားပြီးပြီလား"

"ဘာအတွက်လဲ ဖေဖေ။ အကြောင်းကြားတော့ကော ဘာများပိုထူးမှာလဲ။ ပြီးတော့ ... ခုချိန်ဟာ ပိုပို့အတွက် နောက်ဆုံးအချိန်မဟုတ်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ ခပ်ဆတ်ဆတ်လေသံကြောင့် ဖေဖေ အိုးတိုးအန်းတန်းဖြစ်သွားတယ်။

"ဆောရီးကွာ၊ ဖေဖေ အဲ့ဒီသဘောနဲ့ပြောတာ မဟုတ်ပါဘူး။ ဒါပေမယ့် . . . ဘာမှ မထူးခြားနိုင်ဘူးဆိုတာ တော့ မဟုတ်ဘူးနေသစ်နီ။ မင်းသိသင့်တဲ့ကိစ္စတစ်ခုကို ဖေဖေ ပြောပြချင်လို့ အခုရောက်လာတာ"

ကျွန်တော် ဖေဖေ့ကို ဖျတ်ခနဲကြည့်လိုက်တယ်။ ပြောပါဆိုတဲ့ သဘောနဲ့ပါ။ ခုချိန်ထိ ကျွန်တော့်ရှေ့မှာ မတ်တပ်ရပ်နေဆဲဖြစ်တဲ့ ဖေဖေက ကျွန်တော့်ကို ကျော်ပြီး နံရံတွေဆီ ငေးကြည့်နေတယ်။

"မင်းထွက်သွားပြီး တစ်လကျော်လောက်ကြာတော့ သူ့အဖေ ဖေဖေ့ဆီရောက်လာတယ်။ မင်းလိပ်စာကို တောင်းတော့ ဖေဖေကမသိဘူးလို့ ပြောလိုက်တယ်။ အဲ့ဒီ တော့ သူက သူ့သမီးမှာ သွေးကင်ဆာရှိတဲ့အကြောင်းကော၊ အဲ့ဒီရောဂါကို ကုသဖို့သူတို့ကြိုးစားခဲ့တဲ့အကြောင်းကော ပြော ပြတယ်။ တရုတ်ပြည်မှာ အဲ့ဒီရောဂါကို ခုနှစ်ဆယ်ရာခိုင်နှုန်း လောက် ပျောက်အောင်ကုသနိုင်တဲ့ ကုထုံးသစ်တစ်မျိုးပေါ် နေပြီတဲ့။ အဲ့ဒီကုထုံးနဲ့ ကုနိုင်ဖို့ သူတို့အဆက်အသွယ်ရှာခဲ့ တာ ရပြီတဲ့။ ဒါကြောင့် သူ့သမီးရဲ့ ရောဂါကို ကုဖို့ သမီးကို





ပြန်လိုချင်တယ်လို့ ပြောပြတယ်။ ချွင်းချက်တစ်ခုတော့ ရှိ တယ်။ သူ့သမီးကို ပြန်အပ်တဲ့အခါ . . . မင်းကသူ့ကိုတရား ဝင်ကွာရှင်းပေးရမယ်တဲ့။ ဖေဖေက မင်းနဲ့အဆက်အသွယ်မရှိ တဲ့အကြောင်း၊ တကယ်လို့ သားနဲ့တွေ့ရင် သားကိုပြောပြ လိုက်မယ့်အကြောင်းကတိပေးတော့ သူက သူ့ကိုဆက်သွယ် ရမယ့် ဖုန်းနံပါတ်တွေနဲ့ လိပ်စာကဒ်ပြားပေးတယ်။ ဒီဥစ္စာပဲ"

ဘောင်းဘီအိတ်ထဲက ကဒ်ပြားတစ်ခုထုတ်ပေးလို့ ကျွန်တော် လှမ်းယူလိုက်ရတယ်။

တရုတ်–မြန်မာ နှစ်ဘာသာနဲ့ ရိုက်ထားတဲ့ ကြွေ ရောင်လိပ်စာကဒ်ပြားလေးက ကျွန်တော့်ကို တစ္ဆေတစ်ကောင် လို ခြောက်လှန့်နေပါတယ်။

"အဲ့ဒီတော့ . . . "

ချောင်းတစ်ချက်ဟန့်ရင်း ဖေဖေစကားစဖို့ပြင်လိုက် တဲ့အချိန်မှာပဲ ကျွန်တော် ပြာပြာသလဲ လှမ်းပြောလိုက်တယ်။

"ကျွန်တော် . . . ပိုပို့ကို ပြန်မအပ်နိုင်ဘူးဖေဖေ"

"ဟုတ်ပြီလေ။ ဟုတ်ပါပြီ။ ဒါက သားဘာသာဆိုး ဖြတ်ရမယ့်ကိစ္စပါ။ ဖေဖေ ဘာမှမတိုက်တွန်းပါဘူး။ အကြံ လည်းမပေးပါဘူး။ သားသိသင့်တယ်ထင်လို့လာပြောပြတာ



www.burmeseclassic.com

www.burmeseclassic.com



သက်သက်ပါ။ သားဘာသာစဉ်းစား။ သားစဉ်းစားတဲ့အခါ မပါမဖြစ်တဲ့အချက်အလက်တချို့ကိုတော့ ထည့်စဉ်းစား''

''ဘာတွေလဲ ဖေဖေ''

''ဖေဖေ ပြောရမှာတော့ အားနာပါတယ်။ ဒါပေမယ့် အမှန်တရားကိုတော့ ထိုးတွေမျက်ကွယ်ပြုလို့ မရဘူးသား။ အမှန်တရားဟာ ရင့်သီးကောင်းရင့်သီးလိမ့်မယ်။ ဒါပေမယ့် ရိုးသားတယ်''

''ပြောပါဖေဖေ''

''သူ့ကို သားရဲ့ဇနီးသည်အဖြစ် အသက်အဆုံးခံ မလား။ ဒါမှမဟုတ် . . . သား ကွာရှင်းလိုက်တဲ့ဇနီးဟောင်း တစ်ယောက်အနေနဲ့ အသက်ရှင်စေမလား . . . ဆိုတာပဲ''

ဖေဖေ့ရဲ့စကားတွေက ကျွန်တော့်မျက်နှာကို ဖြတ် ရိုက်လိုက်သလိုပါပဲ။ ကျွန်တော်နာကျင်သွားတယ်။

တစ်ချိန်ထဲမှာပဲ . . . တုန်လှုပ်စွာနဲ့ ပစ္စက္ခတ်အခြေ အနေတွေကို သတိပြုမိလာစေပါတယ်။

အသက်ဆုံးခံမလား။ ဒါမှမဟုတ် အသက်ရှင်စေ မလား . . . တဲ့။





သိပ်ကိုလှပတဲ့ မေး ခွန်းဖြစ်သလို၊ အခြေအနေမှန်ကို ဥပက္ခာပြုထားတဲ့ ကျွန်တော့် ကို ချောင်ပိတ်ဖမ်းလိုက်တဲ့ မေးခွန်းလည်းဖြစ်ပါတယ်။

''သားစဉ်းစားပါ။ မနက်ကျရင် မင်းမေမေကို လွှတ် လိုက်မယ်။ လိုတဲ့အကူအညီရှိရင်လည်း သူ့ဆီကတောင်းပေါ့''

ဖေဖေကတော့ သူ့မူအတိုင်း တရားဝင် အကူအညီ မပေးဘူးဆိုတဲ့သဘောပေါ့။

အဲဒီနောက် ဖေဖေ နှုတ်ဆက်ပြီး ကျွန်တော့်ရှေ့ ကလှည့်ထွက်သွားပါတယ်။ တိတ်ဆိတ်နေတဲ့ ခန်းမကျယ် ကြီးထဲမှာ ဖေဖေ့ရဲ့ခြေသံဟာ ပွဲတင်ထပ်မြည်ဟိန်းရင်း တဖြည်းဖြည်းတိုးသက်ပျောက်ကွယ်သွားတယ်။

ကျွန်တော်ဟာ တစ်စုံတစ်ရာကြောင့် စိတ်ညှို့ပြုစား ခံထားရတဲ့လူတစ်ယောက်လို အသက်ဝိညဉ်ကင်းမဲ့စွာ ငြိမ် သက်ကျန်ရစ်ခဲ့ပါတယ်။

သားရဲ့ဇနီးသည်အဖြစ် အသက်အဆုံးခံမလား။

ကွာရှင်းလိုက်တဲ့ ဇနီးဟောင်းအနေနဲ့ အသက်ရှင် စေမလား။



www.burmeseclassic.com

www.burmeseclassic.com



ပျောက်နိုင်မလားဆိုတော့ မပျောက်နိုင်ဘူး။ သွေးပျက်စီးမှုကို နှေးကွေးသွားအောင်လုပ်လို့ပဲရမယ်။

ယူ့ကို ဟင်းကောင်းကောင်းတွေ စပါယ်ရှယ်ချက်ကျွေးချင်တယ်။

တရုတ်ပြည်မှာ အဲ့ဒီရောဂါကို ခုနှစ်ဆယ်ရာခိုင်နှုန်းပျောက်အောင်ကုနိုင်တဲ့ ကုထုံးသစ်တစ်မျိုးပေါ်နေပြီတဲ့။

စကားသံတွေက ဝေဝါးနေကြတယ်။ ပြီးတော့လည်းအဲ့ဒီစကားသံတွေက ခြောက်လှန့်နေကြပါတယ်။

ကျွန်တော် ဘာလုပ်သင့်သလဲ။ ဘာကိုဆုံးဖြတ်သင့်ပါသလဲ။

ဖေဖေပြောသလို . . . ကျွန်တော့်ဇနီးသည်အနေနဲ့ ပိုပို့အသက်ကို အဆုံး ခံလိုက်ရမလား။ (ပိုပို့အခြေအနေကကော . . . အဲ့ဒီလောက် ဆိုးဝါးနေပြီလား။)

ဆရာဝန်ကြီးက အရင်အခြေအနေအတိုင်း ပြန်ရောက်ဖို့မျှော်လင့်တယ်လို့ ပြောသွားခဲ့တာပဲ မဟုတ်လား။

ကျွန်တော့်ရဲ့အတွေးတွေက ရှုပ်ထွေးနေကြသလို ကျွန်တော့်ရဲ့ရင်ကိုလည်း တမြည့်မြည့်နဲ့နာကျင်ကိုက်ခဲစေပါ





တယ်။ ကျွန်တော် ဘာကိုဆုံးဖြတ်သင့်ပါသလဲ။ တစ်ယောက်ယောက်ကများ အကြံပေးနိုင်တယ်ဆိုရင်ဖြင့် ကျေးဇူးပြုပြီး အကြံပေးကြစမ်းပါ။

အဲ့ဒီတစ်စုံတစ်ယောက်ရဲ့ အကြံဉာဏ်အတိုင်း ကျွန်တော်လုပ်ဆောင်ဖို့အသင့်ပါပဲ။ ယုတ်စွအဆုံး ကျွန်တော့်နှလုံးသားကို ဆွဲထုတ်ပစ်ရမယ့် အခြေအနေမျိုးရောက်ရင်တောင် ကျွန်တော် တသွေမတိမ်းလိုက်နာပါ့မယ်လို့ ကတိပေးပါတယ်။

ဘာလို့လဲဆိုတော့ . . . ကျွန်တော်ကိုယ်တိုင်ဆုံးဖြတ်ချက်ချဖို့ မဝင့်မရဲဖြစ်နေလို့ပါပဲ။ ကျေးဇူးပြုပြီး တစ်ယောက်ယောက်က တစ်ခုခုကို ကျွန်တော့်ကိုယ်စား ဆုံးဖြတ်ပေးကြပါလေ . . . ။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

အိပ်မက်တွေကို
အရေခွံလဲလို့ရရင်
ကောင်းမယ်။

ဒါမှ . . .
နောင်နှစ်ပေါင်းများစွာ
သူတို့တငွေ
အသက်ရှင်နိုင်ကြမှာပေါ့ . . . ။

◆◆◆

ညဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

( အချိန်ပို / EXTRA TIME)

www.burmeseclassic.com

www.burmeseclassic.com

(၁)

တကယ်လို့များ ကျွန်တော့်မှာ စိတ်ကူးယဉ်ခွင့်ရှိမယ်။

စိတ်ကူးယဉ်တဲ့ အတိုင်းလည်း ဖြစ်လာမယ်ဆိုပါစို့၊ အဲ့ဒါဆိုရင် နောင်နှစ်အနည်းငယ်ကြာတဲ့ တစ်နေ့မှာ . . .

ခုလို အဖြစ်အပျက်မျိုးတစ်ခု အသေအချာကို ဖြစ်ပျက်လာနိုင်ပါတယ်။

အဲ့ဒီနေ့ဟာ ဆောင်းဦးပေါက်ရဲ့ သောကြာနေ့ ဖြစ်နိုင်သလို၊ နွေနှောင်းရာသီရဲ့ တနင်္ဂနွေနေ့ လည်း ဖြစ်နိုင်ပါတယ်။

ညတ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်တွေကြွေကာ လေထန်တဲ့နေ့တစ်နေ့ ဖြစ်နိုင်သလို မိုးအုံ့တဲ့နေ့လည်း ဖြစ်နိုင်တယ်။

အဲ့ဒီနေ့မှာ . . .

◆

နွေနှောင်းရာသီရဲ့ ညနေခင်းအချိန်တွေဟာ လျှင်လျှင်မြန်မြန်ရွေ့လျားနေကြတယ်။

အချိန်တွေမြန်ဆန်လွန်းလို့ နာရီတွေပုံမှန်မှ အလုပ်လုပ်ကြရဲ့လားလို့တောင် ကျွန်တော် သံသယဖြစ်လာရပါတယ်။

ကျွန်တော် မကြာခဏလာရောက်ဖျော်ဖြေရတဲ့ ကလပ်ခန်းမထဲမှာ ကိုရီးယားစတိုင်ဝတ်ဆင်ထားတဲ့ ကောင်မလေးတွေနဲ့ ဟစ်ဟော့စတိုင်ဘောင်းဘီပွပွ၊ တီရှပ်ဖားဖားဝတ်ဆင်ထားတဲ့ ကောင်လေးတွေဟာ မြူးကြွခုန်ပေါက်နေကြတယ်။

နေ . . . သစ် . . . နီ။

နေ . . . သစ် . . . နီ . . . ဆိုပြီး ကျွန်တော့်နာမည်ကိုလည်း သံချပ်တိုင်နေကြတယ်။

ဂွန်ဆီးနားနဲ့ ကျွန်တော်ဟာ စင်ပေါ်ကိုပြေးတက်





ပြီး၊ သီချင်းတွေကို တစ်ပုဒ်ပြီး တစ်ပုဒ် ဆက်တိုက် ဖျော်ဖြေလိုက်တယ်။

စုစုပေါင်း ရှစ်ပုဒ်၊ ကိုးပုဒ်လောက် ဖျော်ဖြေပြီးချိန်မှာတော့ ပရိသတ်ကို နှုတ်ဆက်ပြီး စင်ပေါ်က ပြန်ဆင်းလာခဲ့ကြတယ်။ (နောက်အဖွဲ့ကို အလှည့်ပေးရအုံးမှာမဟုတ်လား။)

ဒါတောင် ပရိသတ်က နေသစ်နီ၊ ဂွန်ဆီးနားဆိုပြီး ဆက်အော်နေသေးတာပါ။

ကျွန်တော်တို့ဆက်ပြီး သီဆိုချင်ပေမယ့်လည်း ရတဲ့အချိန်က စေ့သွားပြီမဟုတ်လား။

ပြီးတော့ . . . ကျွန်တော်တို့နှစ်ယောက်က နောက်ပွဲတစ်ပွဲကို ဆက်ကူးရအုံးမှာပါ။

ဒါကြောင့် . . . ကလပ်ခန်းမထဲက ခပ်သွက်သွက်ထွက်လာခဲ့ကြတယ်။

ခန်းမအပြင်ရောက်တော့ကောင်မလေး တစ်အုပ်က ကျွန်တော်တို့နှစ်ယောက်ကို စာအုပ်ကိုယ်စီနဲ့ ထိုးချိန်ပြီး ဝိုင်းထားလိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့အော်တိုစာအုပ် မှာ လက်မှတ်ထိုးခိုင်းကြတာပါ။

တစ်စုံတစ်ယောက်ရဲ့ သတိပေးမှုကြောင့် လမ်းသွားတိုင်း ဆောင်သွားလေ့ရှိတဲ့ ကျွန်တော့်ရဲ့ဘောလ်ပင်ကိုထုတ်ပြီး၊ လက်မှတ်ထိုးပေးလိုက်တယ်။

ဂျွန်ဆီးနားလည်း လက်မလည်အောင် ထိုးနေရပါတယ်။

ကောင်မလေးတစ်ယောက်က ကျွန်တော့်ကိုမေးတယ်။

''နေသစ်နီတို့ အခွေသစ် ဘယ်တော့ထွက်မှာလဲ''

''သိပ်မကြာခင်ပေါ့''

''အိမ်ထောင်ကော ဘယ်တော့ပြုမှာလဲ''

''ဒါလည်း . . . သိပ်မကြာခင်ပဲ''

''ဟေး''

ကောင်မလေးတွေ တစ်ယောက်တစ်ပေါက် ဝိုင်းအော်ကြပါတယ်။ ကျွန်တော်နဲ့ ဂျွန်ဆီးနားး သူတို့ကို နှုတ်ဆက်ပြီး ဟိုတယ်အပြင်ကို ထွက်လာခဲ့ကြတယ်။

ဉာဏ်ဝင်းစာပေ



ကားရပ်ကွင်းမှာ ဘေးချင်းယှဉ်ရပ်ထားတဲ့ ကားနှစ်စီးဆီ လျှောက်လာရင်း ဂျွန်ဆီးနားက မေးတယ်။

''အခု . . . နောက်ပွဲကို တန်းသွားမှာလား''

''ဒါပေါ့''

''ဒါဆို မင်းသွားနှင့်ကွာ၊ ငါ . . . ငုယင်ချမ်းကို သင်တန်းက ဝင်ခေါ်ပြီးမှ လိုက်လာခဲ့မယ်''

''အိုကေ''

ငုယင်ချမ်းဆိုတာက ဂျွန်ဆီးနားရဲ့ဗီယက်နမ်သူလေးပါ။ သူတို့နှစ်ယောက်ပြီးခဲ့တဲ့လကပဲ လက်ထပ်လိုက်ကြပြီး ကောင်မလေးက အခုမြန်မာစာသင်တန်းတက်နေတယ်။

ဂျွန်ဆီးနားက သူ့ဖေဘာရိတ်ဒေါ့ဂျ်ပစ်ကပ် ကားကြီးပေါ်တက်ပြီး မောင်းထွက်သွားတယ်။

ဒါကြောင့် ကျွန်တော်လည်း ကျွန်တော့်ကားပေါ် တက်လိုက်ပါတယ်။ ကားစက်နှိုးဖို့ သော့တံကို ထိုးလိုက်ချိန်မှာတော့။

ကျွန်တော့်တစ်ကိုယ်လုံး ကျောက်ရုပ်တစ်ရုပ်လို ဆတ်ခနဲ တောင့်တင်းသွားတယ်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှာ ကျွန်တော့်အပြင် တခြားတစ်ယောက်ရှိနေပြီဆိုတာကို ခံစားသိရှိလိုက်လို့ပါ။

အဲ့ဒီတစ်စုံတစ်ယောက်ဟာ ကားနောက်ခန်းထဲမှာ တိတ်တဆိတ်ဝင်ရောက်ပုန်းခိုနေပြီဆိုတာကို မတူကွဲပြားတဲ့ ကိုယ်နံ့တစ်ခုကြောင့် ကျွန်တော် ရိပ်မိလိုက်တယ်။

စပိုင်ဝတ္ထုတွေထဲမှာ ဆိုရင်တော့ ခုလိုဖာတ်ဝင်ခန်းမျိုးဟာ ကားရှေ့ခန်းက ကျွန်တော့်လို ယာဉ်မောင်းသူတွေအတွက် သိပ်ကို အန္တရာယ်များလှတာပေါ့။

ကျွန်တော်ကားစက်နှိုးရင်း နောက်ခန်းဘက်ကို အသံပြုလိုက်တယ်။

''မင်းရှေ့ခန်းမှာ လာစီးမလား ပိုနီတေးလ်''

သက်ပြင်းချသံတိုးတိုးလေးထွက်ပေါ်လာပြီး၊ သူမရှေ့ခန်းကို ရောက်လာတယ်။ ကျွန်တော်ကားကို ခပ်သွက်သွက်မောင်းထွက်ရင်း သူမကိုမေးလိုက်တယ်။

''မင်း ဘယ်တုန်းက ရန်ကုန်ပြန်ရောက်တာလဲ''

''ဒီနေ့ပဲလေ''

''မင်းရဲ့ရောဂါအခြေအနေကော ပို''





''ခုနှစ်ဆယ့်ငါးရာခိုင်နှုန်းပျောက်သွားပြီ။ ကျန်တဲ့ နှစ်ဆယ့်ငါးရာခိုင်နှုန်းကြောင့် နောင်အနှစ်ငါးဆယ်ကြာရင် အသက်အန္တရာယ်ကို ဒုက္ခပေးကောင်းပေးနိုင်တယ်တဲ့''

''နှစ်ငါးဆယ်ကြာမှတဲ့လား''

''ဟုတ်တယ်။ အဲ့ဒီအချိန်ကျတော့ ပို့အသက်လည်း ခုနှစ်ဆယ်ကျော်ပြီလေ''

''ပို့ရဲ့ ကြယ်ခေါင်က သတို့သားလောင်းကော အခြေ အနေ ဘယ်လိုလဲ''

ကျွန်တော့်ရဲ့စိုးရိမ်တကြီးအမေးကို သူမက ရယ်မောတုန့်ပြန်ပါတယ်။

''ပို့ကို ရောဂါသည်မှန်းသိသွားတာနဲ့၊ သူတခြားမိန်းမယူသွားတော့တာပဲ။ ဒါကြောင့် အပါးကစိတ်ဆိုးပြီး၊ စေစပ်ထားတာကို ဖျက်သိမ်းပစ်လိုက်တယ်လေ''

''ဒါဖြင့် . . . ကိုယ်တစ်ခုပြောမယ်''

''ပြောကြည့်''

''ပို ကိုယ့်ကို လက်ထပ်ပါလား။ ဒုတိယအကြိမ်မြောက်ဆိုပါတော့''



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်ရမယ်"

"ဒါပေါ့"

"ကောင်းပြီလေ။ ဒါဖြင့် … ယူပြောတဲ့အတိုင်းလုပ်သင့်လားဆိုတာကို ခေါင်းပန်းလှန်မယ်။ ကားရပ်လိုက်"

ပြောနေစရာတောင်မလိုပါဘူး။

ကျွန်တော် ကားကို လမ်းဘေးထိုးရပ်လိုက်ပါတယ်။ စိတ်ဆိုးလွန်းလို့မဟုတ်ပါဘူး။ သူမရဲ့နှုတ်ခမ်းလေးကို နမ်းချင်လာလို့ပါ။

(နေနော်)



BURMESE CLASSIC .com

www.burmeseclassic.com